# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**စိတ်နှလုံးစင်ကြယ်ချမ်းသာ**

တရားသိသော သူတော်ကောင်းတို့သည် တရားနှင့်ဆိုင်သော ပီတိကိုစားသုံး၍ စိတ်နှလုံးကြည်လင်သန့်ရှင်းပြီး ချမ်းသာစွာနေရ၏။ သူတော်ကောင်းတရား၌လည်း အစဉ်မွေ့လျော်၍နေ၏။ တရား၏အရသာကို ခံစားရသဖြင့် စိတ်နှလုံးသန့်ရှင်းစင်ကြယ်၏။ စိတ်နှလုံးစင်ကြယ်သဖြင့် ချမ်းသာစွာနေရ၏။ ပီတိဟူသမျှတို့တွင် ဓမ္မပီတိသည် အမြတ်ဆုံးဖြစ်၏။ **ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၉)**


၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက် | ၂၀၁၆ ခုနှစ်၊ ဩဂုတ် ၄ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၅)၊ အမှတ် (၃၀၄)


# အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉(၁၉၃၀) ၏ နောက်ဆက်တွဲစာချုပ်နှင့် တိုက်တွန်းချက်အမှတ် ၂၀၃ တို့ကို ရှင်းလင်းဆွေးနွေးရာ လွှတ်တော်ကမှတ်တမ်းတင်

**နေပြည်တော် ဩဂုတ် ၃**



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉(၁၉၃၀)၏ နောက်ဆက်တွဲစာချုပ်နှင့် အဓမ္မခိုင်းစေမှုပပျောက်ရေးအတွက် နောက်ဆက်တွဲလုပ်ငန်းစဉ်များဆိုင်ရာ တိုက်တွန်းချက်အမှတ် ၂၀၃ တို့နှင့် စပ်လျဉ်း၍ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးက အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့(ILO) အစီရင်ခံစာအရ တစ်ကမ္ဘာလုံးတွင်အဓမ္မခိုင်းစေခြင်းခံရသည့် လုပ်သား ၂၁ သန်းခန့်ရှိပြီး အာရှပစိဖိတ်ဒေသတွင် အဓမ္မခိုင်းစေခြင်းခံရသည့် လုပ်သား ၁၁ ဒသမ ၇ သန်းရှိသည်ဟု သိရပါကြောင်း၊ UNFPA အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် ကလေးလုပ်သား ၁ ဒသမ ၆ သန်းခန့်ရှိသည်ကိုလည်းသိရပါကြောင်း၊ အဓမ္မခိုင်းစေခံရခြင်း အခြေအနေများသည် အမြန်ဆုံးရပ်တန့်သင့်ပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အလုပ်သမားဥပဒေနှင့် နိုင်ငံတကာ သဘောတူ စာချုပ်များရှိသော်လည်း မြင်တွေ့နေရသည့် အလုပ်သမားများကို ကြည့်ခြင်းဖြင့် မလုံလောက်သည်ကို သိနိုင်ပါကြောင်း၊ အဓမ္မခိုင်းစေခြင်းများပပျောက်ရန် လုပ်ငန်းခွင်စစ်ဆေးရေးအဖွဲ့များ ထားရှိသင့်ပါကြောင်း၊ ကုန်ထုတ်လုပ်မှုအဆင့်ဆင့်များတွင် အဓမ္မခိုင်းစေခြင်းများကို အရေးယူဆောင်ရွက်နိုင်ရမည်၊

*စာမျက်နှာ ၄ ကော်လံ ၁* ■

# တောင်သမန်အင်း ဦးပိန်တံတား ရေခြောက်လက်မခန့် ကျဆင်း



**မန္တလေး ဩဂုတ် ၃**

ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်ရေကြီးမှုကြောင့် တောင်သမန်အင်းရေမြင့်တက်ခဲ့ရာ ဦးပိန်တံတားနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ ရေကြီးနစ်မြုပ်ခဲ့ပြီး ဩဂုတ် ၃ ရက် ညနေ ၄ နာရီခန့်တွင် အင်းရေသည် ခြောက်လက်မခန့် ကျဆင်းသွားကြောင်း သိရသည်။

တောင်သမန်အင်းရေ ခြောက်လက်မခန့် ကျဆင်းသွားသော်လည်း ဦးပိန်တံတား အလယ်ပိုင်းအခန်းများနှင့် ကန်ပတ်လမ်း၊ ရတနာပုံတက္ကသိုလ်သို့ သွားရာလမ်းတို့၌ ရေများကျော်လျက်

*စာမျက်နှာ ၄ ကော်လံ ၆* ❖

**မှုခင်းကျဆင်းရေးကို အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်း**

ပြည်သူ့လွှတ်တော်၊ စာမျက်နှာ-၇

**အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ ၆၆/၆ ကို နေ့ချင်းပြီး အခမဲ့ဆောင်ရွက်ပေးလျက်ရှိ**

အမျိုးသားလွှတ်တော်၊ စာမျက်နှာ-၇

**တရုတ်နိုင်ငံတောင်ပိုင်း ဟူနန်ပြည်နယ်တွင် သည်းထိတ်ရင်ဖို ဖန်သားလျှောက်လမ်းသစ်ဖွင့်**

စာမျက်နှာ-၁၀


KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘာ့ဇာတ်

# လူထုအစိုးရသစ်စီးပွားရေးမူဝါဒ၏ ပွဲတင်သံများ

လူထုအစိုးရသစ်၏ စီးပွားရေးမူဝါဒ ၁၂ချက် ထွက်ပေါ်လာသည့်အခါ တုံ့ပြန်ဝေဖန်သံများ (တစ်နည်းဆိုသော်) ပွဲတင်သံများကို မြင်တွေ့ကြားသိနေရပါသည်။ လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကုန်ထုတ်လုပ်ငန်းကဏ္ဍတို့အကြား ဟန်ချက်ညီဘက်စုံတိုးတက်ရေးကို မူဝါဒအဖြစ်ချမှတ်ထားခြင်းကို ကြိုဆိုကြပါသည်။ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ ချမှတ်ထားသည်ကိုလည်း ကျေနပ်အားရဖြစ်ကြပါသည်။ ဤသို့သော ကျေနပ်အားရမှုတို့ ရှိသည့်နည်းတူ တုံ့ပြန်ဝေဖန်မှုများလည်း ရှိနေပါသည်။ အဆိုပါတုံ့ပြန်ဝေဖန်သံများ၌ အထင်ရှားဆုံးမှာ လူထုအစိုးရ၏ စီးပွားရေးမူဝါဒ ၁၂ ချက်သည် ယေဘုယျဆန်လွန်းသည်ဆိုသော အချက်ဖြစ်ပါသည်။ ဤနေရာ၌ လူထုအစိုးရသစ်၏ စီးပွားရေးမူဝါဒ ၁၂ ချက်သည် အဘယ်ကြောင့်ယေဘုယျဆန်နေသည်ကို သုံးသပ်ရန်လိုအပ်လာပါသည်။

ပစ္စုပ္ပန်သည် အတိတ်မှ မွေးဖွားပေးလိုက်သည်ဖြစ်၍ ပစ္စုပ္ပန်စီးပွားရေးမူဝါဒများအား နားလည်နိုင်ရန် အတိတ်သမိုင်းကို ပြန်လှန်သုံးသပ်ရန်လိုအပ်လာပါသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၌ ပါတီခေါင်းဆောင်များနှင့်အစိုးရအဖွဲ့၏ စိတ်တော်သိဗောင်းတော်ညိတ်မူဝါဒများကို ရေးဆွဲရသည်ဖြစ်၍ ပကတိအချက်အလက်မှန်များ မေးမှိန်ပျောက်ကွယ်လျက် တလွဲတချော် စီးပွားရေးစီမံကိန်းများသာ ထွက်ပေါ် ခဲ့ပါသည်။ တပ်မတော်က တိုင်းပြည်ကိုအုပ်ချုပ်ခဲ့သော ခေတ်ကာလ၌ ရေတို၊ ရေရှည် စီးပွားရေးစီမံကိန်းများရေးဆွဲခဲ့သော်လည်း ကြက်ဆူဆီကဲ့သို့သော နိုင်ငံရေးရည်မှန်းချက်ကဲသည့် စီးပွားရေးစီမံကိန်းတို့ကသာ အများစုဖြစ်နေသည်ကို တွေ့ရပါသည်။ ဆိုလိုသည်မှာ ၁၉၆၂ ခုနှစ်မှာ ၂၀၁၀ ပြည့်နှစ်ထိ ကာလအတွင်း စီးပွားရေးကိန်းဂဏန်း အချက်အလက်တို့သည် နိုင်ငံရေးရည်မှန်းချက်တို့၏ အရှိန်သြဇာအောက်၌ မေးမှိန်ပျောက်ကွယ်လွဲချော်ခဲ့ကြပါသည်။

လူထုအစိုးရသစ်၏ တာဝန်ရှိပုဂ္ဂိုလ်များသည် တိုင်းပြည်၏ ဤအတိတ်သမိုင်းအခြေအနေကိုသိပြီးဖြစ်သော်လည်း စီးပွားရေးမူဝါဒကို တာဝန်သိသိချမှတ်မည်ဟု ပိုင်းဖြတ်သုံးသပ်သောအခါ စီးပွားရေးကိန်းဂဏန်းအချက်အလက်တို့ကို ဖြစ်နိုင်သမျှ တိတိကျကျသိရှိရန် လိုအပ်လာပါသည်။ ယန္တရားအသီးသီး၏ ပကတိအခြေအနေမှန်ကို ဆန်းစစ်ရန် လိုအပ်ပါသည်။ ဤအခြေခံအကြောင်းအချက်တို့သည် လူထုအစိုးရသစ်၏ စီးပွားရေးမူဝါဒများကို ထုတ်ပြန်ကြေညာရန် အချိန်ယူခဲ့ရသည့် အကြောင်းရင်းများ ဖြစ်ပါသည်။ စီးပွားရေးပညာရှင် **Sean Turnell** က လူထုအစိုးရသစ်၏ စီးပွားရေးမူဝါဒကိုင်တွယ်ပုံသည် ရင်ခုန်စိတ်လှုပ်ရှားစရာမကောင်းသော်လည်း ဖြည်းဖြည်းမှန်မှန်နှင့် အကောင်းဆုံးသော နည်းလမ်းဖြစ်သည်ဟု ရည်ညွှန်းဖော်ပြထားပါသည်။ **Sean Turnell** က စီးပွားရေးပြုပြင်ပြောင်းလဲမှုများအား ပွဲကိုင်ဖော်ဆောင်နိုင်ရေးအတွက် အဖွဲ့အစည်းသစ်များ ထူထောင်လည်ပတ်နေသည်ကို ထောက်ပြခဲ့ပြီး နိုင်ငံတော်အဆင့်စီးပွားရေးညှိနှိုင်းရေးကော်မတီတစ်ရပ် ဖွဲ့စည်းခဲ့ခြင်းအပေါ် ကျေနပ်အားရမှုရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ **Sean Turnell** က တိုင်းပြည်၏ အခွန်ဘဏ္ဍာကဏ္ဍမူဝါဒ၌ အကောက်ခွန်စနစ် ပြုပြင်ပြောင်းလဲရေးပါ တစ်ပါတည်းထည့်သွင်းထားသည်ကို ထောက်ပြခဲ့ပါသည်။ ဤသို့အကောက်ခွန်စနစ် လွယ်ကူရှင်းလင်းရေးကို ဦးတည်ထားသည့်ပြုပြင်ပြောင်းလဲမှုများက ကုန်သွယ်ရေးအရှိန်အဟုန်မြှင့်တင်ပေးမည်ဟု **Sean Turnell** က တွက်ဆပြထားပါသည်။

ဘဏ္ဍာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်၍ **Sean Turnell** ထောက်ပြထားသည့်အချက်များမှာ အလေးအနက်ထားသုံးသပ်ရမည့်ကိစ္စရပ်များဖြစ်ပါသည်။ နိုင်ငံတော်ဘဏ်များအား အသေးစိတ်သုံးသပ်လေ့လာပြင်ဆင်ခဲ့သည်၊ ကျေးလက်ဖွံ့ဖြိုးရေး ရန်ပုံငွေ မြှင့်တင်ထားသည်၊ ချေးငွေစည်းမျဉ်း စည်းကမ်းတို့ကို လျှော့ပေါ့ထားသည်၊ အသေးစားချေးငွေတို့ကို မြှင့်တင်ထားသည်၊ နိုင်ငံတကာ ဘဏ်လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ရန်ပြင်ဆင်ထားသည်၊ အာမခံကဏ္ဍကျယ်ပြန့်ခိုင်မာရေးကို ဦးတည်ထားသည် စသည့်စသည့်အချက်များကြောင့် မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံလိုသော နိုင်ငံတကာလုပ်ငန်းရှင်များ၏ ထိပ်တန်းဦးစားပေးနိုင်ငံစာရင်းတွင် မကြာမီပါဝင်လာမည်ဟု **Sean Turnell** က ခန့်မှန်းထားပါသည်။ ခြုံငုံတင်ပြရပါက လူထုအစိုးရသစ်၏ စီးပွားရေးမူဝါဒ ၁၂ ချက်သည် အပေါ်ယံအားဖြင့် ယေဘုယျဆန်သည်ဟု ထင်ရသော်လည်း ပူးတွဲချိတ်ဆက်ပါလာမည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အရပ်ရပ်တို့ကြောင့် မြန်မာနိုင်ငံသည် အနေးနှင့်အမြန် စီးပွားရေးဖွံ့ဖြိုးမှုလမ်းကြောင်းပေါ် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်မည် ဖြစ်ပါသည်။ ။




## ကျေးရွာမြေငှားဂရန်များ ဓနုဖြူမြို့နယ်၌ ပေးအပ်

**ဓနုဖြူ ဩဂုတ် ၃**

ဓနုဖြူမြို့နယ် သပြုကျေးရွာအုပ်စု ကဇင်းတောကျေးရွာ ကဇင်းတောဓမ္မာရုံ၌ ဇူလိုင် ၂၈ ရက်က ကျေးရွာမြေငှားဂရန်များပေးအပ်ပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမင်းသူက ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရန်အတွက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားခြင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းဝေက မြေငှားဂရန်နှင့် ပတ်သက်သည်များ ပြောကြားခဲ့သည်။

**ခင်သန္တာထွေး(ပြန်/ဆက်)**

### ထင်သာမြင်သာပြုပြင်စရာ

## သီပေါမြို့တွင် နွားများစည်းကမ်းမဲ့လွှတ်ကျောင်းနေမှုကို တားမြစ်ပေးစေလို

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ လူစည်ကားရာဖြစ်သော မဟာမြတ်မုနိဘုရားကြီးသွားရာ မိုင်းပွန်လမ်းနှင့် မြတ်လေးလမ်းတို့တွင် နွားမွေးမြူသူအချို့က နွားများကို စည်းကမ်းမဲ့လွှတ်ကျောင်းနေသဖြင့် မော်တော်ယာဉ်နှင့် လမ်းသွားလမ်းလာများ အခက်အခဲဖြစ်လျက်ရှိသည်ကို တွေ့မြင်နေရသည်။

ယခုကဲ့သို့ မြို့တွင်း၌ နွားများလွှတ်ကျောင်းနေသဖြင့် ကားလမ်းမပေါ်တွင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များသွားလာမှုခက်ခဲနေပြီး ယာဉ်အန္တရာယ်များ ဖြစ်ပွားနိုင်ကြောင်း၊ ကျောင်းသားကျောင်းသူများ ကျောင်းတက်ကျောင်းဆင်းချိန်တွင် ကလေးများအတွက် စိုးရိမ်စရာဖြစ်နေခြင်းကြောင့် မြို့တွင်းနွားများ စည်းကမ်းမဲ့လွှတ်ကျောင်းနေခြင်းကို တာဝန်ရှိသူများက တားမြစ်ပေးရန် ကျောင်းသားမိဘများက လိုလားလျက်ရှိကြောင်း သိရသည်။



**စိုင်း(သီပေါ)**



## ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေး

**ဖြူး ဩဂုတ် ၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ကျန်းမာရေးဦးစီးဌာနကကြီးမှူး၍ မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ခြောက်လမှ ငါးနှစ်အောက်ကလေးသူငယ်များနှင့် နှစ်နှစ်မှ ငါးနှစ်ကလေးသူငယ်များအား ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေးခြင်း၊ အာဟာရမှုန့်များ အခမဲ့ဖြန့်ဝေခြင်းတို့ကို ဩဂုတ်လပထမပတ်မှစတင်၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာတွင် ဩဂုတ် ၂ ရက် နံနက်ပိုင်းက ဖြူးမြို့ဈေးရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ အဆိုပါကလေးသူငယ် ၃၂ ဦးတို့အား ကျန်းမာဝဖြိုးစေရေးအတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမများက လာရောက်တိုက်ကျွေးကြပြီး အာဟာရမှုန့်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဖြူးမြင့်ဦး**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၃-၈-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၅၉၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၈၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၆.၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၅.၅၃ |
| ထိုင်း | တစ်ဘတ် | ၃၄.၁၂၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၈၀၈ |
| တရုတ် | တစ်ယွမ် | ၁၇၈.၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၄.၀၇ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
| --- | --- |
| (၁) ဦးခင်မောင်ထွန်း<br>အထွေထွေမန်နေဂျာ<br>မြန်မာ့စာတိုက်လုပ်ငန်း<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၂) ဒေါက်တာဒေါ်သီတာဦး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေး<br>ဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

## မုတ်သုံလေ အားအလွန်ကောင်းနေ

**နေပြည်တော် ဩဂုတ် ၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားကမ်းခြေနှင့် ဩရိဿမြောက်ပိုင်း ကမ်းခြေတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံကုန်းတွင်းသို့ ရွေ့လျားဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ထပ်မံဖြစ်ပေါ်နေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။ **(မိုး/ဇလ)**



# ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် နော်ဝေနိုင်ငံမှ ပါဝင်ကူညီပေးနေမှု ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး မစ္စ အန်အိုလီစတန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် နော်ဝေနိုင်ငံမှ ပါဝင်ကူညီပေးနေမှုနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပါဝင်ဆောင်ရွက်နေမှုကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် အမေရိကန်နိုင်ငံ ဘဏ္ဍာရေးဌာန လက်ထောက်အတွင်းဝန် Mr. Daniel L. Glaser ဦးဆောင်သောအဖွဲ့အား ယနေ့ နံနက် ၁၀နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ သံတမန်ခန်းမ၌ တွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ပါဝင်ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေမူဘောင်များ၊ ကြိုးပမ်းဆောင်ရွက်ချက်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ ငွေကြေးခဝါချမှုဆိုင်ရာ မှုခင်းများတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ပါဝင်ဆောင်ရွက်နေမှုများ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးသည်။ **(သတင်းစဉ်)**

# ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် ရဲတပ်ဖွဲ့၏ အခန်းကဏ္ဍများနှင့်စပ်လျဉ်း၍ နှီးနှောဖလှယ် (နှီးယှဉ်) လေ့လာခြင်း အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လုံခြုံရေးနှင့် မူဝါဒဆိုင်ရာ တိုးတက်ဖော်ဆောင်မှုအဖွဲ့အစည်း (Institute for Security and Development Policy -ISDP)တို့ ပူးပေါင်းဆောင်ရွက်သည့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များတွင် ရဲတပ်ဖွဲ့၏ အခန်းကဏ္ဍများနှင့်စပ်လျဉ်း၍ နှီးယှဉ်လေ့လာခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော် Kempinski Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး HE. Ito Sumardi၊ EU ကိုယ်စားလှယ် Mr. Manuel De Riviera၊ ISDP မြန်မာနိုင်ငံမန်နေဂျာ Ms. Sophie Butcherတို့က အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲအရာရှိကြီး ၃၃ ဦး အပါအဝင် စုစုပေါင်း ၆၅ ဦး တက်ရောက်ခဲ့သည်။ **(ယာပုံ)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ISDP တို့ ပူးပေါင်းဆောင်ရွက်၍ မတ် ၁၈ ရက်တွင် နေပြည်တော်၌ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့်ပတ်သက်၍ အပစ်အခတ်ရပ်စဲရေး၊ လေ့လာစောင့်ကြည့်ခြင်း၊ အကောင်အထည် ဖော်ဆောင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ (Workshop on Ceasefire Monitoring and Implementation)ကို ကျင်းပခဲ့ပြီး ယခု ဒုတိယအကြိမ် ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ပါဝင်သော အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ အသိအမြင် တိုးတက်စေရန် ငြိမ်းချမ်းရေး ဖော်ဆောင်မှုများတွင် အခြားနိုင်ငံများ၏ အောင်မြင်သော လုပ်ငန်းစဉ်များ နှီးယှဉ်လေ့လာခြင်း၊ ထောက်ခံအားပေးသူများ၏ အခန်းကဏ္ဍ၊ ရဲတပ်ဖွဲ့ဝင်များ၏ တရားဥပဒေစိုးမိုးရေးအခန်းကဏ္ဍ၊ ဆက်သွယ်ဆောင်ရွက် မှုများ၊ ယုံကြည်မှုတည်ဆောက်ခြင်းတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးသွားမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



# (ကြည်း၊ ရေ၊ လေ) မိသားစုမှ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်း

**ညောင်ဦး ဩဂုတ် ၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ညွှန်ကြားမှုဖြင့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုမှ ညောင်ဦးမြို့နယ် အရှေ့ဆယ်လံကျေးရွာ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်း စားနပ်ရိက္ခာများကို ဩဂုတ် ၃ ရက် ညနေ ၄ နာရီခွဲက တောင်ဘီလယ်ယားကျေးရွာ ကမ္ဘုန်းကြီးကျောင်း၌ လှူဒါန်းခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းဘိုရှိန်နှင့် ကျောက်ပန်းတောင်းတပ်နယ်မှူး ဗိုလ်မှူးချုပ်သိန်းဝင်းတို့က ရေဘေးသင့်အိမ်ထောင်စုများအတွက် စားနပ်ရိက္ခာများ ပေးအပ်သည်။

အဆိုပါ လှူဒါန်းမှုသည် ညောင်ဦးမြို့နယ် တောင်ဘီကျေးရွာရှိ ကမ္ဘ၊ မြို့ထောင့်၊ နတ်ထောင့်၊ ရတနာမာန်အောင်၊ ရွှေကျောင်း၊ မြသီတာစသည့် ဘုန်းကြီးကျောင်းများတွင် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ဆယ်လံကျေးရွာ ရေဘေးသင့်အိမ်ထောင်စု ၃၂၀ လူဦးရေ ၁၃၂၃ ဦးတို့အတွက် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# ရထားရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးဖမ်းဆီးရမိသည့် တပ်ဖွဲ့ဝင်များအားဂုဏ်ပြု

**နေပြည်တော် ဩဂုတ် ၃**

ရထားရဲတပ်ဖွဲ့မှရက်ပေါင်း ၁၀၀ အတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့်ပတ်သက်၍ ဘူတာယာဒ်ဝင်းနှင့် ရထားများပေါ် တွင် ပိတ်ဆို့ရှာဖွေမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၇ ရက်က အမှတ်(၁၃၂)အစုန် လားရှိုး-မန္တလေးရထားပေါ်မှ ဘိန်းဖြူဆပ်ပြာခွက် ၁၁၀ နှင့် အလေးချိန် ၁၂၁၀ ဂရမ်ခန့်အား ရထားလုံခြုံရေးတပ်ဖွဲ့ဝင် ရဲဒုတပ်ကြပ် ထွန်းထွန်းဝင်းနှင့် အဖွဲ့က ရှာဖွေဖမ်းဆီးရမိခဲ့သည်။

မူးယစ်ဆေးဝါးများ ရှာဖွေတွေ့ရှိခဲ့သည့် ရထားလုံခြုံရေးတပ်ဖွဲ့ဝင် လေးဦးကို ဩဂုတ် ၃ ရက်တွင် နေပြည်တော် ရထားတပ်ဖွဲ့မှူးရုံး၌ ဆုချီးမြှင့်ပွဲကျင်းပခဲ့ရာ ရထားရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်နေဝင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုရတပ်ဖွဲ့ဝင် လေးဦးကို တပ်ဖွဲ့မှူး၏ အမှုထမ်းကောင်းလက်မှတ်နှင့် ဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မျိုးဇေယျာ(ပျဉ်းမနား)**

■ *ရှေ့ဖုံးမှ*

တားမြစ်နိုင်ရမည်ဖြစ်ကြောင်း၊ အဓမ္မခိုင်းစေခြင်းများ ပပျောက်ရန် အသိပညာပေးလုပ်ငန်းများကို ကျယ် ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေးက မြန်မာနိုင်ငံသည် ILO သို့ ၁၉၄၈ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ရောက်ခဲ့ပြီး ILO ၏ လူ့အခွင့်အရေးဆိုင်ရာ ဆက်သွယ်သော အဓိကပြဋ္ဌာန်းချက်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉(၁၉၃၀) သို့ ၁၉၅၅ ခုနှစ်တွင် ဝင်ရောက်ခဲ့ပါကြောင်း၊ ယင်းပြဋ္ဌာန်းချက်သည် ၁၉၃၂ ခုနှစ် မေ ၁ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး ဂျီနီဗာ၌ ကျင်းပခဲ့သည့် (၁၀၃) ကြိမ်မြောက် ညီလာခံမှ နောက်ဆက်တွဲစာချုပ်အမှတ် ၂၉ (Protocol 29 ) 2014 ဖြင့် ဖြည့်စွက်ခဲ့ပါကြောင်း၊ အဓမ္မခိုင်းစေမှုများပပျောက်ရန် တားဆီးခြင်း၊ ကုစားခြင်း၊ ကာကွယ်ခြင်း၊ လျော်ကြေးပေးခြင်း၊ ပြန်လည်ထူထောင်ခြင်း စသည့်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ကူညီပံ့ပိုးရမည်ဖြစ်ကြောင်း၊ အဓမ္မအလုပ်ခိုင်းစေမှု သို့မဟုတ် စည်းကမ်းချမှတ်ချက်အရ မလုပ်မနေရသည့် အလုပ်များကို ထိရောက်စွာ နှိမ်နင်းနိုင်ရေးကို မဖြစ်မနေလုပ်ဆောင်ရန် လိုအပ်လာပါကြောင်း၊ အဓမ္မခိုင်းစေမှုများ လုံးဝပပျောက်စေရန် ကြိုးပမ်းနေမှုများ၊ အဓမ္မခိုင်းစေမှုအန္တရာယ်အတွင်းသို့ မထင်မှတ်ဘဲ ကျရောက်နိုင်သည့်ဘေးမှ လွတ်ကင်းရန်အစီအမံများ ချမှတ်နိုင်ရေး၊ အဓမ္မခိုင်းစေရန် လူကုန်ကူးနေသည့် အခြေအနေများကို အဆုံးသတ်ပေးမည့် ကောင်းမွန်သည့်လုပ်နည်း လုပ်ဟန်များ ဖော်ဆောင်လာစေရေး၊ မိမိတို့၏တရားမဝင်အနေအထားကြောင့် အဓမ္မအလုပ်ခိုင်းစေရန် လူကုန်ကူးမှုခံရမှုအန္တရာယ်နှင့် ရင်ဆိုင်နေရလေ့ရှိသူများနှင့် ရွှေ့ပြောင်းအလုပ်သမားများကို ကာကွယ်နိုင်ရေးတို့အတွက် နောက်ဆက်တွဲစာချုပ် p-29 နှင့် တိုက်တွန်းချက်အမှတ် R- 203 တို့ကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်အသိအမှတ်ပြုခြင်းသည် အကောင်းဆုံးသောခြေလှမ်းဖြစ်ကြောင်း ဆွေးနွေးသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ILO အဖွဲ့ဝင်နိုင်ငံများအလိုက် အတည်ပြုလိုက်နာထားသည့် ILOပြဋ္ဌာန်းချက် (Convention) များကို မဖြစ်မနေ လိုက်နာအကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အလုပ် သမားအဖွဲ့၏ လူ့အခွင့်အရေးနှင့် ဆက်နွှယ်သည့် ပြဋ္ဌာန်းချက် ရှစ်ခုအနက် တစ်ခုအပါအဝင်ဖြစ်သည့် အဓမ္မစေခိုင်းမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉(၁၉၃၀) ကို ၁၉၅၅ ခုနှစ်တွင် စတင်လက်ခံကျင့်သုံးခဲ့ပါကြောင်း။

အတည်ပြု ဝင်ရောက်ထားသည့် ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းသည့် တိုက်တွန်းချက်များကို ပြဋ္ဌာန်းချက် အကောင်အထည်ဖော်ရာတွင် လမ်းညွှန်အဖြစ်အသုံးပြုရမည်ဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ကျင်းပခဲ့သည့် (၁၀၃) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမား ညီလာခံက အဓမ္မခိုင်းစေမှုပြဋ္ဌာန်းချက်အမှတ် ၂၉(၁၉၃၀)ကို အကောင်အထည် ဖော်ရာ၌ လစ်ဟာမှုများတွေ့ရှိရ၍ ဆောင်ရွက်ချက်များ ထပ်မံဖြည့်စွက်ရန် လိုအပ်လာသည်ကို သတိပြုမိသည်ဟု ဆိုကာ အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ (၁၉၃၀)၏ နောက်ဆက်တွဲစာချုပ်နှင့် အဓမ္မခိုင်းစေမှု ပပျောက်ရေးအတွက် နောက်ဆက်တွဲ လုပ်ငန်းစဉ်များဆိုင်ရာ တိုက်တွန်းချက်အမှတ် ၂၀၃ တို့ကို အတည်ပြုချမှတ်ခဲ့ပါကြောင်း။

တိုက်တွန်းချက်အမှတ် ၂၀၃ သည် အတည်ပြုဝင်ရောက်ထားသည့် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ (၁၉၃၀)ကိုအကောင်အထည်ဖော်ရာတွင် လမ်းညွှန်အဖြစ် အသုံးပြုနိုင်ရေးအတွက်သာဖြစ်ပြီး အတည်ပြုဝင်ရောက်ရန် မလိုအပ်ကြောင်း တိုက်တွန်းချက်အမှတ် ၂၀၃ ကို ဥပဒေပြုရေးဆောင်ရွက်ရာ သို့မဟုတ် အခြားကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် လွှတ်တော်၌ မှတ်တမ်းတင်ရမည်ဖြစ်ပြီး မှတ်တမ်းတင်ပြီးကြောင်းကို ILO သို့အကြောင်းပြန်ကြားရမည်ဖြစ်ကြောင်း။

အတည်ပြုချမှတ်ခဲ့သည့် နောက်ဆက်တွဲစာချုပ်တွင် အဓမ္မခိုင်းစေမှုများကို တားဆီးတိုက်ဖျက်ရေး၊ လျော်ကြေးပေးခြင်းကဲ့သို့သော ထိရောက်သည့်နည်းလမ်းဖြင့် အကာအကွယ်ပြုရေး၊ အဓမ္မခိုင်းစေမှု ကျူးလွန်သူများအား အပြစ်ပေးအရေးယူနိုင်မည့် ထိရောက်သော အစီအစဉ်များနှင့် အဓမ္မခိုင်းစေမှုကို ကာကွယ်တားဆီးနိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ရေး၊ အဖွဲ့ဝင်နိုင်ငံတိုင်းသည် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ပြီး အဓမ္မခိုင်းစေမှုတိုက်ဖျက်ရေးအတွက် နိုင်ငံတော်မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တစ်ရပ်ရေးဆွဲရေးတို့ကို ဖော်ပြထားပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ (၁၉၃၀) ကို အတည်ပြုဝင်ရောက်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်ရေးကို ဆောင်ရွက်လျက်ရှိရာ နောက်ဆက်တွဲစာချုပ်သို့ အတည်ပြုဝင်ရောက်ခြင်း မပြုသေးဘဲ လွှတ်တော်သို့ တင်သွင်းမှတ်တမ်းတင်ပြီး ILO သို့ အကြောင်းပြန်ကြားရမည်ဖြစ်ကြောင်း။

(၁၀၃) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံက အတည်ပြုချမှတ်ခဲ့သည့် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ ၏ နောက်ဆက်တွဲစာချုပ်နှင့် တိုက်တွန်းချက်အမှတ် ၂၀၃ တို့ကို ILO အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ တာဝန်ရှိမှုအနေဖြင့် မှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်းရှင်းလင်းဆွေးနွေးရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် အာဆီယံ-အိန္ဒိယ ဗဟိုဌာန တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ၌ မြန်မာနိုင်ငံ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယက က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများ ကျင်းပ

# အာဆီယံရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၃**

(၄၈)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း တက်ရောက်သည်။ **(ယာပုံ)**



Don Chan Palace ဟိုတယ်၌ ဩဂုတ် ၂ ရက်က ကျင်းပသည့် အာဆီယံစီးပွားရေးဝန်ကြီးများ၏ အလုပ်သဘောညစာစားပွဲ၌ အကြိမ်(၃၀)မြောက် အာဆီယံ စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့အစည်းအဝေး၏ အစီရင်ခံစာပါ ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ၂၀၁၅ ခုနှစ်အလွန် အာဆီယံစီးပွားရေး အသိုက်အဝန်း အကောင်အထည်ဖော်ရေးလုပ်ငန်းတို့နှင့် ပတ်သက်သည့် ထောက်ခံအကြံပြုချက်များ၊ ဆက်လက်ကျင်းပမည့် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၏ အစည်းအဝေးများအတွက် ကြိုတင်ပြင်ဆင်ရန် ကိစ္စများအပေါ် ပြည်ထောင်စုဝန်ကြီးက အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

ဩဂုတ် ၃ ရက် နံနက်ပိုင်းတွင် Don Chan Palace ဟိုတယ်ပထမထပ်၌ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်အား အခြားအာဆီယံစီးပွားရေး ဝန်ကြီးများ၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီဝန်ကြီးများ၊ အာဆီယံ ရင်းနှီးမြှုပ်နှံမှုဒေသကောင်စီဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်တို့နှင့်အတူ တွေ့ဆုံခဲ့ပြီး (၄၈)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် အကြိမ်(၃၀) မြောက် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီ အစည်းအဝေး၊ (၁၉)ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသကောင်စီ အစည်းအဝေးနှင့် (၄၈) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိများက ဝန်ကြီးများထံ တင်ပြသည့် အစီရင်ခံစာပါ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ အကောင်အထည် ဖော်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ ၂၀၁၅ ခုနှစ်အလွန် အာဆီယံစီးပွားရေး အသိုက်အဝန်း အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်းသည့် ဖြစ်ပေါ်တိုးတက်မှုများအပေါ် အမြင်ချင်းဖလှယ်ကြပြီး ရှေ့ဆက်ဆောင်ရွက်ရန်ကိစ္စများကို ပါဝင်ဆောင်ရွက်သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးသည် အခြားအာဆီယံ စီးပွားရေးဝန်ကြီးများနှင့်အတူ ၂၀၁၆ ခုနှစ် လာအိုနိုင်ငံ အာဆီယံဥက္ကဋ္ဌတာဝန်ယူစဉ် ဆောင်ရွက်မည်ဟု ချမှတ်ထားခဲ့သော အာဆီယံ စီးပွားရေးအသိုက်အဝန်း အကောင်အထည်ဖော်မှုကို အထောက်အပံ့ ဖြစ်စေမည့် လုပ်ငန်းများနှင့် လာအိုနိုင်ငံ၏ Landmark အဖြစ် အကောင်အထည်ဖော်မည့် လုပ်ငန်းများအပေါ် အသိအမှတ်ပြုသည်။

ပြည်ထောင်စုဝန်ကြီးသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးနှင့် အာဆီယံ-အမေရိကန်စီးပွားရေးကောင်စီဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့တို့အား လက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်စေရေးတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စများကို ဆွေးနွေးသည်။

(၄၈)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဩဂုတ် ၂ ရက်မှ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

❖ *ရှေ့ဖုံးမှ*

ရှိသေးကြောင်း သိရသည်။

"ရေက ဒီနေ့ခြောက်လက်မလောက်ကျသွားတယ်။ ဒါပေမယ့် တံတားနဲ့ လမ်းတွေပေါ်မှာ ရေက ဆက်လက်ကျော်နေတုန်းပဲ၊ ကျေးရွာတွေနဲ့ ရပ်ကွက်တွေလည်း အင်းရေကျတော့ ရေပါလိုက်ကျတယ်။ ဒီပုံစံအတိုင်း ဆက်ကျသွားမယ်ဆို မနက်ဖြန်လောက်တော့ တံတားပေါ်ရေရှိမှာ မဟုတ်လောက်တော့ဘူး"ဟု တောင်သမန်အင်းရေအား နေ့စဉ်သွားရောက် ကြည့်ရှုနေသူ အမရပူရမြို့ခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။

မြစ်ရေတိုးမှုနှင့် အင်းရေမြင့်တက်မှုကြောင့် ရေကြီးနစ်မြုပ်ခဲ့သည့် ရပ်ကွက်နှင့် ကျေးရွာများမှ ရေဘေးသင့်ပြည်သူများ ကို အမရရွှေကူပရဟိတလူမှုကူညီရေးအသင်းက ဆန်နှစ်ပြည်အိတ်နှင့်ရေသန့်ဘူးများကို တရုတ်တန်းလေးရပ် အိမ်ထောင်စုဦးရေ ၁၂၀၊ တရုတ်တန်းကြီးရပ် ၁၀၁ ဦး၊ ဖန်ချက်ရပ် ၁၄၅ဦးတို့ကို ဝေငှခဲ့ပြီး ရွှေကြက်ယက်ကျေးရွာအုပ်စု၌ သောက်သုံးရေသန့်များ၊ သုံးရေများကို အဆိုပါအသင်းမှ နေ့စဉ်ပေးအပ်လှူဒါန်းလျက်ရှိသကဲ့သို့ အခြားစေတနာရှင်များကလည်း ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ပြန်/ဆက်)**

❒ *ကျောဖုံးမှ*

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက အမည်မည်းစာရင်းကို ထပ်မံပယ်ဖျက်နိုင်ရန်လည်း စိစစ်လျက်ရှိပါကြောင်း၊ အမည်မည်းစာရင်းတွင် နိုင်ငံရေးအရ အစိုးရကို အကြည်ညိုပျက်အောင် လုပ်သူများ၊ စီးပွားရေးအရ အမည်ပျက်ရှိသူ ပြည်တွင်းပြည်ပပုဂ္ဂိုလ်များ ပါဝင်လျက်ရှိပြီး နိုင်ငံရေးနှင့်သက်ဆိုင်သည့် လူပုဂ္ဂိုလ်များကို ဦးစားပေးပယ်ဖျက်နေခြင်း ဖြစ်ပါကြောင်း၊ စီးပွားရေးအရအမည်ပျက်ရှိသူများနှင့် အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့မှ အလိုရှိသူများကိုမူ ပယ်ဖျက်ပေး၍မရကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံတွင် အမည်ပျက်စာရင်းဝင် အရေအတွက်မည်မျှရှိကြောင်းကို အတိအကျပြောကြားနိုင်ခြင်း မရှိသေးဘဲ ဥပဒေအရ နိုင်ငံတော်အစိုးရသို့ ပညာသင်ကြားမှု လျော်ကြေးပေးချေခြင်းမရှိဘဲ နိုင်ငံခြားသို့ တရားမဝင်သွားရောက်နေထိုင်သော ပညာရှင်များပါ ပါဝင်နေပြီး ၎င်းတို့အနေဖြင့် နိုင်ငံတော်မှ သတ်မှတ်ထားသော ပညာသင်လျော်ကြေး ပြန်လည်ပေးလျော်ရုံဖြင့် အမည်မည်းစာရင်းမှ ကင်းလွတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ

အမေရိကန်နိုင်ငံသားခံယူထားသည့် ၈၈ မျိုးဆက် ကျောင်းသားဟောင်း ဦးမောင်မောင်ဝမ်းကိုလည်း အမည်မည်းစာရင်းကနေ ပယ်ဖျက်လိုက်ကြောင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းချက်အရ ယမန်နေ့ညတွင် ပြည်ဝင်ခွင့်ပေးလိုက်ကြောင်း ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောသည်။

"အစိုးရသစ်လက်ထက်မှာ ရက် ၁၀၀ စီမံချက်အနေနဲ့ ဝန်ကြီးဌာနအသီးသီးက ဝန်ထမ်းဟောင်းများအနက် နိုင်ငံရေးအရ နာမည်ပျက်စာရင်း အသွင်းခံထားရသူတွေရှိပါက ဌာနအလိုက် စာရင်းတင်ပြကြရန် ညွှန်ကြားထားပြီး အမည်မည်းစာရင်းမှပယ်ဖျက်မှုကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ညွှန်ကြားချက်၊ ခွင့်ပြုချက်အရပယ်ဖျက်ခဲ့ခြင်းဖြစ်ပါတယ်" ဟု ဦးသိန်းဆွေက ပြောသည်။

ထို့ပြင် မြန်မာနိုင်ငံသား ၁၈၅ ဦး၊ နိုင်ငံခြားသား ၃၅၆၆ ဦး စုစုပေါင်း ၃၇၅၁ ဦးနှင့် နိုင်ငံကူးလက်မှတ်ပျောက်ဆုံး/ပျက်စီးခြင်းနှင့် တရားဝင်နိုင်ငံကူးလက်မှတ်အဆင့်မှ ပယ်ဖျက်ထားသော နိုင်ငံကူးလက်မှတ် ၄၈၄၅ အုပ်တို့သာ အမည်မည်းစာရင်း (Black List) ရေးသွင်းထားရှိပြီး ပယ်ဖျက်သင့်သူများအား ဥပဒေနှင့်အညီ ဆက်လက်ဖြေလျှော့ပယ်ဖျက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် ဝန်ကြီးဌာန ၁၅ ခု ပူးပေါင်း၍ နာမည်ပျက်စာရင်းတွင် ပါဝင်နေသူများကို စိစစ်ဖြေလျှော့မှုများ ပြုလုပ်ရန် ဆောင်ရွက်နေကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

သို့သော် နိုင်ငံတကာရဲတပ်ဖွဲ့နှင့် နိုင်ငံတကာအဖွဲ့အစည်းများက အလိုရှိနေသော အကြမ်းဖက်သမားများ၊ ပြစ်မှုကျူးလွန်သူများနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများတွင် ကျူးလွန်ထားသူများကိုမူ ပယ်ဖျက်ပေးမည်မဟုတ်ဘဲ အမည်မည်းစာရင်းတွင် ဆက်လက်ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

Black List ဖြေလျှော့ပယ်ဖျက်နိုင်ရေး လုပ်ငန်းစီမံချက်ကို မေ ၁ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်(သတင်းစဉ်)**

# ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ခွင့်ပြုချက်မဲ့ကျူးကျော်ဆောက်လုပ်ထားသော ဘာသာရေးအဆောက်အအုံများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

နေပြည်တော် ဩဂုတ် ၃

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ခွင့်ပြုချက်မဲ့ ကျူးကျော်ဆောက်လုပ်ထားသော ဘာသာရေးအဆောက်အအုံများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်သည်။**

**အဆိုပါ သတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

## ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ လယ်ပြင်ကျေးရွာ၌ ခွင့်ပြုချက်မဲ့ ကျူးကျော်ဆောက်လုပ်ထားသော ဘာသာရေးအဆောက်အအုံများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**နေပြည်တော် ဩဂုတ် ၃**

**၁ ။** ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ လယ်ပြင်ကျေးရွာရှိ နိုင်ငံတော်ပိုင် မြေလွတ်မြေလပ်နှင့် မြေရိုင်း ၀.၅၀ ဧကရှိ မြေနေရာတွင် ခွင့်ပြုချက်မဲ့ အစ္စလာမ်ဝတ်ပြုအဆောက်အအုံ အပါအဝင် အဆောက်အအုံ ၄ လုံး ကျူးကျော်ဆောက်လုပ်ထားခဲ့ပါသည်။

**၂ ။** ၁၉၈၅ ခုနှစ်တွင် ၎င်းမြေနေရာကို လုံးခင်းကျေးရွာနေ ဦးရဲမောင်(အစ္စလာမ်)ဘာသာဝင်၏ တောင်းဆိုချက်အရ လုံးခင်းကျေးရွာအုပ်စု၊ ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးခင်မောင်(ကွယ်လွန်)မှ ဦးရဲမောင် (ကွယ်လွန်)အစ္စလာမ်ဘာသာဝင်အား ယာယီအိမ်ဆောက်ခွင့်ပြုပေးခဲ့ပြီး ၎င်းကွယ်လွန်ပါက အလိုအလျောက် ပျက်ပြယ်မည်ဟု ဝန်ခံကတိဖြင့် နေထိုင်ခွင့်ပြုခဲ့သည့်မြေနေရာ ဖြစ်ပါသည်။

**၃ ။** အဆိုပါမြေနေရာကို ဥရုချောင်းတံတား စတင်တည်ဆောက်ခဲ့သည့် ၂၀၁၄ ခုနှစ် စက်တင်ဘာလမှစ၍ လုပ်ငန်းခွင်သို့ ဝင်ထွက်သွားလာမှုမရှိအောင် အကာအရံများ ပြုလုပ်ထားပြီး အင်ဂျင်နီယာ ဦးဆန်နီသိန်းသည် အစ္စလာမ်ဘာသာဝင် ဖြစ်၍ ၎င်းတို့ ဘာသာအတွက် ဂေါပကအဖွဲ့များနှင့်ပူးပေါင်းပြီး ၎င်းမြေအတွင်း အဆောက်အအုံများ ဆောက်လုပ်၍ ဝတ်ပြုဆောင်အဖြစ် အသုံးပြုခဲ့ပါသည်။

**၄ ။** အဆိုပါအဆောက်အအုံများမှာ သွပ်မိုးအုတ်စီ၊ ကွန်ကရစ်ခင်း၊ တစ်ထပ် ယာယီဝတ်ပြုဆောင် တစ်ဆောင်၊ နှစ်ခန်းသွပ်မိုး၊ ထရံကာ တစ်ထပ်အဆောက်အအုံတစ်လုံး၊ သွပ်မိုး၊ အုတ်စီ၊ သွပ်ကာ နှစ်ထပ်ဆောက်လုပ်ဆဲ အဆောက်အအုံတစ်လုံးနှင့် တံတားဆောက်လုပ်စဉ် တံတားအင်ဂျင်နီယာ ယာယီနေထိုင်ခဲ့သည့် သွပ်မိုး၊ ထရံကာ မြေစိုက်ယာယီအဆောက်အအုံတစ်လုံး စုစုပေါင်းအဆောက်အအုံ ၄ လုံးအား ၎င်းတို့ဘာသာအတွက် တရားမဝင်အသုံးပြုခဲ့ပါသည်။

**၅ ။** ၎င်းအဆောက်အအုံများ ဆောက်လုပ်ခဲ့မှုကို ဥရုချောင်းတံတားကြီးကို ဖွင့်လှစ်သည့် ၂၈-၃-၂၀၁၆ရက်နေ့တွင် လူအများဖြတ်ကူးသွားလာသည့် အချိန်မှသာ ၎င်းမြေနေရာပေါ်တွင် ဘာသာရေးအဆောက်အအုံများ ထင်ထင်ရှားရှားတွေ့မြင်ရသဖြင့် ဒေသရှိသံဃာတော်များ၊ ကျေးရွာနေ အများပြည်သူတို့မှ ကန့်ကွက်တားမြစ်ခြင်းနှင့် သက်ဆိုင်ရာသို့ အဆင့်ဆင့် တင်ပြဆောင်ရွက်ခဲ့၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရေး မြို့နယ်အုပ်ချုပ်ရေးမှူးက အရေးယူဆောင်ရွက်ခဲ့ပါသည်။

**၆ ။** အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ၂၅-၆-၂၀၁၆ ရက်နေ့ ၀၈း၃၀ နာရီအချိန် ဖားကန့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သော ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် အစ္စလာမ်ဝတ်ပြုကျောင်းဆောင် ဂေါပကအဖွဲ့ဝင် နှစ်ဦးတို့ တွေ့ဆုံဆွေးနွေး၍ လည်းကောင်း၊ ၎င်းကိစ္စအား ၂၈-၆-၂၀၁၆ ရက်နေ့ ၁၄း၀၀ အချိန်တွင် ထပ်မံ၍ ဆွေးနွေးခဲ့ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ နိုင်ငံပိုင် မြေလွတ် မြေလပ်နှင့် မြေရိုင်းကျူးကျော်မှုဆိုင်ရာဥပဒေအရ အရေးယူရန်နှင့် မလိုက်နာပါက တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

**၇ ။** ယင်းသို့ဆုံးဖြတ်ခဲ့မှုအပေါ် အစ္စလာမ်ဝတ်ပြုကျောင်းအဖွဲ့မှ ကျောက်ရိုးစီမြေ ၀.၂၀ ဧကပေါ်ရှိ တိုးချဲ့ အဆောက်အအုံ ၃ လုံးကို ၎င်းတို့အစီအစဉ်ဖြင့် ဖျက်သိမ်းပေးခဲ့သော်လည်း အလှူရှင်များ ရေစက်ချလှူဒါန်းထားသည်ဟုဆိုသည့် ဧရိယာ ၀.၃၀ ဧကပေါ်ရှိ မူလအဆောက်အအုံကိုမူ ဘာသာရေးအယူအဆအရ ဖျက်သိမ်းရန် ငြင်းဆန်ခဲ့သဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နေစဉ် ၎င်းအဆောက်အအုံအား ၁-၇-၂၀၁၆ ရက်နေ့ ၁၅း၄၈ အချိန်တွင် လူတစ်စုက မီးရှို့ဖျက်ဆီးခဲ့ပါသည်။

**၈ ။** မီးရှို့ဖျက်ဆီးခံထားရသော ခွင့်ပြုချက်မဲ့ အစ္စလာမ်ဝတ်ပြုကျောင်းမြေနေရာအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၃၃ အရ ဒေသအာဏာပိုင်က ဒေသန္တရအမိန့်ထုတ်ဆင့်လျက် ကန့်သတ်နယ်မြေဖြစ်ကြောင်း သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အဆင့်ဆင့်၏ အခြားအမိန့် တစ်စုံတစ်ရာ မထုတ်ပြန်မီ တားမြစ်ဧရိယာအဖြစ် သတ်မှတ်ထားရှိပါသည်။

**၉ ။** ဘာသာအသီးသီးမှ တရားမဝင် အဆောက်အုံများ ဆောက်လုပ်မှုနှင့်ပတ်သက်၍ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ကျူးကျော်ဘုန်းကြီးကျောင်း ၂၄ ကျောင်းကိုလည်း ၂၀-၂-၂၀၁၄ ရက်နေ့မှစ၍ ဥပဒေနှင့်အညီ ရှင်းလင်းဆောင်ရွက်ခဲ့ပြီး ထပ်မံကျူးကျော်သည့် ဘုန်းကြီးကျောင်းများကိုလည်း နိုင်ငံတော်သံဃမဟာနာယကသို့ လျှောက်ထား၍ ဥပဒေအတိုင်း စိစစ်အရေးယူလျက်ရှိပါသည်။

**၁၀။** အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျူးကျော်ဘုန်းကြီးကျောင်း ၁၇၃ ကျောင်းကို လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ကျူးကျော်ဘုန်းကြီးကျောင်း ၈၆ ကျောင်းကို လည်းကောင်း၊ ကိုးကွယ်ရာ ဘာသာအသီးသီး၏ ကျူးကျော်ဘာသာရေးအဆောက်အအုံများကိုလည်းကောင်း၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖယ်ရှားရှင်းလင်းလျက်ရှိပါသည်။

၁၁။ အဆိုပါကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု၊ လယ်ပြင်ကျေးရွာရှိ အစ္စလာမ် ဘာသာဝင်ဝတ်ပြုကိုးကွယ်ဆောင်အား တရားမဝင်လွှဲပြောင်းပေးအပ်သူများကိုလည်းကောင်း၊ ဝတ်ပြုကိုးကွယ်ဆောင်အား မီးရှို့ဖျက်ဆီးခဲ့သူများကိုလည်းကောင်း၊ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

**(သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)**

# ဟသ်ာတမြို့နယ်တွင် ၂၀၀၄ ခုနှစ်၏ စိုးရိမ်ရေမှတ်ထက် ယခုနှစ်စိုးရိမ်ရေမှတ် ပိုမိုကျော်လွန်နိုင်မည်ဟု ခန့်မှန်းထား

**နေပြည်တော် ဩဂုတ် ၃**

ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့၌ သုံးပေခန့်နှင့် ညောင်ဦးမြို့၌ ငါးပေခွဲခန့် ရှိပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ကျော်လွန်နေကြောင်း ယနေ့မွန်းလွဲ ၁၂ နာရီခွဲ ထုတ်ပြန်ချက်များအရ သိရပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့များတွင်လည်း ပေဝက်စီခန့်သာ ကျဆင်းနိုင်ကာ စိုးရိမ်ရေမှတ် အသီးသီးအထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

အလားတူ ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင်တစ်ပေခွဲ၊ မင်းဘူးမြို့တွင် သုံးပေခွဲ၊ မကွေးမြို့တွင် သုံးပေ၊ အောင်လံမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေခန့်စီ၊ ပြည်မြို့တွင် တစ်ပေခွဲ၊ ဆိပ်သာမြို့တွင် တစ်ပေနှင့် ဟသ်ာတမြို့တွင် နှစ်ပေခန့် ရောက်ရှိနေသည့်အတွက် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက် ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ချောက်မြို့ မင်းဘူးမြို့ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် နှစ်ပေခန့်စီ၊ ပြည်မြို့နှင့် ဆိပ်သာမြို့တို့တွင် တစ်ပေခွဲစီ၊ ဟသ်ာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေစီ ဆက်လက်တက်လာနိုင်သောကြောင့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက် တည်ရှိနိုင်ကြောင်း ယင်းဦးစီးဌာနမှသိရသည်။

ဟသ်ာတမြို့နယ်အနေဖြင့် ၂၀၀၄ ခုနှစ်တွင် ထူးထူးခြားခြား မြစ်ရေကြီးမှု ဖြစ်ပေါ်ခဲ့ပြီး ယခုနှစ်တွင်လည်း ၂၀၀၄ ခုနှစ်၏ စိုးရိမ်ရေမှတ်ထက် ပိုမိုကျော်လွန်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဦးဝင်းမော်က ပြောကြားသည်။

မြစ်ရေကြီးမှုအခြေအနေနှင့် စပ်လျဉ်း၍ "ဟသ်ာတမြို့နယ်မှာ မြစ်ရေကြီးမှု အခြေအနေက ဒီနေ့ ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်အရ ၁၄၁၉ စင်တီမီတာရှိပါတယ်။ ၂၀၀၄ ခုနှစ်တုန်းကတော့ ၁၄၅၆ စင်တီမီတာအထိ တက်ခဲ့ပါတယ်။ လက်ရှိအနေအထားမှာတော့ ၂၀၀၄ ခုနှစ်က အခြေအနေကို မီဖို့တော့ တစ်ပေသာသာလောက်လိုပါသေးတယ်၊ အပေါ်ပိုင်းဖြစ်တော့ မန္တလေးနဲ့ စစ်ကိုင်းမှာ ရေကျနေပါပြီ၊ ချောက်ကတော့ ဒီနေ့ဆိုရင် နှစ်ပေခွဲလောက် တက်တုန်းပဲ၊ လက်ရှိလည်း ဟသ်ာတမှာ ရေတက်နေပါတယ်၊ မင်းဘူး၊ မကွေးဘက်မှာလည်း ရေတွေကတက်နေပါတယ်၊ ထပ်ပြီးဆင်းလာဦးမယ်ဆိုတော့ ၂၀၀၄ ခုနှစ်ကထက် ကျော်လွန်သွားမယ်လို့ ထင်ပါတယ်။ ဒီလိုကျော်လွန်လာနိုင်တဲ့အတွက် မိုးလေဝသနဲ့ ဇလဗေဒက မြစ်ရေကြီးမှုအခြေအနေတွေကို ထုတ်ပြန်ပေးနေတာရှိပါတယ်၊ ကျွန်တော်တို့ ခန့်မှန်းပေးတဲ့ ခန့်မှန်းချက်တွေကို နားထောင်ပြီးတော့ ကိုယ့်ဒေသမှာ ဘယ်နေရာတွေတော့ ရေဝင်နိုင်တယ်၊ ဘယ်နေရာတွေတော့ ရေမြုပ်နိုင်တယ်၊ ဒါ့ကြောင့် ဘယ်လိုရွှေ့ပြောင်းမယ်ဆို တာတွေတော့ စီစဉ်ထားသင့်တယ်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီကနေပြီးတော့ ထုတ်ပြန်တဲ့ သတင်းတွေကိုလည်း ဂရုတစိုက်နဲ့ နားထောင်ဖို့လို တယ်လို့ ပြောချင်တယ်။ ဒီနှစ်မှာတော့ စိုးရိမ်ရေမှတ်ထက် ၃ ဒသမ ၇ ပေလောက် တက်သွားနိုင်တယ်လို့ ထင်ပါတယ်၊ ဒီနေ့မှာလည်း တစ်ရက်အတွင်း တစ်ပေလောက် တက်နိုင်တယ်လို့ ထုတ်ပြန်ထားပါတယ်"ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ထို့ပြင် ဦးဝင်းမော်က "ညောင်ဦးမြို့နယ်အနေနဲ့ကတော့ မနေ့ကတည်းက စံချိန်ချိုးသွားပါတယ်။ ၁၉၆၆ ခုနှစ်ကနေ ၂၀၁၆ ခုနှစ်အထိ ၅၀ နှစ်အတွင်းမှာ အမြင့်ဆုံး စံချိန်ချိုးသွားတာပါ။ ဒီနေ့မနက်ပိုင်းကနေပြီးတော့ ညနေ ၄ နာရီခွဲအထိ ရေမတက်တော့ပါဘူး။ တန့်နေတဲ့သဘောမှာရှိပါတယ်။ တန့်နေတယ်ဆိုတော့ ရေမတက်တော့ဘူးပေါ့။ ညောင်ဦးမြို့နယ်အနေနဲ့လည်း စိုးရိမ်ရေမှတ်ထက် ၅ ဒသမ ၆ ပေလောက်အထိ ရေတက်သွားတယ်"ဟု ပြောကြားသည်။

"ငါးသိုင်းချောင်းအနေနဲ့ကတော့ ဇူလိုင်လ ၁၃ ရက်နေ့မှာ စိုးရိမ်ရေမှတ်ကို စရောက်ပါတယ်၊ အဲ့ဒီမြို့ရဲ့အခြေအနေက စိုးရိမ်ရေမှတ်မှာ တစ်လလောက်တော့ နေတတ်ပါတယ်၊ လက်ရှိအခြေအနေကတော့ စိုးရိမ်ရေမှတ်အထက် နှစ်ပေလောက် ကျော်လွန်နေပါတယ်" ဟု ၎င်းကပြောသည်။

**တွေ့ဆုံမေးမြန်း-သတင်းအဖွဲ့**



# အမရပူရမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအတွက် စားသောက်စရာများလှူဒါန်း

**မန္တလေး ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရေဘေးသင့်ကျေးရွာများရှိ ပြည်သူများအတွက် တောင်သမန်သစ္စာကုမ္ပဏီက ဩဂုတ် ၃ ရက်တွင် ဒံပေါက်ထမင်းဘူးများနှင့် ရေသန့်ဘူးများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

"ဒီတောင်သမန်အင်း ပတ်ဝန်းကျင်ဒေသတချို့ရွာတွေမှာ မြစ်ရေကြီးတဲ့အတွက် ရေဝင်ပြီး အိမ်တွေနစ်မြုပ်နေကြပါတယ်။ ဒီကျေးရွာတွေဟာ ကျွန်တော်တို့ကုမ္ပဏီရဲ့ပတ်ဝန်းကျင်မှာရှိတဲ့ဒေသတွေဖြစ်တဲ့အတွက် သူတို့ရဲ့လိုအပ်ချက်တွေကို ကူညီဖို့ရည်ရွယ်ချက်ရှိပါတယ်။ ဒါကြောင့် ပထမဆုံးလှူဒါန်းမှုအနေနဲ့ တစ်အိမ်ထောင်ကို ဒံပေါက်ထမင်းနှစ်ဘူးနဲ့ ရေသန့်နှစ်ဘူး စီလှူဒါန်းခဲ့ပါတယ်။ ဆက်လက်ပြီးလည်း သူတို့ရဲ့အခက်အခဲပေါ်မူတည်ပြီး လိုအပ်ချက်တွေကို ဖြည့်ဆည်းကူညီပေးဖို့ အစီအစဉ်ရှိပါတယ်" ဟု တောင်သမန်သစ္စာကုမ္ပဏီမှ ပြန်ကြားရေးတာဝန်ခံ ဦးခင်မောင်ထွန်းက ပြောသည်။

ရေဘေးသင့်ကျေးရွာများမှာ အမရပူရမြို့နယ်အတွင်းရှိ သရက်တော၊ တဲနန့်သာ၊ ရွာသစ်၊ နွားနို့တော်စုနှင့် တောင်သမန်ကျေးရွာများ ဖြစ်ကြပြီး ရွာငါးရွာမှ အိမ်ခြေစုစုပေါင်း ၁၀၀၀ ခန့်နှင့် လူဦးရေ ၅၀၀၀ ခန့်အား အလှူရှင်ကုမ္ပဏီမှ ဒံပေါက်ထမင်းဘူး ၂၀၀၀နှင့် ရေသန့်ဘူး ၂၀၀၀ ကို သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

***✻ ကျောဖုံးမှ***

ပုဂံဒေသကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးဆွေးနွေးပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပြောကြားခဲ့သည်။

"ပုဂံကိုယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်ရင် ရွှေ့ရပြောင်းရမယ်ဆိုပြီး ပြည်သူတွေရဲ့ပူပင်သောကတွေကြားနေရပါတယ်။ ဘယ်နေရာကိုမှ ရွှေ့ဖို့မရှိပါဘူး။ လက်ရှိအတိုင်းပဲရှိနေမှာပါ။ ဆောက်လက်စဟိုတယ်တွေကတော့အထပ်အမြင့် ကန့်သတ်ချက်တွေနဲ့ ဆက်ဆောက်ပါ။ လုံးဝမဆောက်ရသေးတဲ့ ဟိုတယ်တွေကိုတော့ ထပ်မဆောက်ရအောင် တားမြစ်ပါမယ်"ဟု ၎င်းက ပြောသည်။

ထို့ပြင် ယူနက်စကိုသည် ကုလသမဂ္ဂအဖွဲ့အစည်းဖြစ်သည့်အတွက် ပြည်သူများဒုက္ခရောက်စေမည့် ကိစ္စရပ်များကို လုပ်ဆောင်မည်မဟုတ်ဘဲ နည်းစနစ်တကျဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာ ဒေသခံပြည်သူများ၏ စီးပွားရေးနှင့် လူမှုရေးကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်ယူနက်စကိုရုံးမှ ယဉ်ကျေးမှုနှင့်ပတ်သက်သည့် စီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်ဥမ္မာမျိုးက ဆိုသည်။

"ဒေသခံတချို့ရဲ့စိတ်ထဲမှာ ယူနက်စကို တင်ရင် နေရာပြောင်းရွှေ့ရမလားဆိုပြီး စိုးရိမ်ပူပန်မှုတွေဖြစ်နေတယ်။ စိုးရိမ်စရာ အကြောင်းမရှိပါဘူး။ နောက်ပြီး ခရီးသွားတွေလာဖို့အဆင်ပြေမယ့် ဒေသတစ်ခုဖြစ်လာအောင်ဝိုင်းဝန်းဖန်တီးပေးဖို့ စီမံချက်ရေးဆွဲဆောင်ရွက်နေပါတယ်"ဟု ၎င်းကပြောသည်။

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် (Memory of the World -MOW) အဖြစ် တင်သွင်းနိုင်ရေးအတွက် ယူနက်စကိုမှ ကြီးမှူးကျင်းပသည့် Experts Consultation Meetings on Bagan World Heritage Outstanding Universal Value (OUV) နှင့် Experts Meeting on the Strategic Action Plan for the Management of Bagan အစည်းအဝေးကို ဇူလိုင် ၂၆ ရက်မှ ၂၉ ရက်အထိ မန္တလေးမြို့ရှိ ဟိုတယ်မန္တလေး၌ ကျင်းပခဲ့ကြောင်း သိရသည်။

**အောင်ရဲသွင်**

# လယ်ယာမြေနှင့် အမျိုးသားရေးတာဝန်

**စိန်ကြည်**

ဆန်စပါး၊ ဆီထွက်သီးနှံများသည် မြန်မာနိုင်ငံသားအားလုံး၏ နေ့စဉ် စားသုံးသော ရိက္ခာဖြစ်ပါသည်။ ပြည်သူတို့၏ စားနပ်ရိက္ခာသည် လူဦးရေတိုးတက်မှုနှင့်အညီ နေ့စဉ်တိုးတက်နေသော်လည်း ရိက္ခာထုတ်လုပ်ပေးသော လယ်ယာမြေများမှာ ဆုတ်ယုတ်လျက်ရှိနေပေသည်။ စားသုံးသူဘက်က တိုးတက်နေသော်လည်း ထုတ်လုပ်မှုဘက်က လျော့နည်းသွားပါက ပြည်သူ့ရိက္ခာ ဖူလုံမှုပေါ် ထိခိုက်လာမည် ဖြစ်ပါသည်။

**လယ်ယာမြေအရေးပါမှု**

လယ်ယာမြေကဏ္ဍသည် မြန်မာနိုင်ငံအတွက် အဓိကကျသော ကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ လယ်ယာမြေပေါ်မူတည်ပြီး အရေးပါသော အချက်အချို့ကို ဖော်ပြရပါက-

(က) မြန်မာနိုင်ငံတွင် ကျေးလက်ဒေသတွင် နေထိုင်သော လူဦးရေသည် ၇၃ရာခိုင်နှုန်းခန့်ရှိပြီး အများစုသည် လယ်ယာမြေပေါ်တွင် မှီခိုလုပ်ကိုင်နေကြသော လယ်သမား၊ ယာသမား၊ လယ်လုပ်သား၊ ယာလုပ်သားများ ပင်ဖြစ်ပါသည်။ နိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် ၄၂ရာခိုင်နှုန်းသည်လယ်ယာမြေကို အခြေပြုဆောင်ရွက်လျက်ရှိရာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အဓိကရပ်တည်လျက်ရှိပါသည်။

(ခ) ပြည်သူများ၏ အဓိက စားသုံးမှုအဖြစ် ဆန်စပါး၊ ဆီထွက်သီးနှံများပေါ်တွင် မှီခိုနေရသည်။

(ဂ) ငါး၊ ကြက်၊ ဝက်၊ နွားစသည့် တိရစ္ဆာန်များအတွက် မွေးမြူရေးအစားအစာများသည်လည်း လယ်ယာထွက်ကုန်ဖြစ်သည့် ဆန်ကွဲ၊ ဖွဲနု၊ ပဲဖတ်၊ နှမ်းဖတ်များပေါ်တွင် မှီခိုနေရပေသည်။ တစ်နည်းအားဖြင့် သားငါးထုတ်လုပ်မှု အတွက်လည်း လယ်ယာကဏ္ဍသည်အဓိကကျသည်။

(ဃ) လယ်မြေများသည် ရေချိုငါးအမျိုးမျိုးကို ထုတ်လုပ်ပေးရာ၊ ပေါက်ဖွားပေးသောနေရာ ဖြစ်ပါသည်။

**လယ်ယာမြေလုပ်ပိုင်ခွင့်**

၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေအရ လယ်ယာမြေကို အသုံးပြု၍ စိုက်ပျိုးရေးတွင် ပါဝင်ဆောင်ရွက်နေသူ၊ အကြောင်းထူးမရှိလျှင် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုတွင် အခြေချနေထိုင်သူ၊ အသက် ၁၈ နှစ်ပြည့် ပြီးသော နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများကို လယ်ယာမြေ လုပ်ပိုင်ခွင့်ထုတ်ပေးပါသည်။ လယ်ယာမြေလုပ်ပိုင်ခွင့်ရသူသည် လယ်ယာမြေကို ခွင့်ပြုချက် မရရှိဘဲ အခြားနည်းလမ်းဖြင့် ပြောင်းလဲ သုံးစွဲခွင့်မပြုရ။ လယ်ယာမြေကို မူလစိုက်ပျိုးထားသော သီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက် မရရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်း မပြုရဟု ပါရှိပါသည်။ လယ်ယာမြေပိုင်ဆိုင်ခွင့်ရှိသူ အနေဖြင့် လယ်ယာမြေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ပေးထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်များ ခွင့်ပြုထားပြီး ယင်းသို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးများတွင် မှတ်ပုံတင်ရမည် ဖြစ်ပါသည်။

**လယ်ယာမြေဆုံးရှုံးမှုများလာခြင်း**

လယ်ယာမြေများသည် အောက်ဖော်ပြပါအတိုင်း နည်းလမ်းပေါင်းစုံဖြင့် စိုက်ပျိုးမြေအဖြစ်မှ ဆုံးရှုံးလျက်ရှိကြပါသည်-

(က) နိုင်ငံတော်စီမံကိန်းများ၊ ဌာနဆိုင်ရာလုပ်ငန်းများ၊ စက်မှုဇုန်များ၊ ပုဂ္ဂလိက စက်ရုံအလုပ်ရုံများ တည်ဆောက်ခြင်း။

(ခ) အိမ်ရာစီမံကိန်းများ၊ လမ်းဖောက်လုပ်ခြင်း၊ တပ်ရင်းတပ်ဖွဲ့များ တိုးချဲ့တည်ဆောက်ခြင်း။

(ဂ) လယ်ယာမြေများကို ဥယျာဉ်ခြံမြေအဖြစ် ဆောင်ရွက်ကြခြင်း။

(ဃ) အထူးသဖြင့် လယ်ယာမြေများကို ပုဂ္ဂလိက စီးပွားရေးဆန်သည့် အိမ်ခြံကွက်များအဖြစ် စီးပွားဖြစ် ဆောင်ရွက်နေခြင်း။

**လယ်ယာမြေ ရောင်းဝယ်မှုများ**

ယခင်က လယ်ယာမြေများကို တရားမဝင် ရောင်းချနေခဲ့ကြရာမှ ယခုအခါ တရားဝင် ကြော်ငြာရောင်းချလျက်ရှိသည်ကို တွေ့မြင်ကြရမည် ဖြစ်ပါသည်။ မူလလယ်သမားထံမှ သက်သာသော ဈေးဖြင့် ဝယ်ယူပြီး ခြံစည်းရိုးသဖွယ် ဇရိယာခတ်ပြီး ကြော်ငြာဆိုင်းဘုတ်တင်၍ တစ်မျိုး၊ သတင်းစာ၊ ဂျာနယ်များတွင် ကြော်ငြာ၍ တစ်ဖုံ ရောင်းဝယ်ဖောက်ကားလာမှုကို တွေ့မြင်နေရပေသည်။ လယ်ယာမြေများကို အိမ်ခြံမြေများသဖွယ်၊ စီးပွားရေးဈေးကွက်သဖွယ် အဆင့်ဆင့်ရောင်းဝယ်လျက်ရှိမှုသည် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလားအလာဟု ဆိုရမလား... လယ်ယာမြေတွေ ပျောက်ဆုံးတော့မည့် အလားအလာဟုဆိုရမလား...သေချာတာကတော့ အရောင်းအဝယ်လုပ်သော လယ်ယာမြေများသည် အိမ်ခြံမြေများအဖြစ် ပြောင်းလဲသွားခြင်းပင် ဖြစ်ပါသည်။ လယ်ယာမြေ လုပ်ပိုင်ခွင့် ရရှိသောသူများအနေဖြင့် မမျှော်လင့်သော ဈေးများ ရရှိခြင်းကြောင့် သားစဉ်မြေးဆက်လုပ်ကိုင်စားသောက်ခွင့်ရသော လယ်ယာမြေများ၊ နိုင်ငံတော်က စိုက်ပျိုးရေး ဆောင်ရွက်ရန် လုပ်ပိုင်ခွင့်ပေးသော လယ်ယာမြေများကို လတ်တလောငွေများ ရရှိမှုကို ကြည့်ကာ လယ်ယာမြေများကို ရောင်းချနေကြပါသည်။

လယ်မြေများအား ခြံစည်းရိုးကာရံထားပုံ



**လယ်ယာမြေ လုပ်ပိုင်ခွင့်ရသူသည် လယ်ယာမြေကို ခွင့်ပြုချက်မရရှိဘဲ အခြား နည်းလမ်းဖြင့် ပြောင်းလဲ သုံးစွဲခွင့် မပြုရ . . .**

အထူးသဖြင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်သော မြို့ ကျေးရွာများနှင့် ဆက်စပ်သော လယ်ယာမြေများသည် အိမ်ရာကွက်များ၊ စက်ရုံ၊ အလုပ်ရုံ၊ မြေကွက်များအဖြစ် အရှိန်အဟုန်နှင့် ပြောင်းလဲလျက်ရှိနေသည်ကို တွေ့မြင်နေရသည်။

လယ်ယာမြေဝယ်ယူသူများသည် မူလစိုက်ပျိုးသီးနှံများ စိုက်ပျိုးရေး ဆောင်ရွက်မှုလုပ်ငန်း နည်းပါးပြီး အကျိုးအမြတ်ကောင်းသော ရောင်းဝယ်မှု၊ ရင်းနှီးမြှုပ်နှံမှုအတွက် အောက်ပါအတိုင်း ဆောင်ရွက်နေကြပါသည်-

(က) ငွေကြေးခက်ခဲမှု တွေ့နေသော လယ်ယာလုပ်ပိုင်ခွင့်ရှိသူများထံမှ ဈေးပေါပေါဖြင့် ဝယ်ယူစုဆောင်းထားခြင်း။

(ခ) လယ်ယာမြေများကို ဥယျာဉ်ခြံမြေအဖြစ် ပြောင်းလဲရန်အတွက် ဝယ်ယူကြခြင်း။ (သရက်ခြံ၊ သီဟိုဠ်ခြံ)

(ဂ) မြို့ဝင်မြို့ထွက်၊ ရွာဝင်ရွာထွက်နှင့် ရွာချင်းဆက်၊ မြို့ချင်းဆက်၊ လမ်းမဘေးရှိ လယ်ယာမြေများကို စက်ရုံ၊ အလုပ်ရုံ မြေအဖြစ်လည်းကောင်း၊ အမြတ်အစွန်းများသော အိမ်ခြံမြေကွက်များအဖြစ် ပြောင်းလဲရန် ဝယ်ယူခြင်း။

(ဃ) မြေယာပိုင်ဆိုင်မှု ရည်ရွယ်ချက်ဖြင့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များက ဝယ်ယူစုဆောင်းခြင်း။ (နိုင်ငံသားများမဟုတ်ပါက နိုင်ငံသား အမည်ခံ၍ ဝယ်ယူခြင်း)

သတင်းစာများ၊ ဂျာနယ်များတွင် လမ်းမကြီးဘေး အကွက်အကွင်းကျသည့် နေရာများတွင် လယ်မြေရောင်းမည့် ကြော်ငြာများ မကြာခဏ တွေ့နေရသည်။ သတင်းစာ ကြော်ငြာတစ်ခုတွင် ထန်းတပင်မြို့နယ်၊ ရခိုင်ရိုးကြီး အပိုင်တွင် လယ်မြေများကို (၁၀×၆၀)ပေ ခြံကွက်များရိုက်၍ တစ်ကွက် ခုနစ် သိန်းဖြင့် ရောင်းချနေမှု၊ ကားလမ်းမကြီး ဝဲ၊ ယာ တစ်လျှောက်တွင် "တန်ဖိုး နည်းမြေကွက်များ ရောင်းရန် ရှိသည်" ဗီနိုင်း၊ ပိုစတာများ ထောင်ပြီး လယ်မြေ များအား အိမ်မြေကွက် အဖြစ် ရောင်းချနေမှုကိုလည်း ဖတ်ခဲ့ရသည်။ လယ်မြေဈေး ကောင်းရ၍ ရောင်းချပြီး ငွေလည်းကုန် အလုပ်လက်မဲ့ဘဝသို့ ရောက်ရှိသွားသော လယ်သမားမိသားစုများလည်း ရှိနေကြပေသည်။

**လယ်ယာမြေသည် သဘာဝသယံဇာတဖြစ်**

ကျွန်တော်တို့၏ နိုင်ငံသည် နိုင်ငံအတွင်းရှိ ပြည်သူများ စားနပ်ရိက္ခာဖူလုံရေးအတွက် သဘာဝသယံဇာတဖြစ်သော လယ်ယာမြေများကို ရရှိထားသောနိုင်ငံဖြစ်ပါသည်။ အချို့နိုင်ငံများသည် တောတောင်ထူထပ်ခြင်း၊ သဲကန္တာရဖြစ်ခြင်းများကြောင့် စားနပ်ရိက္ခာအတွက် ပူပန်နေကြရသည်။ မြန်မာနိုင်ငံ၏ တွင်းထွက် သယံဇာတ၊ သစ်တောသယံဇာတစသည်တို့သည် ထုတ်ယူသုံးစွဲမှုများသောကြောင့် ကုန်လု နီးပါး အခြေအနေရောက်ရှိနေပါသည်။ အရေးကြီးဆုံးဖြစ်သော လယ်ယာမြေ သယံဇာတ ဆုံးရှုံးသွားပါက ရိက္ခာဖူလုံမှု ထိခိုက်လာပြီး နိုင်ငံတော်စီးပွားရေးပါ ထိခိုက်လာမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ သားစဉ်မြေးဆက်များအထိ ပြည်တွင်းရိက္ခာဖူလုံမှုရှိရန်မှာ လယ်ယာမြေများ တည်တံ့ဖို့ လိုအပ်လှပေသည်။

**လူနည်းစု မြေပိုင်ဆိုင်မှုရောက်လာမည်**

လယ်ယာမြေ ဥပဒေတွင် လယ်ယာမြေဆိုသည်မှာ လယ်မြေ၊ ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေနှင့် နှစ်ရှည်ပင် စိုက်ပျိုးသော မြေ၊ ဓနိမြေ၊ ဥယျာဉ်မြေ၊ ဟင်းသီးဟင်းရွက်၊ ပန်းမန် စိုက်ပျိုးသည့်ခြံမြေ၊ မြေနုကျွန်း အားလုံးပါဝင်ပါသည်။ လယ်ယာမြေကို နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူအားလုံး ရောင်းချခြင်း၊ ဝယ်ယူခြင်းများ ပြုလုပ်နိုင်ခွင့်ပေးထားပေသည်။ တစ်ချိန်က ချစ်တီးများ လယ်မြေပိုင်ဆိုင်မှုရှိခဲ့ရာ ကျေးလက်နေ လယ်လုပ်ကိုင်သူများ အတိဒုက္ခရောက်ခဲ့ပြီးဖြစ်ပါသည်။ ယခုကာလတွင် လယ်မြေသာမက လယ်ယာမြေတွင် ပါဝင်သော မြေအားလုံး ကို မြန်မာနိုင်ငံအနှံ့၊ ကျေးရွာအနှံ့တွင် သတ်မှတ်ပေါက်ဈေးထက်တိုးမြှင့်၍ ဝယ်ယူ စုဆောင်းနေကြသူများကြောင့် နိုင်ငံသားလယ်ယာမြေ ပိုင်ဆိုင်သူများ၏ လယ်ယာမြေများသည် လူနည်းစု ပိုင်ဆိုင်သော လယ်ယာမြေများအဖြစ် ရောက်ရှိသွားပါက ချစ်တီးလယ်ပိုင်ဆိုင်မှု ခေတ်ထက် သာ၍ဆိုးသွားပေမည်။

**အချိန်မီ ထိန်းသိမ်းရန် လိုအပ်ပါပြီ**

မြို့အနှံ့၊ နယ်အနှံ့တွင် လယ်ယာမြေများသည် ခြံမြေများ၊ အိမ်ကွက်များအဖြစ်သို့ အတောမသတ် ပြောင်းလဲနေကြသည်ကို အချိန်မီ ထိန်းသိမ်းရန် လိုအပ်နေပါသည်။ ခြံခတ်ထားသော၊ ခြံစည်းရိုးတိုင် ကာရံထားသော လယ်ယာမြေများ၊ အိမ်ရာခြံမြေ ပြောင်းလဲပြီးသော လယ်ယာမြေ စာရင်းများကို ကောက်ယူသင့်ပါသည်။ လယ်ယာမြေ အရောင်းအဝယ်များ၊ စိုက်ပျိုးမြေဆုံးရှုံးမှုများကို သက်ဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်က စိစစ်ကြပ်မတ်ခြင်း၊ ဖော်ထုတ် အရေးယူခြင်းများ ဆောင်ရွက်ခြင်းနှင့် လယ်ယာမြေ ထိန်းသိမ်းနိုင်သော မြေယာနှင့် ပတ်သက်သည့် မူဝါဒတစ်ရပ်ကို ချမှတ်သွားရမည်ဖြစ်ပါသည်။ လက်ရှိ နိုင်ငံအရေးအရာများတွင် ပြည်သူများ စားနပ်ရိက္ခာဖူလုံရေးအတွက် လယ်ယာမြေထိန်းသိမ်းရေးသည် ပါတီအားလုံး၊ တာဝန်ရှိသူအားလုံး၊ ပြည်သူအားလုံးအတွက်သက်ဆိုင်သောအမျိုးသားနိုင်ငံရေးပင်ဖြစ်ပါသည်။

# ငဝန်ရေကာတာ ရေယိုစိမ့်ပေါက်ဖြစ်ပေါ်သော်လည်းအချိန်မီပြုပြင်ကာကွယ်နိုင်

**ငါးသိုင်းချောင်း ဩဂုတ် ၃**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ငဝန်မြစ်ရေသည် ဩဂုတ် ၃ ရက် နံနက် ၉ နာရီတိုင်းထွာချက်အရ ၂၉ ဒသမ ၃၀ ပေသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် နှစ်ပေနှင့် ဝ ဒသမ ၃၀ လက်မကျော်လွန်ရောက်ရှိလျက်ရှိရာ အဆိုပါနေ့နံနက် ၉ နာရီခွဲခန့်တွင် ရွှေဆောင်ရပ်ကွက် ငဝန်ရေကာတာ တာမိုင် ၄၇/၃+၄၀တာခြေ၌ အကျယ် တစ်လက်မခန့်ရှိရေယိုစိမ့်ပေါက် တစ်ပေါက်ဖြစ်ပေါ်ခဲ့ပြီး ဆည်မြောင်းဌာနတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ သဘာဝဘေး ကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူလူထုတို့က ရေယိုစိမ့်ပေါက်အား အချိန်မီ ကတုတ်ကျင်းရိုက်ပြုပြင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။



အဆိုပါကိစ္စနှင့်ပတ်သက်၍ ငါးသိုင်းချောင်းမြို့ ငဝန်ရေကာတာတစ်လျှောက် မြစ်ရေမြင့်တက်လာချိန်တွင် ရေယိုစိမ့်ပေါက်ဖြစ်ပေါ်နိုင်သောနေရာများ၌ သဲအိတ်၊ ဝါး၊ ယိုင်ဖျာနှင့် အခြားရေကာတာပြုပြင်ရာတွင် အသုံးပြုသောပစ္စည်းများ အသင့်ထားရှိထားကြောင်း၊ မြို့ပေါ်ရှိ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သဘာဝဘေးကယ်ဆယ်ရေး အဖွဲ့ဝင်များ၊ ပြည်သူလူထုတို့နှင့်အတူ ရေယိုစိမ့်ပေါက်များ ဆက်လက်ဖြစ်ပေါ်လာပါကလည်း အချိန်မီ စုပေါင်းကာကွယ် ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိအခြေအနေအထိ စိုးရိမ်စရာမရှိသေးကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ မြို့ရေကာတာ တာဝန်ခံတစ်ဦးက ပြောကြားခဲ့ပြီး ဒေသခံပြည်သူများကလည်း ပုံမှန်ဆက်သွယ်သွားလာလျက်ရှိနေကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်း ရှင်းလင်း

**လယ်ဝေး ဩဂုတ် ၃**

ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် အခွန်ဦးစီးဌာနမှ ကုန်သွယ်လုပ်ငန်း ခွန်ကောက်ခံခြင်းနှင့် ပတ်သက်၍ ရှင်းလင်းခြင်းကို ဩဂုတ် ၁ ရက်က မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်မာမာသင်းက စားသောက်ကုန်နှင့် လက်ဖက်ရည်ဆိုင်လုပ်ငန်းများတွင် ထုတ်ပေးထားသည့် ပြေစာအပေါ် အခွန်အမှတ် တံဆိပ်ကပ်နှိပ်၍ ကုန်သွယ်လုပ်ငန်းခွန်ကောက်ခံခြင်းကို ဥပဒေနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ရန် ရှင်းလင်းဆွေးနွေးခဲ့သည်။

**ကိုကိုရှုပ(နေပြည်တော်)**

## ဉာဏ်သစ်လောင်းဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၃**

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)ကိုယ်အင်္ဂါပြန်လည် သန်စွမ်းရေးဆေးပညာအဖွဲ့က ကြီးမှူးကျင်းပမည့် အရိုးပွရောဂါအကြောင်း ဉာဏ်သစ်လောင်းဟောပြောပွဲ (Symposium on Osteoporosis) ကို ဩဂုတ် ၆ ရက် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင် (A)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်**

# မှုခင်းကျဆင်းရေးကို အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်း

**နေပြည်တော် ဩဂုတ် ၃**

**အစိုးရသစ်၏လုပ်ငန်းစဉ်တွင်ပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသောနိုင်ငံ တည်ဆောက်ရေးတို့အား အဟန့်အတား အနှောင့်အယှက်ဖြစ်နေသော မှုခင်းကျဆင်းရေးကို အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုတစ်ရပ်ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး၌ ပန်းတောင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်နှင်းသစ်က တင်သွင်းသည်။

၎င်းအဆိုကို လောင်းလုံးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန္ဒီက ထောက်ခံဆွေးနွေးခဲ့ပြီး လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းက မင်းဘူးမြို့ အမှတ် (၂) ရပ်ကွက် **ဈေးဟောင်းအနီးရှိ ဦးသြဘာသခန်းမကြီး ပြိုကျပျက်စီးခဲ့သဖြင့် ခန်းမအဟောင်းနေရာတွင် ခရိုင်မြို့ကြီး၏အင်္ဂါရပ်နှင့် ညီမျှသောခန်းမအသစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ မရှိ**နှင့် မေးခွန်းကို မေးမြန်းရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဦးသြဘာသခန်းမအသစ် တည်ဆောက်ရန်အတွက် မြေနေရာလျာထားပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာကော်မတီများ၏ ဆုံးဖြတ်ချက်အရ ၎င်းလျာထားမြေနေရာတွင် တည်ဆောက်ရန် သဘောတူညီခဲ့ပြီးဖြစ်ပါကြောင်း၊ သက်ဆိုင်ရာခရိုင်မှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီး အထိ အဆင့်ဆင့်တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ မင်းဘူးမြို့သည် ခရိုင်အဆင့်မြို့တစ်မြို့ဖြစ်သည်နှင့်အညီ ခန်းမတစ်ခု တည်ဆောက်မည်ဆိုပါက မြို့အင်္ဂါရပ်နှင့်ညီညွတ်စေရန် အလျား ၁၆၂ ပေ အနံ ၇၂ ပေ ကျယ်ဝန်းသော မြို့နယ်ခန်းမအသစ် ဆောက်လုပ်ရန်အတွက်လည်း ကြိုတင်တွက်ချက် ထားရှိခဲ့ပါကြောင်း၊ တွက်ချက်မှုများအရ ခန့်မှန်းငွေကျပ် ၄၀၈ ဒသမ ၂၄ သန်း ကုန်ကျမည်ဖြစ်ပါကြောင်း၊ မင်းဘူးမြို့နယ်နှင့် စကုမြို့နယ်တို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရန်ပုံငွေဖြင့် လမ်း၊ တံတား၊ ရေပေးဝေရေးနှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ရသဖြင့် ရန်ပုံငွေ လုံလောက်မှုမရှိသည့်အတွက် လတ်တလောကာလတွင် ခန်းမအသစ်ဆောက်လုပ်ရန် အစီအစဉ်မရှိသေးပါကြောင်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပေါင်းစပ်ညှိနှိုင်း ဖြေကြားချက်အရ ရှင်းလင်းဖြေကြားအပ်ပါကြောင်း ပြောကြားသည်။

ပင်လည်ဘူးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင်၏ **နိုင်ငံတော်အစိုးရက တာဝန်ယူစစ်ဆေးပေးသော ဓာတုဗေဒဓာတ်ခွဲခန်းများကို ယခုထက်ပိုမိုမှန်ကန်သော၊ တာဝန်ယူမှုအပြည့်အဝရှိသော၊ အဂတိလိုက်စားမှုမရှိသော ဓာတုဗေဒ စမ်းသပ်ဓာတ်ခွဲခန်းများအဖြစ် စီစဉ်ဆောင်ရွက်ရန် အစီအစဉ် ရှိ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်းအား ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ဓာတုဗေဒ စစ်ဆေးရေးဌာန (ဓာတုဗေဒဝန်ရုံး) ကို နေပြည်တော်တွင် အခြေစိုက်ရုံးဖွင့်လှစ်ပြီး နေပြည်တော်၊ ရန်ကုန်၊ မန္တလေး တို့တွင် ဓာတုဗေဒစစ်ဆေးရေးဌာနခွဲများဖွင့်လှစ်ကာ မူးယစ်ဆေးဝါးဓာတ်ခွဲခန်း၊ အဆိပ်အတောက်ဓာတ်ခွဲခန်း၊ အစွန်းအထင်းဓာတ်ခွဲခန်းနှင့် အထွေထွေဓာတ်ခွဲခန်းများဖြင့် ဓာတ်ခွဲစမ်းသပ်ခြင်းအား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဓာတုဗေဒစစ်ဆေးရေးဌာန၏ သက်သေခံပစ္စည်းလက်ခံစစ်ဆေးခြင်း၊ ထင်မြင်ချက်ပြန်ကြားခြင်းလုပ်ငန်းစဉ်များအား ဓာတ်ခွဲခန်းများ၏ သတ်မှတ်စံနှုန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ရဲဦးစီးအရာရှိချုပ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့်



ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး

ကြီးကြပ်ရေးဗဟိုအဖွဲ့နှင့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး ဒုတိယတိုင်းဒေသကြီး တပ်ဖွဲ့မှူးများဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့်ဒေသကြီး စိစစ်ကြပ်မတ်ရေးအဖွဲ့တို့အား ပြည်ထဲရေးဝန်ကြီးဌာနက ဖွဲ့စည်းပေးပြီး ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဓာတုဗေဒ စစ်ဆေးရေးဌာနသို့ ရဲစခန်းအသီးသီးမှ လာရောက်အပ်နှံစစ်ဆေးသည့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများအနက် အချို့အမှုများတွင် ပေးပို့သည့် သက်သေခံပစ္စည်းအားလုံးသော်လည်းကောင်း၊ အချို့ကိုသော်လည်းကောင်း စမ်းသပ်စစ်ဆေးရာတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအဖြစ်မတွေ့ရှိပါက ဓာတ်ခွဲခန်းဝန်ထမ်းများ၏မသမာမှု ရှိ မရှိ သိရှိနိုင်ရန် ညွှန်ကြားရေးမှူးက သတ်မှတ်ပေးသော အခြားဓာတုဗေဒ စစ်ဆေးရေးဌာနခွဲ တစ်ခုသို့ သက်ဆိုင်ရာအမှုတွဲနှင့် သက်သေခံပစ္စည်းများကို ပေးပို့စေကာ အထူးကိစ္စအနေဖြင့် ပြန်လည်စစ်ဆေးခြင်း၊ မှုခင်းရဲတပ်ဖွဲ့ ဓာတ်ခွဲခန်းသို့ ၎င်းသက်သေခံပစ္စည်းများကို ပေးပို့ကာ စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါးဖမ်းဆီးရာတွင် ထုပ်ပိုးသိမ်းဆည်းခြင်း၊ ဓာတ်ခွဲစမ်းသပ်ရန်ပေးပို့ခြင်း၊ ဓာတ်ခွဲစမ်းသပ်ခြင်းနှင့် ပြန်လည်ပေးပို့ခြင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ အခန်း(၇) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

ဓာတုဗေဒ စစ်ဆေးရေးဌာနရှိ ဝန်ထမ်းများအနေဖြင့်လည်း သက်ဆိုင်ရာ ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများကို အလေးထားလိုက်နာရန်နှင့် အရေးယူခြင်းမရှိဘဲ မသမာမှုများပြုလုပ်သည့်



ပင်လည်ဘူးမဲဆန္ဒနယ်မှ
လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင်

ဖြစ်စဉ်များရှိပါကလည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်ဟု အသိပေးကြေညာထားပြီး ဖြစ်ပါကြောင်း၊ ထို့အတွက် ဓာတုဗေဒ စစ်ဆေးရေးဌာန အနေဖြင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် မှုခင်းများအပေါ် UNODC ၏ ပြဋ္ဌာန်းချက်ပါ သတ်မှတ်ချက်များနှင့် အညီ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

**(သတင်းစဉ်)**

# အိမ်ထောင်စုလူဦးရေစာရင်းပုံစံ ၆၆/၆ ကို နေ့ချင်းပြီး အခမဲ့ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃**

မြို့နယ်တစ်ခုမှ အခြားမြို့နယ်တစ်ခုသို့ ပြောင်းရွှေ့ရာတွင်ရောက်ရှိရာ မြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ-၆၆/၆ ပြုလုပ်နိုင်ရန်အတွက် အိမ်ထောင်ဦးစီးကိုယ်တိုင်လာရောက်ရန်အစား မလာရောက်နိုင်က ကိုယ်စားလှယ်ဖြင့် လာရောက်နိုင်ကြောင်းကို ဖြေလျှော့ပေးခဲ့သည့်အပြင် ထောက်ခံချက်လိုအပ်မှုများကိုလည်း ဖြေလျှော့ပေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လက်မှတ်ရေးထိုး၍ နေ့ချင်းပြီး အခမဲ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မှတ်ပုံတင် ထုတ်ပေးနိုင်သည့် အသက်(၁၀ နှစ်) အထက် ကိုးကန့်လူမျိုး စုစုပေါင်း ၂၀၈၆၉ ဦးရှိသည့်အနက် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားစိစစ်ရေးကတ်ပြား ၉၂၇၄၄ ဦး၊ ဧည့်နိုင်ငံသားလက်မှတ် ၁၀၄ ဦး၊ နိုင်ငံသားပြုခွင့်ရသူလက်မှတ် ၃၅၄ ဦး၊ အမျိုးသားမှတ်ပုံတင်သက်သေခံ ကတ်ပြား ၇၄၆၄၅ ဦးနှင့် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား-NVC ၅၂၄၅ ဦးတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ **"အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ရေးဆွဲထားသော ဖြေလျှော့မှုများကို သိရှိလိုခြင်းနှင့်**





ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပစဉ်

**နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်ခွင့်အတွက် ဖြေလျှော့မှုများရှိခဲ့ပါက ကိုးကန့်တိုင်းရင်းသားများအတွက် မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေကဖြေကြားရာ၌ အထက်ပါအတိုင်း ပြောကြားခဲ့သည်။

ထို့ပြင် အစိုးရသစ်၏မူဝါဒ လမ်းညွှန်ချက်များနှင့်အညီ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနအနေဖြင့် ရက်ပေါင်း(၁၀၀)အတွင်း ဆောင်ရွက်ပေးရန် ရွှေ့ပြောင်း နေထိုင်သူများနှင့် အလုပ်သမားများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော မှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးရေး ဆောင်ရွက်ရေး၊ အခြေခံပညာကျောင်းများတွင် အသက် (၁၀)နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား(သို့မဟုတ်) ကိုင်ဆောင်သင့်သော မှတ်ပုံတင်တစ်မျိုးမျိုး ထုတ်ပေးရေးနှင့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ သက်ဆိုင်သည့် ကတ်ပြားတစ်မျိုးမျိုး စိစစ်ထုတ်ပေးရေး ဆောင်ရွက်ခြင်းလုပ်ငန်းသုံးရပ်ကို စီမံချက် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

ရက်(၁၀၀)အတွင်း ဆောင်ရွက်ပေးသည့်အစီအစဉ်တွင် နေရာအတည်တကျမရှိဘဲ ရွှေ့ပြောင်းသွားလာနေထိုင်သူများအား ပုံစံ(၁၀)ဟုခေါ်ဆိုသော "နေရပ်လိပ်စာ ပြောင်းရွှေ့ခြင်းပုံစံ" မပါရှိစေကာမူ ၎င်းအချက်ကို ထပ်မံဖြေလျှော့၍ ကာယကံရှင်များကိုယ်တိုင်အား မူလဒေသသို့ စေလွှတ်ခြင်းမပြုတော့ဘဲ ဌာနဆိုင်ရာ မြို့နယ်ရုံးအချင်းချင်း ချိတ်ဆက်ပြီး သတ်မှတ်ချက်နှင့်အညီ စိစစ်မှန်ကန်ပါက ဖြေလျှော့ဆောင်ရွက်သည့် အနေဖြင့် ထိုအိမ်ထောင်စုလူဦးရေစာရင်းအား မူလမြို့နယ်တွင် ပယ်ဖျက်စေပြီး လက်ရှိမြို့နယ်တွင် အိမ်ထောင်စုစာရင်း ထုတ်ပေး၍ ရသင့်သည့်ကတ်တစ်မျိုးမျိုးကို ထုတ်ပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ စောယှားဖောင်အွာ၏ **"တိုင်းရင်းသားလူမျိုးများ လူနည်းစု၊ လူမျိုးစုငယ်များအသီးသီး၏ အမည်များရှေ့တွင် (မောင်၊ မ၊ ကို၊ ဦး၊ ဒေါ်) ထည့်သွင်းခေါ်ဝေါ်နေခြင်းသည် သက်ဆိုင်ရာဝန်ကြီးဌာနဦးစီးဌာနတွင် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ ရှိ/မရှိကို သိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၊ လူနည်းစုလူမျိုးစုငယ်များ၏ အမည်မှည့်ခေါ်ရာတွင် အမည်ရှေ့တွင် "မောင်၊ မ၊ ဦး၊ ကို၊ ဒေါ်" စသဖြင့် ထည့်သွင်းခေါ်ဝေါ်နေခြင်းသည် သီးခြား အမိန့်နှင့်ညွှန်ကြားချက်၊ ဥပဒေများ မရှိပါကြောင်းနှင့် လိုင်ကွဲပြားမှုသိရှိနိုင်စေရန်နှင့် အသက်အရွယ် အပိုင်းအခြား သိရှိစေရန် ဌာနရုံးသုံးပုံစံ၊ ကိုယ်ရေးမှတ်တမ်းများတွင် လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ရေးသွင်းခြင်းသာဖြစ်ပါကြောင်း။

ကာယကံရှင်များအနေဖြင့် ဝန်ထမ်းရေးရာ၊ ပညာရေး၊ လူမှုရေးစသည့် အခက်အခဲတစ်စုံတစ်ရာရှိခြင်းကြောင့် ၎င်းတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင် ဖော်ပြပါရှိသော မြန်မာစာဖြင့်ရေးသားထားသည့် ရှေ့ဆောင်စကားလုံးအားဖြုတ်၍ တိုင်းရင်းသားလူမျိုးဆိုင်ရာ အမျိုးသားရေးအမှတ်လက္ခဏာ ရှေ့ဆောင်စကားလုံးထည့်သွင်းထားသည့်အတိုင်းသာ ပြင်ဆင်ပေးပါရန် လျှောက်ထားလာပါကလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်၏ **"ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်အတွင်း တောင်သူလယ်သမားများစိုက်ပျိုးရေးတွင် ရေချိုရရှိနိုင်ရန်အတွက် ရေချိုချောင်းများကို ပြည်ထောင်စုအစိုးရ ရန်ပုံငွေဖြင့် ရေချိုချောင်းပိတ်ဆည် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ပေါက်တောမြို့နယ်အတွင်းရှိ ချောင်း ၂၉ ချောင်းအား ရေငန်ဝင်ရောက်ပြီး လယ်မြေများ ထိခိုက်ပျက်စီးမှုမှ ကာကွယ်နိုင်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်သော ရေငန်တားတာနှင့် ရေတံခါးများ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ဇလဗေဒနှင့် ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်း၊ မြေပြင်တိုင်းတာခြင်း စသည့်လုပ်ငန်းများအား စူးစမ်းလေ့လာသွားရမည်ဖြစ်ပြီး လုပ်ငန်းပမာဏလည်း ကြီးမားသည့်အတွက် အချိန်ယူဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

စူးစမ်းလေ့လာမှုများမှ ရရှိလာသည့် အချက်အလက်များအရ ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ လေ့လာဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝ ထိခိုက်နိုင်မှု ရှိ/မရှိ (EIA, SIA) လေ့လာဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးနောက် လုပ်ငန်းဆောင်ရွက်ရန် ဖြစ်မြောက်နိုင်စွမ်းရှိပြီး အမှန်တကယ် အကျိုးဖြစ်ထွန်းမှုရှိသော လုပ်ငန်းဖြစ်ပါက ခန့်မှန်းကုန်ကျငွေတွက်ချက်ပြီး ရခိုင်ပြည်နယ်အစိုးရမှ ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှု အပေါ်အခြေခံပြီး လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးကျော်ထွေးက **"ပြည်ထောင်စုမြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများ၊ ကမ်းခြေဒေသများတွင် နှစ်စဉ်ဖြစ်ပွားလျက်ရှိသည့် ရေကြီးရေလျှံမှုများနှင့် ခြောက်သွေ့ရာသီတွင် နိုင်ငံတစ်ဝန်း သောက်သုံးရေရှားပါးပြတ်လပ်မှုများအတွက် ခြုံငုံလေ့လာသုံးသပ်၍ စီမံကိန်းတစ်ရပ်ချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန်နှင့် ပြည်သူလူထုကို အကျိုးပြုခဲ့သော တိမ်ကောမြစ်ချောင်းများအား ပြန်လည်တူးဖော်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို"** ကို တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူခဲ့သည်။

**(သတင်းစဉ်)**

# ပြည်ပရောက် မြန်မာအလုပ်သမားများအား တရားဝင်အသိအမှတ်ပြုနိုင်ရေး ဆောင်ရွက်ပေးမည်

## ■ တွေ့ဆုံမေးမြန်း - ညီညီထွန်းနှင့်အဖွဲ့

**ပြည်ပသို့ အိမ်တွင်းအထောက်အကူအလုပ်သမားများ တရားဝင်စေလွှတ်မှုနှင့် ပတ်သက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်နွေဦး ကို တွေ့ဆုံမေးမြန်းထားသည်များအား ပြန်လည်တင်ပြလိုက်ပါသည် -**

**မေး ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အားဝန်ကြီးဌာနက အိမ်တွင်းအထောက်အကူအလုပ်သမားတွေကို တရားဝင်စေလွှတ်တာ ရှိပါသလား။**

ဖြေ ။ မြန်မာအလုပ်သမားတွေ ပြည်ပကို သွားရောက်အလုပ်လုပ်ကိုင်တာကို ၁၉၉၀ ပြည့်နှစ်က စတင်ခဲ့ပါတယ်။ အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်တွေ စနစ်တကျရှိဖို့၊ ဥပဒေနဲ့အညီ ဖြစ်ဖို့အတွက် ၁၉၉၉ ခုနှစ်မှာ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပြီး လုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။

လိုင်စင်ရ ပြည်ပအလုပ်အကိုင် အကျိုးဆောင်အေဂျင်စီတွေကတစ်ဆင့် အမျိုးသမီးအိမ်တွင်း အထောက်အကူအလုပ်သမားတွေကို တရားဝင်အနေနဲ့ ဟောင်ကောင်ကို ၁၇၄ ဦး၊ စင်ကာပူကို ၁၃၀ စေလွှတ်ခဲ့ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ၂၀၁၄ ခုနှစ် ဇွန်လမှာ ယာယီရပ်ဆိုင်းခဲ့ပါတယ်။

ဒါပေမယ့် လက်ရှိအချိန် နိုင်ငံတော်က အိမ်တွင်းအထောက်အကူအလုပ်သမားတွေ တရားဝင်စေလွှတ်ခြင်းမရှိပေမယ့် အလည်အပတ်ဗီဇာ၊ တခြားအလုပ်အကိုင်အမျိုးအစားတွေနဲ့ တရားမဝင်ပြည်ပနိုင်ငံတွေကို နည်းလမ်းအမျိုးမျိုးနဲ့ သွားပြီး အလုပ်လုပ်ကိုင်နေကြပါတယ်။

**မေး ။ ပြည်ပမှာ ရောက်ရှိနေတဲ့ အိမ်တွင်းအထောက်အကူအလုပ်သမားအရေအတွက်ကို သိရှိလိုပါတယ်။**

ဖြေ ။ ကျွန်မတို့ ဝန်ကြီးဌာနက ၂၀၁၄ ခုနှစ် ဇွန်လကစပြီး မြန်မာအိမ်တွင်းအထောက်အကူအလုပ်သမားတွေ တရားဝင်စေလွှတ်ထားခြင်းမရှိပေမယ့် စင်ကာပူမှာ ၃၀၀၀၀ ကနေ ၄၀၀၀၀ အထိ၊ ထိုင်းနိုင်ငံမှာ ၂၀၀၀၀ လောက် ရောက်ရှိအလုပ်လုပ်ကိုင်နေတယ်လို့ သက်ဆိုင်ရာမြန်မာသံရုံးတွေရဲ့ စာရင်းအရ သိရှိရပါတယ်။



ဒေါ်ခင်နွေဦး
ဒုတိယ ညွှန်ကြားရေးမှူးချုပ်
အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန

**မေး ။ တရားမဝင် သွားအလုပ်လုပ်ကိုင်တဲ့ မြန်မာ အိမ်တွင်းအထောက်အကူအလုပ်သမားတွေ တွေ့ကြုံရတဲ့ အခက်အခဲကို သိရှိလိုပါတယ်။**

ဖြေ ။ တရားမဝင် သွားအလုပ်လုပ်ကိုင်တဲ့အတွက် မြန်မာအလုပ်သမားတွေဟာ လုပ်ခလစာ ခေါင်းပုံဖြတ်ခံရတယ်။ သတ်မှတ်လစာနှုန်းအတိုင်း မရဘူး။ လုပ်ခလစာမပေးဘဲထားတယ်။ အလုပ်ရှင်ရဲ့ညှဉ်းပန်းနှိပ်စက်မှုခံရတယ်။ အားလပ်ရက်နဲ့ အလုပ်ချိန်သတ်မှတ်မှုမရှိတာတွေကြောင့် ကျန်းမာရေးထိခိုက်မှုတွေ၊ ဆက်ပြီးနေထိုင်အလုပ်လုပ်ကိုင်နိုင်မှု မရှိတာတွေကြောင့် မြန်မာနိုင်ငံကို ပြန်လာတာတွေ၊ လုပ်ငန်းခွင်ကနေထွက်ပြေးလို့ ထိခိုက်ဒဏ်ရာရတာတွေ၊ စိတ်ဖိစီးမှုတွေများပြီး ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်တဲ့အထိ စတဲ့ ပြဿနာတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။

သူတို့လုပ်ငန်းခွင်ကို ရောက်ရှိတဲ့အခါ ပြင်ပကို ဆက်သွယ်သွားလာခွင့်နဲ့ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ရင် ပြင်ပကို ဆက်သွယ်ဖို့ အခွင့်အရေး မရှိသလောက် နည်းပါးတာတွေ၊ သက်ဆိုင်ရာနိုင်ငံရဲ့တည်ဆဲဥပဒေအရ အကာအကွယ် မရရှိနိုင်ဘဲ လုပ်ကိုင်နေကြရတာတွေ ရှိပါတယ်။

**မေး ။ အိမ်တွင်းအလုပ်သမားတွေဟာ ဘယ်လိုအလုပ်အမျိုးအစားတွေ လုပ်ကိုင်ရပါသလဲ။**

ဖြေ ။ သူတို့အနေနဲ့ အိမ်တွင်းဧည့်ကြို၊ သန့်ရှင်းရေး အလုပ်သမား၊ ဥယျာဉ်မှူး၊ ယာဉ်မောင်း၊ ချက်ပြုတ်သူ၊ အိမ်တွင်းမှုပစ္စည်းကို ကြံခိုင်ထိန်းသိမ်းမှုပြုပေးသူ၊ ကလေးသူငယ်စောင့်ရှောက်သူ၊ ကလေးငယ်တွေကို စာသင်ပေးသူ၊ အိမ်တွင်းကျန်းမာရေး ဝန်ထမ်း၊ လုံခြုံရေးဝန်ထမ်း၊ အိမ်မှုကိစ္စတွေ စီမံခန့်ခွဲပေးသူစတဲ့ အလုပ်ခွင်တွေမှာ လုပ်ကိုင်ကြပါတယ်။

**မေး ။ စင်ကာပူနဲ့ ဟောင်ကောင်တို့မှာ အိမ်တွင်းအလုပ်သမားတွေ ရရှိတဲ့ လစာကို သိလိုပါတယ်။**

ဖြေ ။ တရားဝင်စေလွှတ်ခဲ့တဲ့ စာရင်းအရ စင်ကာပူမှာ တစ်ပတ် ခြောက်ရက်လုပ်ရပြီး လစာအနေနဲ့ တစ်လ စင်ကာပူဒေါ်လာ ၄၇၀ (အမေရိကန်ဒေါ်လာ ၃၅၀ ခန့်) ရရှိပါတယ်။

ဟောင်ကောင်မှာ တစ်ပတ် ခြောက်ရက်လုပ်ရပြီး တစ်လ လုပ်ခလစာ အမေရိကန်ဒေါ်လာ ၅၀၅ ဒေါ်လာခန့်ရရှိပါတယ်။ ဒါ့အပြင် အစိုးရကို ပေးသွင်းရတဲ့ Levy အာမခံကို အလုပ်ရှင်က ပေးဆောင်ရပြီး အလုပ်စာချုပ်သက်တမ်းပြီးဆုံးလို့ အပြန်လေယာဉ်စရိတ်ကို အလုပ်ရှင်က ကျခံပေးရမှာဖြစ်ပါတယ်။

**မေး ။ ပြည်ပရောက်ရှိနေတဲ့ အိမ်တွင်းအလုပ်သမားတွေကို ဆောင်ရွက်ပေးမယ့် နိုင်ငံတော်ရဲ့ အစီအစဉ်ကို သိလိုပါတယ်။**

ဖြေ ။ သူတို့ကို မြန်မာနိုင်ငံရဲ့ပြည်ပသွားရောက် အလုပ်လုပ်ကိုင်တဲ့ တရားဝင်စာရင်းမှာ ပါဝင်ခြင်းမရှိပေမယ့် သူတို့အလုပ်လုပ်ကိုင်တဲ့နိုင်ငံမှာ တရားဝင်နိုင်ငံခြားသား အိမ်တွင်းအထောက်အကူအလုပ်သမားအဖြစ် ရပ်တည်အလုပ်လုပ်ကိုင်နေကြပါတယ်။

ပြည်ပရောက်ရှိနေတဲ့ မြန်မာအိမ်တွင်းအလုပ်သမားတွေဟာ သက်ဆိုင်ရာနိုင်ငံရဲ့ ဥပဒေအရ အလုပ်သမား အကျိုးခံစားခွင့်၊ တရားဝင်ကူညီစောင့်ရှောက်မှုတွေ မရတဲ့အတွက် အများကြီး စိတ်မကောင်းဖြစ်ရပါတယ်။ ဒါ့ကြောင့် ပြည်ပမှာ တရားမဝင်ရောက်ရှိအလုပ်လုပ်ကိုင်နေတဲ့ အိမ်တွင်းအထောက် အကူအလုပ်သမားတွေကို အထောက်အထားရရှိရေး၊ တရားဝင်အလုပ်လုပ်ကိုင်သူအဖြစ် အသိအမှတ်ပြုပေးနိုင်ရေး လုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ ပြည်ပမှာ ရောက်ရှိနေတဲ့ မြန်မာအိမ်တွင်း အလုပ်သမားတွေကို ကူညီစောင့်ရှောက်မှုပေးနိုင်ဖို့ စာရင်းကောက်ယူသွားမှာ ဖြစ်ပါတယ်။ သူတို့ကို သက်ဆိုင်ရာနိုင်ငံရဲ့ ဥပဒေနဲ့အညီ အကျိုးခံစားခွင့်ရရှိဖို့၊ ကာကွယ်စောင့်ရှောက်မှုပေးဖို့တွေကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**မေး ။ အိမ်တွင်းအလုပ်သမားတွေနဲ့ ပတ်သက်ပြီး ထပ်မံပြောကြားလိုတဲ့ အချက်များရှိရင် ပြောပေးစေလိုပါတယ်။**

ဖြေ ။ ကမ္ဘာ့စီးပွားရေးအခြေအနေအရ မိသားစုမှာ အမျိုးသားရော အမျိုးသမီးများပါ လခစားအလုပ်အကိုင်တွေ လုပ်ကိုင်လာကြရတာမို့ မသန်စွမ်းသူတွေ၊ ကလေးသူငယ်တွေ၊ အသက်အရွယ်ကြီးရင့်သူတွေကို ပြုစုစောင့်ရှောက်မှုလုပ်ငန်းတွေ ပေါ်ပေါက်လာတဲ့အတွက် အိမ်တွင်းအလုပ်သမားတွေရဲ့ကဏ္ဍက ပိုပြီးအရေးပါလာတာကို တွေ့ရပါတယ်။

လက်ရှိ ဒီလုပ်ငန်းက ပညာအရည်အချင်းနည်းပါးတဲ့ သာမန်အမျိုးသမီးငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတစ်ခု ဖြစ်ပါတယ်။ အလုပ်လက်မဲ့ လျှော့ချနိုင်တဲ့အပြင် မိခင်နိုင်ငံကို မိသားစုလွှဲပို့ငွေ စီးဆင်းစေတဲ့ အချက်တွေလည်း ဖြစ်ပေါ်စေပါတယ်။

ဒါကြောင့် ပြည်ပရောက်ရှိနေတဲ့ အိမ်တွင်းအလုပ်သမားတွေအပါအဝင် မြန်မာအလုပ်သမားအားလုံးကို တတ်နိုင်သလောက် ကာကွယ်စောင့်ရှောက်မှုတွေ ပေးသွားမှာဖြစ်ပြီး ပြည်သူတွေကိုလည်း အသိပညာပေးမှုတွေ လုပ်ဆောင်ပေးသွားမယ်လို့ ပြောချင်ပါတယ်။

ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။

# သုံးစွဲရန်မသင့်သောအလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်း(၆)မျိုးသည် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သုံးစွဲရန်မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | Jiaoli Miraculous Cream; 1, 2 | Harbin Gelidai Jiabao Cosmetics Co., Ltd., Nanyuan | Mercury (+) |
| ၂။ | Kone’ Facial Cream –Whitening Cream (4g) | Kone Natural Herb Co., Ltd., Thailand | Mercury (+) |
| ၃။ | Kim Whitening Pearl With Collagen Cream | ထိုင်းဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (+) |
| ၄။ | Kim Whitening Pearl and Snow Lotus Cream | ထိုင်းဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (+) |
| ၅။ | S’Zitang 7-Day Specific Whitening Anti-Speckle Cream | တရုတ်ဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (+) |
| ၆။ | Shichade’ Japanese Rich Herb 3 in 1 Excellent Care | Made in Japan | Mercury (+) |




၃။ အဆိုပါအလှကုန်ပစ္စည်းများကို အများပြည်သူလူထု သုံးစွဲခြင်းမပြုကြရန်နှင့် ပြည်တွင်းဈေးကွက်တွင် တင်သွင်း၊ ဖြန့်ဖြူးရောင်းချနေမှုများကိုတွေ့ရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေး ဆိုင်ရာဥပဒေပုဒ်မ ၃၊ အပိုဒ် (၃) (ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ငွေကျပ်သိန်း ၁၀၀၀ လှူဒါန်း

**တောင်ကြီး ဩဂုတ် ၃**

မြန်မာနိုင်ငံအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဩဂုတ် ၃ ရက်က ရှမ်းပြည်နယ်အစိုးရအဖွဲ့ထံ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) ကိုယ်စားတာဝန်ရှိသူ ဦးခင်အောင်နှင့် ကမ္ဘောဇဘဏ်လီမိတက် တောင်ကြီးဘဏ်ခွဲ တာဝန်ခံ ဒေါ်စန္ဒာဝင်းတို့က ငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ အလှူငွေ လက်ခံယူခဲ့သည့် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က “သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ဖို့အတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းဟာ ရှမ်းပြည်နယ်အတွင်းသာမက တိုင်းဒေသကြီးနဲ့ ပြည်နယ်အနှံ့ လှူဒါန်းပေးနေတာကို ကြားသိရပါတယ်။ ဒါကြောင့် ပြည်သူတွေကိုယ်စား ကျေးဇူးအများကြီးတင်ပါတယ်” ဟု ပြောကြားသည်။




အလှူငွေ ပေးအပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ BFM ၏ တာဝန်ရှိသူ ဦးခင်အောင်က ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားချိန်အတွင်း BFM အနေဖြင့်သော်လည်းကောင်း၊ အခြားပရဟိတအဖွဲ့များနှင့် အလှူရှင်များ အနေဖြင့်လည်းကောင်း၊ လူအား ငွေအားဖြင့် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ခက်ခဲပင်ပန်းစွာ ဆောင်ရွက်ခဲ့ရပြီး လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်၍ ဝေးလံခေါင်သီသော အချို့ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိရန် နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့ခဲ့ရမှုကို အခြေခံ၍ ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဆိုလျှင် မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့နေရသဖြင့် သက်ဆိုင်ရာ အစိုးရအဖွဲ့များ အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးပံ့ပိုးကူညီ ဆောင်ရွက်နိုင်ရန် ယခုကဲ့သို့ လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

BFM အနေဖြင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ၂၀၁၆ ခုနှစ် ဇွန်လမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုသို့ ငွေကျပ်သိန်း ၁၀၀၀ စီ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သဲနိုင်ဦး(မြန်မာစာ)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဩဂုတ် ၃** - မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ (မိုး/ဇလ)

# မြစ်ရေဆက်လက်တိုးလာသဖြင့် မြစ်နံဘေးမှ ပြောင်းရွှေ့ခြင်းမရှိသူများအား လိုက်လံဆော်ဩ



**အောင်လံ ဩဂုတ် ၃**

အောင်လံမြို့၌ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ် ၂၅၅၀ စင်တီမီတာမှ ဩဂုတ် ၂ ရက်တွင် ၂၅၈၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် တစ်ပေခွဲခန့် ဆက်လက်မြင့်တက်နေသဖြင့် မြို့နယ်သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးအဖွဲ့မှ ပြောင်းရွှေ့ရန်ကျန်ရှိနေသော အိမ်ထောင်စုများအား အမြန်ဆုံးရွှေ့ပြောင်းစေရေးအတွက်ဆော်ဩခြင်း၊ အဖွဲ့လိုက်သွားရောက်၍ ရွှေ့ပြောင်းစေခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ **(ဓာတ်ပုံ)**

အောင်လံမြို့နယ်၌ ဩဂုတ် ၂ ရက်တွင် ရေဘေးသင့်အိမ်ထောင်စုများဖြစ်ကြသော မကျီးကုန်းရပ်ကွက် အိမ်ထောင်စု ၃၅ စု မှ လူဦးရေ ၁၀၉ ဦးနှင့် ကန်ကြီးရပ်ကွက် အိမ်ထောင်စု ၂၇ စုမှ လူဦးရေ ၁၃၆ ဦးအား နီးစပ်ရာ ဆွေမျိုးသားချင်းများ နေအိမ်တွင် လည်းကောင်း၊ စက်ရုံ ရပ်ကွက် အိမ်ထောင်စု ၅၀ မှ လူဦးရေ ၁၉၉ ဦးအား ကုသိနာရုံ ဘုရားစောင်းတန်းတွင် လည်းကောင်း၊ ကျန်အိမ်ထောင်စု ၁၃၆ စု လူဦးရေ ၅၄၇ ဦးတို့အား စက်ရုံရပ်ကွက် လမ်းမတော်လမ်းတွင် လည်းကောင်း၊ ရွာထောင်ရပ်ကွက်မှ အိမ်ထောင်စု ၄၀ မှ လူဦးရေ ၁၆၈ ဦးအား နီးစပ်ရာ ဆွေမျိုးသားချင်းများနေအိမ်တွင်လည်းကောင်း ထားရှိကြောင်း သိရသည်။ **သိန်းလွင်(ပြန်/ဆက်)**

# ပြည်သူလူထုအခြေပြု ရွှေ့လျားကျန်းမာရေးဆေးခန်း ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၃**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဇူလိုင် ၃၁ ရက်တွင် နေပြည်တော် လယ်ဝေးမြို့နယ် ဝက်ကမူကျေးရွာသို့ သွားရောက်ကာ ရွေ့လျားကျန်းမာရေးဆေးခန်းကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဒေါက်တာနုနုသာက အမှာစကားပြောကြားပြီး လက်ထောက် ဆရာဝန်ဒေါက်တာသက်နိုင်ဦးက "ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများအကြောင်း" နှင့် "ရွေ့လျားကျန်းမာရေး ဆေးခန်းဖွင့်လှစ်ရခြင်းနှင့် ကိုယ်ဝန်ဆောင် စနစ်တကျစောင့်ရှောက်မှုခံယူရန် အရေးပါမှု၊ ကျွမ်းကျင်သူများဖြင့် မွေးဖွားရန်" အကြောင်းကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲအုပ် ရဲဝင်းလွင်က "လူကုန်ကူးခြင်းဆိုင်ရာ သိကောင်းစရာများ" ကိုလည်းကောင်း၊ အသင်းရုံး လက်ထောက်ဆရာဝန်များက ပျို့ရွယ်သူကျန်းမာရေးအသိပညာပေးခြင်းကို လည်းကောင်း ဟောပြောခဲ့ကြသည်။

ဟောပြောပွဲတွင် သက်ကြီးဘိုးဘွားများ၊ ကိုယ်ဝန်ဆောင်များ၊ လူငယ်များ အပါအဝင် ကျေးရွာ၊ ရပ်ကွက်မှ တာဝန်ရှိသူများတက်ရောက်ခဲ့သည်။ ထို့နောက် အဘိုးအဘွားများကို အားဆေးနှင့် အာဟာရဖြစ်စေသော အစားအစာများကို လည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို တစ်ခါသုံးမွေးအိတ်၊ အိုင်အိုဒင်းဆားနှင့် ဆပ်ပြာများကိုလည်းကောင်း၊ ကျေးရွာစာကြည့်တိုက်အတွက် မေတ္တာစမ်းရေမဂ္ဂဇင်းများကိုလည်းကောင်း လှူဒါန်းခဲ့ကြသည်။ ထို့နောက် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ကိုယ်ဝန်ဆောင် ၁၇ ဦး၊ သက်ကြီးဘိုးဘွား ၇၀၊ မျက်စိလူနာ ၄၈ ဦး၊ သွားနှင့်ခံတွင်းလူနာ ငါးဦးနှင့် အထွေထွေလူနာ ၄၅ ဦး စုစုပေါင်း ၁၈၅ ဦးတို့ကို ကြည့်ရှုစစ်ဆေးကုသပေးခဲ့ပြီး ညွှန်းပို့ရန်လိုအပ်သောလူနာများကို နီးစပ်ရာ ကျန်းမာရေးဌာနသို့ ညွှန်းပို့ခြင်းနှင့် ချို့တဲ့လူနာများကို ထောက်ပံ့ခြင်းများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေနစ်မြုပ်ကျေးရွာများသို့ သောက်ရေသန့်များလှူဒါန်း

**မြစ်ငယ် ဩဂုတ် ၃**

ဒုဋ္ဌဝတီမြစ်ရေဝင်ရောက်မှုကြောင့် သောက်သုံးရေအခက်အခဲဖြစ်ပေါ်လျက်ရှိနေသည့် ကျေးရွာများသို့ မြစ်ငယ်နယ်မြေရဲစခန်းမှ ဩဂုတ် ၂ ရက်က သောက်ရေသန့်ဘူးများ လှည့်လည်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြစ်ငယ်နယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်အောင်မျိုးသန့်၊ ဒုရဲအုပ်မြစိုးနှင့်တပ်ဖွဲ့ဝင်များသည် အမရပူရမြို့နယ် ဆင်ရွာမြင်းမှူး၊ သူငယ်တော်၊ လက်ပံဇင်၊ ရေကြည်ပေါက်၊ မြစ်တူး၊ စားတော်ကျေးရွာတို့ရှိ ဘုန်းတော်ကြီးကျောင်း၊ ကျေးရွာအိမ်ထောင်စုဝင်များအား လှူဒါန်းခဲ့ကြောင်း သိရသည်။ **မောင်မောင်စိုး(မြစ်ငယ်)**

# ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားရေး ကွင်းဆင်းဆောင်ရွက်

**လက်ပံတန်း ဩဂုတ် ၃**

ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ညွှန်ကြားချက်ဖြင့် လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများသည်ဩဂုတ် ၁ ရက်က မြို့နယ်အတွင်းရှိ လမ်းဘေးတွင်ရောင်းချသည့် တုတ်ထိုးဆိုင်များ၊ အသုပ်ဆိုင်များ၊ မုန့်ဟင်းခါးဆိုင်များနှင့်ခေါက်ဆွဲဆိုင်များ၊ ထမင်းဆိုင်များအား ဝမ်းပျက်ဝမ်းလျှော(ကူးစက်မြန်) ရောဂါမဖြစ်ပွားရေးအတွက် အစားအသောက်ရောင်းချရာတွင် သန့်ရှင်းလတ်ဆတ်သည့် အစားအသောက်များဖြစ်စေရေးနှင့် ယင်လုံဆန်ခါများဖြင့် ဖုံးအုပ်ကာကွယ်ရောင်းချရေးတို့ကို တစ်ဆိုင်ချင်းလိုက်လံစစ်ဆေး၍ ပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အောင်ဆင့်**

# ရေကျော်၍ပျက်စီးနေသည့် လမ်းမအား အရေးပေါ်ပြုပြင်

**တောင်သာ ဩဂုတ် ၃**

ဇူလိုင်လကုန်က မကြာခဏ ရွာသွန်းခဲ့သည့် မိုးများကြောင့် ရန်ကုန်-ပြည်-မန္တလေးလမ်းမကြီးရှိ တောင်သာ-မြင်းခြံအပိုင်း၌ မိုင်တိုင် အမှတ် ၄၄၇/၁ နှင့် ၄၄၇/၂ ကြားတွင် ရေကျော်ကာ လမ်းပျက်စီးနေ၍ (ယာဉ်သွားလာမှု အခက်အခဲမရှိစေရေး၊ လမ်းပိတ်ဆို့ကြန့်ကြာမှု မဖြစ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးတို့အတွက်) ရေထုတ်ပြွန်တပ်ဆင်ခြင်းလုပ်ငန်းကို လမ်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ထွန်းညိုလူကုမ္ပဏီမှ ဝန်ထမ်းများနှင့် တောင်သာမြို့မရဲစခန်းမှ ဒုတိယရဲမှူး ကျော်လင်းထွန်း ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက ဩဂုတ် ၂ ရက်က ပူးပေါင်းကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**




# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသော ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၂ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

*ယမန်နေ့မှအဆက်*

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၅၂ | ချစ်ဦးညို | အဆိပ်နှင့် ကမ္ဘာတစ်သိန်း | ၃၅၀၀ိ/- | လက်ာဒီပစာပေ |
| ၅၃ | စန္ဒာဆွေ | ဒီမိုကရေစီမြတ်နိုးသူများသို့ စာပေလက်ဆောင် | ၁၂၀၀ိ/- | ရှုဝံစာပေ |
| ၅၄ | ထန်းတပင်စန်းလွင် | မီးလျှံများကိုဖြတ်ကျော်ခြင်း | ၁၂၀၀ိ/- | ညီမေတ္တာစာပေ |
| ၅၅ | အောင်ဆန်းစုကြည် | ဒီစကား ၁၀၀ အောင်ဆန်းစုကြည် | ၄၀၀၀ိ/- | စာအုပ်ဈေး |
| ၅၆ | မင်းထက်မောင် | အတော့်ကို ကိုးရိုးကားရားနိုင်လှတဲ့ အသံမြည် ပိုးတောင်မာကောင်လေး | ၁၅၀၀ိ/- | ရှုဝံစာပေ |
| ၅၇ | မရွှေဆု | နတ်သမီးလေးပန်စီနှင့် အိပ်ရာဝင်ပုံပြင်များ | ၁၅၀၀ိ/- | ရှုဝံစာပေ |
| ၅၈ | မင်းထက်မောင် | နွားပေါက်အသစ်ကလေး | ၁၅၀၀ိ/- | ရှုဝံစာပေ |
| ၅၉ | ဒေါက်တာနိုက်တင်ဂေးလ် | ချမ်းသာရေးအတွက် ကျန်းမာရေးလက်ဆောင် | ၂၅၀၀ိ/- | ဇေယျာမြေ |
| ၆၀ | ကျော်သူ | ကျွန်တော်တို့လို လူပြိန်းများအတွက် | ၁၇၀၀ိ/- | ခမ်းတီလုံ |
| ၆၁ | ဇေယျာလင်း | ဇေယျာလင်း လက်ရွေးစင် | ၁၈၀၀ိ/- | စိတ်ကူးချိုချို |
| ၆၂ | မင်းနိုင်လေး(လမ်းမတော်) | ဘဝရတနာ ပန်းအလင်္ကာ ကလေးကဗျာများ | ၁၅၀၀ိ/- | ရန်အောင် |
| ၆၃ | ပုလောစိုးနံ့သာ | ပြဒါးမဲ့မှန်ကဗျာများ | ၁၅၀၀ိ/- | နိုင်ငံ့ဂုဏ်ရည် |
| ၆၄ | ကလောင်စုံ | လေးနားညီသစ္စာရသကဗျာများ | ၂၅၀၀ိ/- | |
| ၆၅ | သန်းဝင်းလှိုင် | နှစ် ၃၀၀ မြန်မာနိုင်ငံရေး အဘိဓာန် | ၅၅၀၀ိ/- | စိတ်ကူးချိုချို |
| ၆၆ | ဆူးငှက် | ငှက်၏ ကောင်းကင်နှင့် အခြားဝတ္ထုတိုစု | ၂၀၀၀ိ/- | ရှုဝံ |
| ၆၇ | မင်းထက်မောင် | ဒီလိုညနေခင်းမျိုးမှာ ငါစဉ်းစားနေမိတာ | ၁၃၀၀ိ/- | စိတ်ကူးချိုချို |
| ၆၈ | နေစိုးထက် | စစ်ပွဲများနှင့် မြန်မာနိုင်ငံ | ၂၅၀၀ိ/- | တွတ်ပီစာပေ |
| ၆၉ | ဦးနု | ဦးနု၏ ပြဇာတ်(၄)ပုဒ် | ၄၅၀၀ိ/- | စိတ်ကူးချိုချို |
| ၇၀ | ကျော်ဖြူစံ | ပုံပြဇာတ်တော်ကြီး ဆယ်ဘွဲ့(ပ) | ၇၀၀၀ိ/- | စိတ်ကူးချိုချို |
| ၇၁ | ကျော်ဖြူစံ | ပုံပြဇာတ်တော်ကြီး ဆယ်ဘွဲ့(ဒု) | ၇၀၀၀ိ/- | စိတ်ကူးချိုချို |
| ၇၂ | မအိ | အသစ်ဖြစ်မယ့် အဟောင်းကဗျာလက်ရွေးစင် | ၃၀၀၀ိ/- | စိတ်ကူးချိုချို |
| ၇၃ | ထန်းတပင်စန်းလွင် | မီးလျှံများကို ဖြတ်ကျော်ခြင်း | ၁၂၀၀ိ/- | ညီမေတ္တာ |
| ၇၄ | ကျော်သက်ဟန် | ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်နှင့် မြန်မာနိုင်ငံ ဦးသန့်အရေးအခင်းလှုပ်ရှားမှု | ၇၀၀ိ/- | စိတ်ကူးချိုချို |
| ၇၅ | Ven-Neminda | How to practice in sight meditation | ၁၀၀၀ိ/- | |
| ၇၆ | Ven- Neminda | Mahagand hayuno monastery and its History | ၁၀၀၀ိ/- | |
| ၇၇ | မောင်ကိုကို(အမရပူရ) | မောင်ကိုကို အက်ဆေးများ | ၃၀၀၀ိ/- | စိတ်ကူးချိုချို |
| ၇၈ | ထက်မြက် | အမှောင်ထုကို ဖြတ်သန်းခြင်း | ၄၀၀၀ိ/- | စိတ်ကူးချိုချို |
| ၇၉ | ဒေါက်တာဝင်းမောင်ထက် | အပြန်အလှန်ပြောကြား နေ့စဉ်သုံးမလေးစကား ၁၀၀၁ | ၂၀၀၀ိ/- | ဟန်သာဆု |
| ၈၀ | လွတ်တော်ရှေ့နေ မောင်ကောင်းဖေ | မြေရှင်သူဌေးကြီးဖြစ်ရပါစေ | ၂၅၀၀ိ/- | I Myanmar House |
| ၈၁ | ဒေါက်တာကျော်ဝင်း | ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတည်ဆောက်ခြင်း | ၃၀၀၀ိ/- | ခေတ်ပြတိုက် |
| ၈၂ | မင်းအောင်မင်း | ဒီမိုကရေစီခေတ်နှင့်အညီ အလုပ်အကိုင်ရှာဖွေနည်း | ၂၅၀၀ိ/- | မြန်မာ့ခေတ် |
| ၈၃ | အောင်သူ(မန်း) | ခေတ်သုံးခေတ် အကျဉ်းသား | ၂၅၀၀ိ/- | စိတ်ကူးချိုချို |
| ၈၄ | တင်ချိုချော | စားပါ အားမနာပါနဲ့ | ၆၀၀၀ိ/- | Synengy |
| ၈၅ | ရဲငြိမ်း | ဇရာပြို၊ မောင်နံ့နှင့် တောင်ပြုန်း | ၉၀၀ိ/- | သစ္စာအလင်း |
| ၈၆ | ကလောင်စုံ | ထောင်အရသာ | ၁၇၀၀ိ/- | စိတ်ကူးချိုချို |
| ၈၇ | ကျော်မောင်(မြိတ်) | သာသနာ့အမွေခံ | ၇၀၀ိ/- | သစ္စာအလင်း |
| ၈၈ | အသေမဦးခင် မြိတ်ဝင်းတင် | ဒိဋ္ဌိက္ခာစင် တရားဝင် | ၁၃၀၀ိ/- | သစ္စာအလင်း |
| ၈၉ | ကလောင်စုံ | သစ်ရွက်သေများပေါ်က ရက်စက်သောဂီတ | ၂၀၀၀ိ/- | နှင်းဆီဖြူ |
| ၉၀ | နောင်ခိုင် | မနက်ဖြန်သို့----အတွေးစများ | ၁၅၀၀ိ/- | ရန်အောင် |
| ၉၁ | ဖိုးစိုင်း(ဂျာနယ်လစ်) | ဒေါ်အောင်ဆန်းစုကြည်၏ ၂၁ ရာစု ပင်လုံမျှော်မှန်းချက် | ၂၀၀၀ိ/- | Journalist |
| ၉၂ | မောင်ဒေး | ကိုတာယာရှိ အီးဆာ၏ ဟိုက္ကူများ | ၁၅၀၀ိ/- | နှင်းဆီဖြူ |
| ၉၃ | ခင်မောင်နှင်း | ဒို့ဘုရား သာသနာ ၅၀၀၀ ပဲလားနှင့် ဘာသာရေးဆောင်းပါးများ | ၁၅၀၀ိ/- | ဓမ္မရောင်ခြည် |
| ၉၄ | ကလောင်စုံ | ပဥ္စမံပရိုင်းမိတ် | ၂၀၀၀ိ/- | နှင်းဆီဖြူ |
| ၉၅ | မောင်ယဉ်မောင် | မာလာလာ | ၅၀၀၀ိ/- | The key |
| ၉၆ | ဦးဝင်းဖေ | မှုန်ရီဆိုင်း တိုင်းမြန်မာ | ၅၀၀၀ိ/- | နေရီရီ |

## ဒေါ်နယ်ထရန့် အမေရိကန်သမ္မတဖြစ်ရန် သင့်တော်သူမဟုတ်ဟု အမေရိကန်သမ္မတ အိုဘားမားဆို

**ဝါရှင်တန် ဩဂုတ် ၃**

ရီပတ်ဘလစ်ကန် သမ္မတလောင်းအဖြစ် ရွေးချယ်ထားသူသည် ဂိုးလ်စတားမိသားစုကို တိုက်ခိုက်လိုသည်ကတစ်ကြောင်း၊ ပါတီနှစ်ခုလုံးက ၎င်းကို ကန့်ကွက်နေသည်ကတစ်ကြောင်း စသည့်အကြောင်းကြောင်းတို့ကြောင့် ဒေါ်နယ် ထရန့်သည် အမေရိကန်သမ္မတဖြစ်ရန် သင့်တော်သူမဟုတ်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဩဂုတ် ၂ ရက်တွင် ပြောကြားခဲ့သည်။

ရီပတ်ဘလစ်ကန် သမ္မတလောင်းအဖြစ် ရွေးချယ်ထားသူသည် အမေရိကန်သမ္မတတာဝန်ထမ်းဆောင်ရန် သင့်တော်သူမဟုတ်ဟု ထင်မြင်မိကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဝါရှင်တန်မြို့မိန့်ခွန်း၌ ပြောကြားခဲ့သည်။

ရီပတ်ဘလစ်ကန် သမ္မတလောင်းအဖြစ် ရွေးချယ်ထားသူသည် ဂိုးလ်စတားမိသားစုကို တိုက်ခိုက်မည့်ပုံရှိသည်ဟု ထင်မြင်မိကြောင်း၊ ၎င်းဂိုးလ်စတားမိသားစုသည် အမေရိကန်ပြည်ထောင်စုအတွက် အသက်ပေးစွန့်လွှတ်ခဲ့သူများ ဖြစ်ကြောင်း၊ ထို့အပြင် ၎င်းသည် ဥရောပ၊ အရှေ့အလယ်ပိုင်း၊ အာရှအရေးကိစ္စများကို နှံ့စပ်သိမြင်သူမဟုတ်ကြောင်း အိုဘားမားက ပြောကြားခဲ့သည်။ **(ရိုက်တာ)**

## စော်ဘွားလေယာဉ်တစ်စင်း ဒူဘိုင်းသို့အရေးပေါ်ဆင်းသက်

**ဒူဘိုင်း ဩဂုတ် ၃**

ဩဂုတ် ၃ ရက်နေ့ ဗုဒ္ဓဟူးနေ့က ခရီးသည် ၂၈၂ဦးနှင့် အမှုထမ်း ၁၈ ဦး စီးနင်းလိုက်ပါလာသော EK521 အမျိုးအစား စော်ဘွားလေယာဉ်တစ်စင်းသည် ဒူဘိုင်းလေဆိပ်သို့ အရေးပေါ်အခြေအနေကြောင့် ဆင်းသက်ခဲ့ရာ မတော်တဆ မီးလောင်မှုဖြစ်ပွားခဲ့သည်။ ထိုသို့ မီးလောင်စဉ်အတွင်း ခရီးသည်များ အားလုံးဘေးကင်းလုံခြုံရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့သည်။ EK521 အမျိုးအစား လေယာဉ်သည် အိန္ဒိယနိုင်ငံထရီဘန်ဒရန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ သီယူဗန်နန် သပူရန်နယ်မြေသို့ဆင်းသက်ရမည်ဖြစ်ရာ ဒူဘိုင်းသို့အရေးပေါ်အခြေအနေကြောင့်ဆင်းသက်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

## တောင်အာဖရိကသမ္မတ ဂျက်ကော့ဇူးမား စမ်းသပ်မှုကြုံတွေ့နေရ

**ကိတ်တောင်း ဩဂုတ် ၃**

တောင်အာဖရိကနိုင်ငံ၌ ရွေးကောက်ပွဲမဲရလဒ်များကို ရေတွက်တော့မည်ဖြစ်ရာ အာဏာရအာဖရိကန်အမျိုးသားကွန်ဂရက်နှင့် သမ္မတဂျက်ကော့ဇူးမားအတွက် စမ်းသပ်မှုတစ်ရပ်ပင်ဖြစ်သည်။ ၁၉၉၄ ခုနှစ်ရွေးကောက်ပွဲများ စတင်ကျင်းပစဉ်ကတည်းကစ၍ အာဖရိကန်အမျိုးသားကွန်ဂရက် (ANC)သည် နိုင်ငံရေးနယ်ပယ်ကို လွှမ်းမိုးနိုင်ခဲ့သည်။ သမ္မတဂျက်ကော့ဇူးမားသည် ၎င်း၏နေအိမ်ပြင်ဆင်ရေးအတွက် အသုံးပြုခဲ့သော အခွန်ငွေများအဖြစ် ဒေါ်လာ ၅၀၉၀၀၀ ကို ပြန်ပေးရန် ဖိအားပေးခံရပြီးနောက် လူထုကြိုက် နှစ်သက်မှု လျော့ကျလာသည်။ ဗုဒ္ဓဟူးနေ့ မဲရလဒ်များအရ ANC ပါတီသည် အဓိက မြို့ကြီးသုံးမြို့မှ မဲများဆုံးရှုံးရဖွယ်ရှိကြောင်း ပြသလျက်ရှိသည်။

လူအများအဓိက မဲပေးရခြင်း၏အကြောင်းမှာ စီးပွားရေးကြောင့်ဖြစ်ပြီး ယခုနှစ် စီးပွားရေးတိုးတက်မှုမှာ သုညရာခိုင်နှုန်းသာရှိသည်။ အလုပ်လက်မဲ့အရေအတွက်မှာလည်း ၂၇ ရာခိုင်နှုန်း ရှိသည်။ ဆန္ဒကျင်သူများက ပိုမိုကောင်းမွန်သောအိမ်ရာနှင့် ဘဝပိုင်ဆိုင်ရေး တောင်းဆိုခဲ့ကြသည်။ နောက်တစ်ကြိမ် သမ္မတရွေးကောက်ပွဲကို ၂၀၁၉ ခုနှစ်တွင် ကျင်းပမည်ဖြစ်သည်။

**(ဘီဘီစီ)**

## မြောက်ကိုရီးယား ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုထပ်မံပြုလုပ်



**ဆိုးလ် ဩဂုတ် ၃**

မြောက်ကိုရီးယားသည် နောက်ထပ်ဒုံးကျည်တစ်စင်းကို ပင်လယ်ထဲသို့ စမ်းသပ်ပစ်လွှတ်လိုက်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည့် သတင်းတစ်ရပ်ကို ဘီဘီစီတွင် ဩဂုတ် ၃ ရက်က ဖော်ပြခဲ့သည်။

ဒုံးကျည်ကို မြောက်ကိုရီးယား၏ အရှေ့ဘက်ကမ်းရိုးတန်း အတော်ဝေးဝေးနေရာမှ ပစ်လွှတ်စမ်းသပ်လိုက်ခြင်းဖြစ်ကြောင်း တောင်ကိုရီးယား ပူးတွဲကာကွယ်ရေးဦးစီးချုပ်က ပြောခဲ့သည်။ မြောက်ကိုရီးယားသည် တောင်ကိုရီးယားတွင် ဒုံးခွင်းဒုံးစနစ် ဖြန့်ကြက်မည့် အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ အစီအစဉ်ကို ထိထိရောက်ရောက် တုံ့ပြန်သောအားဖြင့် ထိုသို့စမ်းသပ်ပစ်လွှတ်ခြင်း ဖြစ်သည်။

မြောက်ကိုရီးယား၏နျူကလီးယားနည်းပညာကို ကုလသမဂ္ဂဆုံးဖြတ်ချက်ဖြင့်တားမြစ်ထားသော်လည်း မြောက်ကိုရီးယားအနေဖြင့် ၎င်း၏ဒုံးကျည်ပစ်လွှတ်စမ်းသပ်ခြင်းကို မကြာသေးမီလများအတွင်း ထပ်ကာထပ်ကာ ပြုလုပ်ခဲ့သည်။ ထိုသို့မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်လွှတ်စမ်းသပ်ခြင်းကို ကြည့်ခြင်းအားဖြင့် အိမ်နီးချင်းနိုင်ငံများကို တိုက်ခိုက်ဖို့ ရည်ရွယ်ပုံရကြောင်း၊ ထို့အပြင် ယင်းဒုံးကျည်သည် တာလတ်ပစ်ဒုံးကျည်ဖြစ်ပြီး မိုင်ပေါင်း ၆၂၀ ထိ ပစ်နိုင်ကြောင်း ပူးတွဲကာကွယ်ရေး ဦးစီးချုပ်က ပြောကြားခဲ့သည်။

မြောက်ကိုရီးယား၏ နောက်ထပ်ဒုံးကျည်စမ်းသပ် ပစ်လွှတ်မှုများကိုလည်း တတ်နိုင်သလောက် တားမြစ်ပိတ်ပင်သွားရန် ပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်မည်ဖြစ်သကဲ့သို့ မဟာမိတ်နိုင်ငံများကို ခြိမ်းခြောက်တိုက်ခိုက်နိုင်သည့် အန္တရာယ်များကိုလည်း ကာကွယ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အန်နာရီချေးအယ်လန်က ပြောကြားခဲ့သည်။

**(ဘီဘီစီ)**

## ဒါကာ စားသောက်ဆိုင်တိုက်ခိုက်မှုနောက်ကွယ်က ကြိုးကိုင်သူအဖြစ် သံသယရှိသူနှစ်ဦးကိုဖမ်းဆီး

**ဒါကာ ဩဂုတ် ၃**

ဘင်္ဂလားဒေ့ရှ်ရဲများသည် မြို့တော်ဒါကာ စားသောက်ဆိုင်တိုက်ခိုက်မှု၏ နောက်ကွယ်က ကြိုးကိုင်သူများအဖြစ် သံသယရှိသည့် လူနှစ်ဦးကိုဖမ်းဆီးခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဩဂုတ် ၃ ရက်က ဖော်ပြခဲ့သည်။

သံသယရှိသူများဖြစ်သည့် ကနေဒီယန်-ဘင်္ဂလားဒေ့ရှ် တမင်ချောင်ဒရီနှင့် ယခင်တပ်မတော်အရာရှိဟောင်း ဆိုင်းဇီအူဟိတ်တို့နှင့် သက်ဆိုင်သောသတင်းပေးနိုင်သူများကို ငွေသားဆုများပေးမည်ဖြစ်ကြောင်း လွန်ခဲ့သောအင်္ဂါနေ့က ကြေညာခဲ့သည်။ သံသယရှိသူတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၂၆၀၀၀ ပေးမည်ဖြစ်ကြောင်း ရဲအဖွဲ့ကကြေညာခဲ့သည်။


ယင်းဖမ်းဆီးရမိသူ နှစ်ဦးသည် လွန်ခဲ့သောလ ဇူလိုင် ၁ ရက်က ဒါကာ စားသောက်ဆိုင် တိုက်ခိုက်မှုတွင် ကြိုးကိုင်သူများဖြစ်မည်ဟု ယုံကြည်ကြောင်း ရဲအဖွဲ့ကပြောခဲ့သည်။ ယင်း စားသောက်ဆိုင်တိုက်ခိုက်မှုတွင် ဂျပန်လူမျိုး ခုနစ်ဦးအပါအဝင် လူ ၂၀ သေဆုံးခဲ့သည်။

ချောင်ဒရီသည် ပြည်တွင်းအကြမ်းဖက်အဖွဲ့အစည်း ခေါင်းဆောင်ဖြစ်မည်ဟု ရဲအဖွဲ့က သံသယရှိခဲ့သည်။ ချောင်ဒရီဟု ယူဆရသူတစ်ဦးကို အိုင်အက်စ် အကြမ်းဖက်အုပ်စု၏ဂျာနယ်မှ တွေ့ဆုံမေးမြန်းမှုပြုလုပ်ရာတွင် ၎င်းက အိန္ဒိယနှင့် မြန်မာနိုင်ငံတို့တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း ပြောခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**




## တရုတ်နိုင်ငံတောင်ပိုင်း ဟူနန်ပြည်နယ်တွင် သည်းထိတ်ရင်ဖို ဖန်သားလျှောက်လမ်းသစ်ဖွင့်



**ဟူနန် ဩဂုတ် ၃**

တရုတ်နိုင်ငံတောင်ပိုင်း ဟူနန်ပြည်နယ်တွင် သည်းထိတ်ရင်ဖိုဖြစ်ဖွယ်ရာ ဖန်သားဖြင့်ပြုလုပ်ထားသည့် ကောင်းကင်လျှောက်လမ်းသစ်တစ်ခုကို တီယန်မင်တောင်ကမ်းပါးယံ၌ တည်ဆောက်ပြီးစီးခဲ့၍ စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အရှည်မီတာ ၁၀၀ (၃၂၈ပေ) ရှိပြီး ပျော့ပျောင်းသည့်ဟန်အနေအထားရှိသော Coiling Dragon Cliff ဖန်သားလျှောက်လမ်းသည် မြေပြင်မှ အမြင့်ပေ ၄၆၀၀ (၁၄၀၂ မီတာ)တွင်ရှိပြီး နိုင်ငံ၏စီးပွားအတွက် တနင်္လာနေ့က ဖွင့်လှစ်ခဲ့သည်။

ဖန်သားလျှောက်လမ်း တည်ရှိရာ Coiling Dragon လမ်းကြောင်းသည် ကျန်ကျာကျီ အမျိုးသားသစ်တောဥယျာဉ်ရှိရာ ဟူနန်ပြည်နယ်အတွင်း ဆောက်လုပ်ခြင်းဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားများလည်ပတ်ရန် ရည်ရွယ်ကာ ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာလှည့် ခရီးသွားများသည် ဖန်သားလျှောက်လမ်း ပေါ်မှနေ၍ ဟူနန်ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသနှင့် သဘာဝတောတောင် အလှကို ရှုမြင်ခံစားနိုင်မည် ဖြစ်သည်။

**(ဘီဘီစီ)**

## ရေလွှမ်းမိုးမှုကြောင့် အိန္ဒိယနိုင်ငံ၌ လူ ၁၅၀ ကျော်သေဆုံး လူသန်းပေါင်းများစွာ နေရာရွှေ့ပြောင်းပေးရ

**နယူးဒေလီ ဩဂုတ် ၃**

လွန်ခဲ့သော သုံးနှစ်အတွင်း အိန္ဒိယနိုင်ငံ တစ်ဝန်း ရေလွှမ်းမိုးမှုကြောင့် လူ ၁၅၂ ဦးသေဆုံးခဲ့ပြီး လူသန်းပေါင်းများစွာကို နေရာရွှေ့ပြောင်းပေးခဲ့ရသည်ဟု အာဏာပိုင်များက ဆိုသည်။ အရှေ့မြောက်ပိုင်း ပြည်နယ်ဖြစ်သည့် အက်ဆန်ပြည်နယ်တစ်ခုတည်း၌ပင် လူပေါင်း ၃၄ ဦး သေဆုံး ခဲ့ပြီး လူ ၁ ဒသမ ၁ သန်းကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။ Kaziranga ပြည်နယ် အမျိုးသားဥယျာဉ်မှ တိရစ္ဆာန်များ ကယ်ဆယ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယင်းဥယျာဉ်မှ သဘာဝတောရိုင်းတိရစ္ဆာန်များ စောင့်ရှောက်ရေးအုပ်ချုပ်သူများက ယခုအခါ ပန်းခြံ၏ ၈၀ ရာခိုင်နှုန်းမှာ ရေလွှမ်းမိုးခံနေရကြောင်း၊ ကြံ့ ၁၇ ကောင် အပါအဝင် တိရစ္ဆာန် ၁၀၀ ကျော်မှာလည်း ရေလွှမ်းမိုးမှုကြောင့် သေဆုံးခဲ့ရသည်။ ရေလွှမ်းမိုးမှုကြောင့် စိုက်ပျိုးမြေများစွာလည်း ဆုံးရှုံးခဲ့ရသည်။

ဘီဟာပြည်နယ် မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ် အရှေ့ပိုင်းရှိ အခြေခံအဆောက်အအုံများလည်း ပျက်စီးဆုံးရှုံးခဲ့ရသည်။ လူရာပေါင်းများစွာတို့မှာ တိုးရစ်အများအပြားအပန်းဖြေရာ နေရာဖြစ်သည့် မနာလီသို့သွားသည့် အဝေးပြေးလမ်းမပေါ်တွင် သောင်တင်နေခဲ့သည်ဟု ပီတီအိုင်သတင်းတစ်ရပ်အရ သိရသည်။ အိန္ဒိယ မိုးလေဝသဌာန၏ ကြေညာချက်အရ နောက်ထပ်လည်း မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်ဖွယ်ရှိကြောင်း သိရသည်။

**(ဘီဘီစီ)**

# တိုင်းဒေသကြီး/ပြည်နယ်များ၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

**နေပြည်တော် ဩဂုတ် ၃**

ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် ငဝန်မြစ်များ မြစ်ရေတက်မှုများကြောင့် မြို့နယ်အချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိရာ ဒေသခံပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးမှုများပြုလုပ်ထားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဦးဆောင်၍ ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ပေးလျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဩဂုတ် ၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ အမရပူရမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့များသို့ လည်းကောင်း၊ ဩဂုတ် ၂ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် အတူ မင်းဘူးမြို့နယ်၊ ပွင့်ဖြူမြို့နယ်နှင့် ကုန်းဇောင်းမြို့များသို့ လည်းကောင်း သွားရောက်ပြီး ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားကာ ထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ဩဂုတ် ၃ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းထွဋ်ဦးနှင့် တာဝန်ရှိသူများသည် မြင်းခြံ၊ ညောင်ဦး၊ ရေစကြို၊ အောင်လံ၊ ပြည်၊ ပန်းတောင်း၊ မိုးညို မြို့နယ်များသို့ သွားရောက်၍ ထောက်ပံ့ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ အဖွဲ့များသည် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်သည့် နေရာဒေသများသို့ သွားရောက်ကွင်းဆင်းပြီး ဆန်၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိသည်။ ဩဂုတ် ၂ ရက်အထိ ရေဘေးသင့်ပြည်သူများအတွက် စုစုပေါင်းတန်ဖိုး ငွေကျပ် သိန်း ၈၅၀ ကျော် ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ရှိသော မြို့နယ်များသို့လည်း ထောက်ပံ့မှုများ ဆက်လက်၍ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**





# တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်ကောလိပ်များ ဖိတ်ခေါ်အမျိုးသား စားပွဲတင်တင်းနစ်ပြိုင်

**မန္တလေး ဩဂုတ် ၃**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (မန္တလေးရုံးခွဲ)က ကြီးမှူး၍ အထက်မြန်မာပြည်တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ ဖိတ်ခေါ်အမျိုးသား စားပွဲတင်တင်းနစ်အသင်းလိုက်ပြိုင်ပွဲ ဗိုလ်လုပွဲကို ဩဂုတ် ၃ ရက် ညနေ ၃ နာရီက မန္တလေးတက္ကသိုလ်အားကစားခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်နှင့် ဌာနဆိုင်ရာများ၊ ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခင်မောင်လွင်နှင့် တက္ကသိုလ်ကောလိပ်တို့မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ဆရာဆရာမများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူနှင့်နည်းပြများ အားကစားသမားများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရတနာပုံတက္ကသိုလ်အသင်းနှင့် ဆေးတက္ကသိုလ်(မန္တလေး)အသင်းတို့ ယှဉ်ပြိုင်ကြရာ ရတနာပုံတက္ကသိုလ်အသင်းက အနိုင်ရဗိုလ်စွဲသွားပြီး ပထမဆုရရှိကာ ဆေးတက္ကသိုလ်(မန္တလေး)အသင်းက ဒုတိယဆုနှင့် မန္တလာဒီဂရီကောလိပ်အသင်းက တတိယဆုရရှိခဲ့သည်။ ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တတိယဆု၊ ဒုတိယဆု၊ ပထမဆုရ အသင်းများမှ အားကစားသမားများအား တစ်ဦးချင်းဆုများနှင့် ငွေသားဆုများကို အား/ကာသိပ္ပံ ကျောင်းအုပ်ကြီး၊ ဆေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် မန္တလာဒီဂရီကောလိပ်ကျောင်းအုပ်ကြီးတို့က ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တတိယဆုရအသင်းအား စစ်ကိုင်းပညာရေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ဆွေထွန်းက တတိယဆုဖလားကိုချီးမြှင့်ပြီး ဒုတိယဆုရ ဆေးတက္ကသိုလ်(မန္တလေး)အသင်းအား တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက ဒုတိယဆုဖလား ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဗိုလ်စွဲသည့် ရတနာပုံတက္ကသိုလ်အသင်းအား တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ စိုးသန်းက ပထမတံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**တင်မောင်(မန်းကိုယ်ပွား)**

# Emirates လေကြောင်းလိုင်း ဒူဘိုင်း-ရန်ကုန်-ဟနွိုင်းဖွင့်

**ရန်ကုန် ဩဂုတ် ၃**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဩဂုတ် ၃ ရက်က ဒူဘိုင်းမှ မြန်မာနိုင်ငံ ရန်ကုန်မြို့နှင့် ဗီယက်နမ်နိုင်ငံ-ဟနွိုင်းမြို့သို့ နေစဉ်ပျံသန်းပြေးဆွဲမည့် Emirates လေကြောင်းလိုင်း ဝန်ဆောင်မှုအသစ် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

Emirates၏ Senior Vice President of Commercial Operations in the Far East ဖြစ်သူ Mr. Badr Abbas သည်လည်း ပထမဆုံးပျံသန်းမှုခရီးစဉ်တွင် Emirates လေကြောင်းလိုင်း၏ အကြီးတန်းအရာရှိများ၊ အထူးဖိတ်ကြားထားသူများ၊ ထင်ရှားအောင်မြင်နေသူများ၊ UAE ၊ ပင်လယ်ကွေ့နိုင်ငံများ (GCC) နှင့် ဥရောပမှ မီဒီယာများနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေယာဉ်အမှတ် EK-388 ဆိုက်ရောက်လာရာ ရေပန်းများဖြင့် ကြိုဆိုခဲ့ကြသည်။

ရန်ကုန်မြို့အား ပထမဆုံးအဓိကအချက်အချာမြို့အဖြစ် သတ်မှတ်၍ နေ့စဉ်ပျံသန်းပြေးဆွဲခြင်းဝန်ဆောင်မှုကို စတင်သွားမည်ဖြစ်ပြီး Boeing 777-300ER လေယာဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်ဆိုက်ကပ်ဆောင် အမှတ် ၁ (T1)သို့ ပထမဆုံးဆင်းသက်ဆိုက်ကပ်ခဲ့သည်။

လေယာဉ် Boeing 777-300ER အား ပျံသန်းမှုခရီးစဉ်တွင် အသုံးပြုသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံနှင့် ဗီယက်နမ်ရှိ ခရီးသွားများအား Emirates ၏ ကမ္ဘာလုံးဆိုင်ရာ တိုးချဲ့ကွန်ရက်များဖြစ်သည့် ဥရောပနိုင်ငံ ၃၉ နိုင်ငံ၊ အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံပေါင်း ၁၆ နိုင်ငံ၊ အာဖရိကနှင့် အမေရိကတိုက်ရှိ နေရာများနှင့်လည်း ဆက်သွယ်ပေးလိုက်ခြင်းဖြစ်သည်။

ဒူဘိုင်းတွင် ခဏတာရပ်နား၍ ဥရောပနိုင်ငံ၊ ပင်လယ်ကွေ့နိုင်ငံများနှင့် ချိတ်ဆက်သွားလာနိုင်ရန် ခရီးစဉ်လမ်းကြောင်းသစ်၏ ပြေးဆွဲမှုအချိန်အား ဆောင်ရွက်စီစဉ်ထားသည်ကို ဗီယက်နမ်နိုင်ငံ၊ နွိုင်းဘိုင်အပြည်ပြည်ဆိုင်ရာလေဆိပ်(NOI BAI Internationl Airport)မှ ၂၂း၅၀နာရီတွင် စတင်ထွက်ခွာမည်ဖြစ်ပြီး ရန်ကုန်သို့ ၀၀း၀၂ နာရီတွင် လည်းကောင်း၊ ရန်ကုန်မှ ၀၁း၅၀ နာရီတွင် ပြန်လည်ထွက်ခွာမည်ဖြစ်ပြီး ဒူဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ် (Dubai International Airport) သို့ ၀၅း၅၀ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။ အပြန်ခရီးစဉ်တွင် ဒူဘိုင်းမှ ၀၃း၃၀ နာရီတွင် ထွက်ခွာကာ ရန်ကုန်လေဆိပ်သို့ ၁၁း ၄၀ နာရီတွင် ဆိုက်ရောက်မည်ဖြစ်ပြီး ရန်ကုန်မှ ၁၃း၀၀ နာရီတွင် ပြန်လည်ထွက်ခွာ၍ ဟနွိုင်းသို့ ၁၅း၃၀ နာရီတွင် ဆင်းသက်ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

# သက်တမ်း နှစ် ၄၅၀ ခန့်ရှိ မြန်မာ့အကြီးဆုံး ကျွန်းပင်ကြီး

**ကသာ ဩဂုတ် ၃**

မြန်မာနိုင်ငံရှိ ကျွန်းပင်များအနက် အကြီးဆုံးကျွန်းပင်ကြီးကို စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် နန့်ကျင်ကြိုးဝိုင်း အကွက်အမှတ်(၆၃)၌ ၁၉၉၇ ခုနှစ်တွင် ဗန်းမောက်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးခင်မောင်မြင့်နှင့် တောအုပ် ဦးဝင်းမြင့်ထူးတို့က စတင်တွေ့ရှိခဲ့ကြောင်း သိရသည်။

စတင်တွေ့ရှိသည့်အချိန်တွင် နန့်ကျင်ကြိုးဝိုင်း အကွက်အမှတ်(၆၃)တွင် ကျွန်းပင်ကြီး၏ ရင်စို့လုံးပတ်မှာ ၂၆ ပေ ၄ လက်မ၊ ခန့်မှန်းအမြင့်ပေမှာ ပေ ၁၂၀ ရှိပြီး ၂၀၁၄ ခုနှစ် ကွင်းဆင်းစစ်ဆေးချက်အရ ကျွန်းပင်ကြီး၏ လုံးပတ်မှာ ၂၆ ပေ ၈ လက်မရှိနေပြီး ခန့်မှန်းအမြင့်ပေမှာ ၁၂၀ ရှိကြောင်း သိရသည်။ ယခုနှစ် စစ်ဆေးတိုင်းထွာချက်တွင် ကျွန်းပင်ကြီး၏ လုံးပတ်နှင့် အမြင့်ပေ ပြောင်းလဲမှုမရှိသော်လည်း ကြိုးဝိုင်းအကွက်အမှတ်(၆၃)မှ (၆၀)သို့ ပြောင်းလဲနေကြောင်း သိရသည်။ ကြိုးဝိုင်းအကွက်အမှတ် တည်နေရာကွဲလွဲခြင်းသည် သုံးစွဲသည့် GPS Systemနှင့် မြေပုံအမျိုးအစားတို့ကြောင့် ဖြစ်နိုင်သည်ဟု သစ်တောဦးစီးဌာနမှ သိရသည်။

မြန်မာ့အကြီးဆုံးကျွန်းပင်ကြီး ရှင်သန်ကြီးထွားရေးနှင့် နိုင်ငံတော်၏ အဖိုးတန်ရတနာအား ပျက်စီးဆုံးရှုံးမှုမရှိစေရန် ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ ဗန်းမောက်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကိုနိုင်နှင့် သစ်တောဝန်ထမ်းများ၊ နန့်ကျင်ကြိုးဝိုင်း အနီးရှိ နန့်အောကျေးရွာရှိ ရပ်မိရပ်ဖများဖြင့် ယခုနှစ် ဇြပီ ၁၆ ရက်တွင် ကွင်းဆင်းစစ်ဆေး၍ ကျွန်းပင်ကြီး၏ ပတ်ဝန်းကျင်အား ရှင်းလင်းခြင်း၊ အလျား ၃၅ ပေ၊ အနံ ၃၃ ပေရှိ ပတ်လည်ခြံစည်းရိုးပြန်လည်ပြုပြင်၍ ဆေးအဖြူသုတ်ခြင်း၊ ကျွန်းပင်ကြီး မှတ်တမ်းအချက်အလက်စာတမ်း၊ ဆိုင်းဘုတ်များ အသစ်ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါ ကျွန်းပင်ကြီးတည်ရှိသော နန့်ကျင်ကြိုးဝိုင်းသည် ဧရိယာ ၄၅၁၆ ဧက ကျယ်ဝန်းပြီး မြန်မာ့အကြီးဆုံးကျွန်းပင်ကြီးတည်ရှိသည့် အကွက်အမှတ်(၆၀)သည် ၉၈၃ ဧကရှိကြောင်း သိရသည်။ တောအမျိုးအစားမှာ အထက်ရွက်ပြတ်ရောနှောတောဖြစ်ပြီး ထိုကျွန်း၊ အင်ကြင်း၊ ကညင်၊ သပြေ၊ သရက်နှင့် စသည့် အပင်မျိုးများနှင့် သိုက်ဝါးအများအပြားနှင့် တင်းဝါး အနည်းငယ် ရောနှောပေါက်ရောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြန်မာ့အကြီးဆုံးကျွန်းပင်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နှင့် ၅၄ မိုင်အကွာ နန့်ကျင်ကြိုးဝိုင်း အကွက်အမှတ်(၆၀)တွင် ယနေ့အချိန်ထိ တည်ရှိနေပြီး ခန့်မှန်းသက်တမ်း နှစ် ၄၅၀ ခန့်ရှိကြောင်း သိရသည်။

ထို့ကြောင့် ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်၍ ဗန်းမောက်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းများ၊ နန့်အောကျေးရွာဒေသခံများဖြင့် မြန်မာ့အကြီးဆုံးကျွန်းပင်ကြီး၏ ရှင်သန်ကြီးထွားမှုအခြေအနေကို နှစ်စဉ်ပြန်လည်တိုင်းတာပြီး တိုးတက်မှုတွေ့ရှိချက်များကို မှတ်တမ်းတင်ခြင်း၊ အနီးပတ်ဝန်းကျင်ရှိ သက်တမ်းရင့် ကျွန်းပင်ကြီးများပါ ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**



# ရေစကြိုမြို့နယ်ရှိ ကျေးရွာများရေဝင်နစ်မြုပ်၍ အကူအညီလိုအပ်



**ရေစကြို သြဂုတ် ၃**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အတွင်းရှိ ကျေးရွာများမှာ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ဆုံရာ တြိဂံနယ်မြေအတွင်းတည်ရှိခြင်းကြောင့် နှစ်စဉ် ရေလွှမ်းမိုးမှုခံရသော်လည်း ဇူလိုင်လနောက်ဆုံးပတ်မှစ၍ ချင်းတွင်းမြစ်ရေ ဝင်ရောက်မှုကြောင့် ကျေးရွာအုပ်စု ၆၀ ကျော် စုစုပေါင်းအိမ်ခြေ ၁၆၀၀ ကျော်ခန့်မှာ နှစ်စဉ်နှစ်တိုင်းထက် ပိုမိုနစ်မြုပ်၍ လူနှင့်တိရစ္ဆာန်များ အကူအညီလိုအပ်လျက်ရှိကြောင်း သိရသည်။

မြစ်ဆုံတောင်ဖျားပိုင်း အနိမ့်ဆုံး ကျေးရွာများတွင် ရေအနက် ၁၀ ပေခန့်အထိရှိပြီး ကျေးရွာများတွင် ပျိုးပင်မျိုးစုံနှင့် ကွမ်းခြံအတော်များများ ရေနစ်မြုပ်လျက်ရှိပြီး ရက်ရှည်လာသည်နှင့်အမျှ စားသောက်ရေး ခက်ခဲလာကြောင်း ရေစကြိုမြို့နယ် ကျွန်းညိုကျေးရွာမှ ကိုကျော်သူရက ပြောသည်။

"ကျွန်းပေါ်မြောက်ပိုင်းဒေသတွေမှာတော့ နေထိုင်စရာကုန်းမြေမြင့်ပေမယ့် C.P(ပြောင်းဖူး)၊ ပဲတီစိမ်းအစရှိတဲ့ သီးနှံတွေဆုံးရှုံးမှုအချို့ရှိပါတယ်။ စောတက်လာတဲ့ မြစ်ရေကြောင့် အရေးပေါ်ရသလောက်သိမ်းယူရတဲ့အခါမှာ သီးနှံပျက်စီးမှုနဲ့ လေလွင့်မှုတို့ဖြစ်ခဲ့ပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ရေစကြိုမြို့နယ်အတွင်းရှိ နတ်ညွှန်း၊ နွယ်နီ၊ ကျွန်းညို၊ မြောက်ရွာ၊ နတ်ပေး၊ ခြံယာ၊ ဆင်တဲ၊ လှေခုတ်၊ ပေါက်တော၊ နေရင်း၊ ပေါက်အူ၊ ရေယှား၊ မင်းရွာ၊ ငတမျှော်၊ ဝါးတိုး၊ နန်းဦး၊ ထန်းတော၊ သောင်ရှေ့နှင့်ဆင်တဲကျွန်းပေါ်ရှိ အိမ်များနှင့်မြောက်ဘက်တွင် မိုးကွဲအုပ်စု၊ ကံဦးအုပ်စု၊ ကိုင်းရွာ၊ မြေတော်၊ မိဖုရား၊ မီးလောင်ကျွန်း၊ သာဂေါင်၊ ဘုန်းတော်ပြည့်အုပ်စုများမှာ ရေလွှမ်းမိုးမှုအဆိုးရွားဆုံးခံစားရလျက်ရှိပြီး ကျောင်းများလည်းပိတ်ထားရကြောင်း သိရသည်။

လက်ရှိ ရေနစ်မြုပ်သည့်ကျေးရွာများတွင် ကယ်ဆယ်ရေးအနေဖြင့် သြဂုတ် ၁ ရက်မှစ၍ လူမှုရေးအသင်းအဖွဲ့များ လာရောက်ကူညီမှုများရှိကြောင်း၊ ထို့အပြင် သြဂုတ် ၂ ရက်တွင် မြို့နယ်မှ တာဝန်ရှိသူဌာနဆိုင်ရာအဖွဲ့စုံရောက်ရှိနေကြောင်း သိရသည်။ ရေစကြိုမြို့နယ်အတွင်း ယခုနှစ်ရေကြီး ရေလျှံမှုမှာ ဆယ်စုနှစ်တစ်ခုအတွင်း အဆိုးရွားဆုံး အခြေအနေသို့ ရောက်ရှိနေကြောင်း၊ ယမန်နှစ်ကအခြားဒေသများတွင် ရေကြီးနစ်မြုပ်မှုရှိသော်လည်း ရေစကြိုမြို့နယ်မှာ ယခုနှစ်လောက် အပျက်အစီးမရှိကြောင်း ဒေသခံများက ပြောသည်။

အစိုးရစိုက်ပျိုးရေးဘဏ်နှင့် သမဝါယမဘဏ်များမှ ချေးယူထားသည့် စိုက်ပျိုးစရိတ် ချေးငွေများမှာလည်း စိုက်ခင်းများပျက်စီးသွားခြင်းကြောင့် အချိန်တန်လျှင်အကြွေးပဲတင်နေမည်ကို စိုးရိမ်နေကြောင်း ရေစကြိုမြို့နယ် ရေယှားကျေးရွာနေ ဦးရွှေဝင်းက ပြောသည်။

ယခုအချိန်တွင် ရေနစ်မြုပ်ကျေးရွာများအတွက် စားသောက်ကုန်နှင့်ဆေးဝါးများ၊ ကျွဲ၊ နွားတိရစ္ဆာန်များအတွက် အစာများနှင့် သောက်စရာရေသန့်များ အထူးလိုအပ်လျက်ရှိကြောင်း၊ ယင်းဒေသရှိ တိုက်နယ်ဆေးရုံမှာလည်း ရေများဝင်ရောက်လျက်ရှိပြီး လူနာများအား ရွှေ့ပြောင်းထားရကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**

# ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ပန်းတောင်းမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအချို့ရေနစ်မြုပ်

**ပန်းတောင်း သြဂုတ် ၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်တွင် ဧရာဝတီမြစ်ရေသည် သြဂုတ် ၁ ရက်မှ စတင်ဝင်ရောက်ရာ သြဂုတ် ၃ ရက်တွင် ပေ ၈၀ ခန့်အထိ ဆက်လက်မြင့်တက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါမြစ်ရေများ မြင့်တက်ခဲ့သောကြောင့်ပန်းတောင်းမြို့ပေါ်ရပ်ကွက်များဖြစ်သော မင်းရပ်၊ ဝန်လို၊ ကြခတ်၊ စည်သာ၊ ဖောင်းကန်ရပ်ကွက်များနှင့် မြို့နယ်ပြည်သူ့ဆေးရုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်ရဲစခန်း၊ မြို့နယ်သစ်တောဦးစီးရုံး၊ မြို့နယ်တရားရုံး၊ အခြေခံပညာအထက်တန်းကျောင်းနှင့် မူလတန်းကျောင်းများ၊ ရွှေဘုံသာကျေးရွာအုပ်စု၊ ဆင်တဲကျေးရွာ၊ သရက်လိန်ကျေးရွာ၊ ရွာသာယာကျေးရွာ၊ ထုံးဘိုကျေးရွာများတွင် လူနေအိမ်များ၊ လမ်းများသို့ ရေများစတင်ဝင်ရောက်လျက်ရှိသည်။

မြစ်ရေကြီးမှုတွင် မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆွေနှင့် မြို့နယ်တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ရေဘေးသင့်ပြည်သူများကို ရေလွတ်ရာဘုန်းတော်ကြီးကျောင်း၊ ဘုရားတန်ဆောင်းများသို့ ပြောင်းရွှေ့ခြင်းနှင့် ရေနစ်မြုပ်သည့်အိမ်ထောင်စု ၄၂၁ စု၊ လူဦးရေ ၁၆၂၇ ဦးတို့အား ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိကာ သောက်သုံးရေနှင့်ဆန်အိတ်များ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

(ဝ၆၁)

# ညောင်ဦးတွင် ဧရာဝတီမြစ်ရေမြင့်တက်နေမှုမှာ နှစ် ၅၀ အတွင်း မြင့်တက်ခဲ့သည့်စိုးရိမ်ရေမှတ်ထက်ကျော်လွန်

**ညောင်ဦး သြဂုတ် ၃**

ညောင်ဦးတွင် ယခုနှစ် ဧရာဝတီမြစ်ရေမြင့်တက်နေမှုမှာ ၂၀၀၄ ခုနှစ်က နှစ် ၅၀ အတွင်း မြင့်တက်ခဲ့သည့် စိုးရိမ်ရေမှတ် ၂၂၆၃ စင်တီမီတာထက် ကျော်လွန်မြင့်တက်နေကြောင်း ညောင်ဦးမြို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ စာရင်းမှတ်တမ်းများအရ သိရသည်။

ညောင်ဦးမြို့တွင် ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေအမှတ် ၂၁၂၀ စင်တီမီတာရှိရာ ညောင်ဦးမြို့မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ သြဂုတ် ၂ ရက် နံနက် ၆ နာရီတိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာအထက် ၂၂၈၂ စင်တီမီတာ ကျော်လွန်မြင့်တက်နေခဲ့၍ အဆိုပါမြစ်ရေမြင့်တက်မှုမှာ ၂၀၀၄ ခုနှစ်က စံချိန်တင်မြင့်တက်ခဲ့သည့် စိုးရိမ်ရေမှတ် ၂၂၆၃ စင်တီမီတာအထက် ၁၉ စင်တီမီတာခန့် ကျော်လွန်မြင့်တက်လာခဲ့ကြောင်း ညောင်ဦးမြို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းသို့ ညောင်ဦးတွင် ဧရာဝတီမြစ်ရေ အဆမတန်မြင့်တက်နေမှုကြောင့် မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများ မြို့တွင်းသွားလာရာတွင် အသုံးပြုသည့် ပုဂံမြို့ဟောင်းသွားလမ်းမပေါ်သို့ ရေများလျှံတက်လာခဲ့သဖြင့် ပုဂံမြို့ဟောင်းသွားလမ်း ယာယီပိတ်ထားလျက်ရှိကြောင်း သိရပြီး ယခုအခါဒေသခံများအနေဖြင့် မြို့တွင်းသွားလာရာတွင် ရေမဝင်သေးသည့်လမ်းများမှ ကွေ့ပတ်ဖြတ်သန်းသွားလာနေရကြောင်း မြို့ခံပြည်သူများ၏ ပြောပြချက်အရ သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



## မိဘအမည်မှန်

ပုသိမ်မြို့နယ်၊ ချောင်းသာ၊ အထက၊ ပဥ္စမတန်း (A)မှ မနှင်းသန္တာစိုး၏ မိဘအမည်မှန်မှာ ဦးခိုင်စိုး ၁၄/ပသရ (နိုင်)၁၁၈၀၇၄နှင့် ဒေါ်မြင့်အေးဝင်း ၁၄/ရသယ(နိုင်) ၀၀၂၈၃၉ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၃၄၃၁၅)၊ ဧရိယာ၀ဒသမ၀၅၅၈ဧကေ၊ ဦးစိုးဝင်းအမည်ပေါက် နှစ် ၃၀ မြေငှားဂရန်စာချုပ်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်၁၇၀/၂၀၁၆ ၃၀-၆-၂၀၁၆ ဖြင့် ဝယ်ယူထားသူ ဒေါ်နီလာအောင် ၁၂/အလန(နိုင်)၀၂၆၉၅၇၊ အဘအမည် ဦးထွန်းလှအောင်က မြေငှားစာချုပ်အမည်ပြောင်းလျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာလိုက်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## စာအုပ်စာပေလူ့မိတ်ဆွေ

## ရေနံချောင်း မဂ္ဂဇင်း စာမူ / ကြော်ငြာ ဖိတ်ခေါ်လွှာ

ရေနံချောင်းမဂ္ဂဇင်း ၂၀၁၆ ထုတ်ဝေမည်ဖြစ်ပါသဖြင့် ရေနံချောင်းမြို့ခံ စာရေးဆရာများ၊ စာပေဝါသနာရှင်များသည် ဝတ္ထု၊ ကဗျာ၊ဆောင်းပါးများနှင့်၊ စီးပွားရေးလုပ်ငန်းရှင်များသည် ကြော်ငြာများကို စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ရန်ကုန်မြို့တွင် ဦးဝင်းကြည် (၀၉-၄၂၀၁၂၆၁၀၈)၊ ဦးစန်းလွင် (၀၉-၅၁ ၀၈၈၃၉)၊ ဦးတင်မောင်သန်း (၀၉-၅၀၅၀၂၈၇)၊ ဒေါ်မြင့်မြင့်ခင် (၀၉-၇၈၂၇၁၀၆၄၈)၊ ဒေါ်ညိုညိုထွန်း (၀၉-၄၂၅၃၀၆၀၈၃)၊ ရေနံချောင်းမြို့တွင် ဦးခင်ထွန်း (၀၉-၄၀၀၅၀၆၂၄၈)၊ ဦးကျော်ခိုင်ဝင်း (၀၉-၂၅၉၈၉၅၅၇၆)၊ ဦးလှဖေ (၀၉-၂၅၇၄၅၄၈၆၇)၊ ဦးလှဝေ (၀၉-၂၅၉၀၆၄၄၉၇)၊ ဦးအုံးကျော် (၀၉-၅၃၃၇၅၈၀) သို့ ပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

## အမည်ပြောင်း

ဦးဝင်းနိုင်၁၄/ပသန(နိုင်)၀၁၉၉၈၁-ဒေါ်လှကျင်တို့၏သား ပုသိမ်မြို့နယ်၊ ရွှေသောင်ယံ၊ အထက၊ အဋ္ဌမတန်းမှ မောင်ကောင်းခန့်ကိုကိုအား ယနေ့မှစ၍ မောင်ကောင်းခန့်နိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကောင်းခန့်နိုင်**

## ပျောက်ဆုံးကြောင်း

ဦးဟန်မောင်၏သမီး ကျွန်မ မပပခိုင် ၁၄/ပသန(နိုင်)၂၄၄၂၂၀၏ နိုင်ငံကူးလက်မှတ် မမှတ်မိနှင့် မိသားစုအိမ်ထောင်စု မှတ်ပုံတင်ကတ်များပူးတွဲထည့်ထားသော လက်ကိုင်အိတ် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဖုန်း-၀၉-၇၇၃၃၅၂၈၇၃သို့ အကြောင်းကြားပေးပါရန်။ **ကျေးဇူးဆပ်ပါမည်။**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရတနာသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ဥတ္တရသီရိအနောက်ရပ် မြေကွက်အမှတ် (ဥ-၃၃၈၅) ဦးတင်ယု ၈/မကန(နိုင်) ၀၀၈၈၉၂ အမည်ပေါက် ပါမစ်မြေအတွက် ထုတ်ပေးထားသည့် မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်မူရင်းပျောက်ဆုံးသွားပါသဖြင့် တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ မိတ္တူမှန်ထုတ်ပေးရန် လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဦးတင်ယု ၈/မကန(နိုင်)၀၀၈၈၉၂ အမည်ပေါက် မြေကွက်နေရာ (ယာယီ)ချထားပေးသည့် လက်မှတ်မူရင်းအား ပယ်ဖျက်၍ မြေကွက် နေရာ (ယာယီ)ချထားပေးသည့် လက်မှတ်မိတ္တူမှန် ထုတ်ပေးနိုင်ရေးဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

အောင်မိုးဆက်နှင့်အောင်သစ္စာ သိန်းထီပေါက်စဉ်

(၃၃၁)ကြိမ်သိန်း(၂၀၀)ဆု

| | |
|---|---|
| သ ၂၇၉၃၈၄ | ဃ ၁၆၀၄၇၉ |
| မ ၃၈၃၅၁၂ | ဓ ၂၂၄၆၆၂ |
| ဘ ၄၆၈၂၁၅ | တ ၂၇၉၈၀၆ |
| ဟ ၆၅၈၅၈၆ | သ ၈၁၈၆၄၆ |
| င ၇၂၀၈၉၄ | လ ၈၁၉၁၀၆ |
| ထ ၇၉၀၄၁၀ | ရ ၉၅၆၉၁၉ |
| ဗ ၈၃၈၁၈၆ | ဠ ၉၅၉၇၃၃ |

အ တား

ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

သထုံမြို့နယ်၊ မြေနီကုန်းကျေးရွာနေ ဦးမောင်အောင်၏သမီး မော်လမြိုင် တက္ကသိုလ် တတိယနှစ်(အဝေးသင်)မှ မဖြိုးဖြိုး၏ အမည်မှန်မှာ မဖြိုးဖြိုးအောင်ဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၉-၅-၁၉၉၄ဖြစ်ပါကြောင်း။ **မဖြိုးဖြိုးအောင်**

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ စွမ်းရည်ပိုင်ကိုယ်ပိုင်အထက်တန်းကျောင်း ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲခုံအမှတ် မရတ-၂၄၆၁ဖြင့် အောင်မြင်သူ မောင်ရိန်ဂျာတူးအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၁၂-၁၉၉၇ဖြစ်ပါကြောင်း။

## ဆရာဌေး နှင့် သမီး-ဆရာမ ဌေးစန္ဒာလွင်

B.A (Hons), M.A (English)

အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။

သြဂုတ် (၃/၆/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။

၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။

၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။

Ph: 01-375970, 0951 72096, 09254541441

## ဆရာအာသာ SUCCESS Language Academy

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း

Ph: 202046,392048, 256954

လှည်းတန်းကျောင်းခွဲ

ဦးထွန်းလင်းခြံလမ်း အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)

Ph: 01-503472, 09 73001453, 09 30775232

**BASIC ENGLISH SPEAKING**
10-11:30 (Mon ~ Thurs) 8 Aug
3:30 - 5 (Mon ~ Thurs) 16 Aug
9 - 12:00 (Sat + Sun) 20 Aug
1 - 2:30 (Mon ~ Thurs) 29 Aug
6 - 7:30 (Mon ~ Thurs) 6 Sep

**BASIC FOUR SKILLS ENGLISH**
1 - 4:00 (Sat + Sun) 7,27 Aug
3:30 - 5 (Mon~Thurs) 8,30 Aug
7:30 - 9 (Mon ~ Thurs) 16 Aug
9 - 12:00 (Sat + Sun) 20 Aug
1 - 2:30 (Mon ~ Thurs) 22 Aug
9 - 12:00 (Sat + Sun) 10 Sep

**BASIC WRITING**
1 - 4:00 (Sat + Sun) 28 Aug

**PRE-INTERMEDIATE (4-SKILL ENGLISH)**
3:30 - 5 (Mon ~ Thurs) 8 Aug
7:30 - 9 (Mon ~ Thurs) 29 Aug
1 - 2:30 (Mon ~ Thurs) 5,26 Sep
1 - 4:00 (Sat + Sun) 24 Sep

**INTERMEDIATE (ACADEMIC ENGLISH)**
1 - 2:30 (Mon ~ Thurs) 1 Aug
7:30 - 9 (Mon ~ Thurs) 8 Aug
1 - 4:00 (Sat + Sun) 13 Aug
10-11:30 (Mon ~ Thurs) 15 Aug
3:30 - 5 (Mon ~ Thurs) 5 Sep

**VOCAB ENRICHMENT**
9 - 12:00 (Sat + Sun) 20 Aug
1 - 2:30 (Mon ~ Thurs) 30 Aug

**BASIC GRAMMAR**
10-11:30 (Mon ~ Thurs) 9 Aug
3:30 - 5 (Mon ~ Thurs) 23 Aug

**BASIC ENGLISH SPEAKING**
7:30 - 9 (Mon ~ Thurs) 16 Aug
1 - 2:30 (Mon ~ Thurs) 29 Aug
10-11:30 (Mon ~ Thurs) 13 Sep

**BASIC FOUR SKILLS ENGLISH**
12:30-3:30 (Sat + Sun) 20 Aug
3:30 - 5 (Mon~Thurs) 23 Aug
10-11:30 (Mon~Thurs) 29 Aug
1 - 2:30 (Mon~Thurs) 30 Aug

**IELTS (Preparation)**
1 - 3:30 (Mon~Thurs) 1 Aug
1 - 4:30 (Sat + Sun) 27 Aug

**IELTS (Speaking + Vocab)**
7:30 - 9 (Mon~Thurs) 5 Sep

**IELTS (Reading + Vocab)**
1 - 3:00 (Mon~Thurs) 29 Aug

**BASIC GRAMMAR**
7:30 - 9 (Mon ~ Thurs) 1 Aug

**PRE-INTERMEDIATE (4-SKILL ENGLISH)**
10-11:30 (Mon ~ Thurs) 6 Sep

**INTERMEDIATE (ACADEMIC ENGLISH)**
4:30-7:30 (Sat + Sun) 27 Aug
7:30 - 9 (Mon ~ Thurs) 19 Sep

**IELTS (Preparation)**
4:30-7:30 (Sat + Sun) 24 Sep

**IELTS (Writing+Grammar)**
12:30-3:30 (Sat + Sun) 24 Sep

**IELTS (Grammar + Vocab)**
10-11:30 (Mon~Thurs) 22 Aug

**IELTS (Writing+Grammar)**
7:30 - 9 (Mon~Thurs) 26 Sep

# အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ယနေ့ကျင်းပမည်

**သတင်း-ညီမြတ်သော်တာ**

**မန္တလေး ဩဂုတ် ၃**

မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာဆီယံအမျိုးသမီးပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဩဂုတ် ၄ ရက် (ယနေ့) ညနေပိုင်းတွင် မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းသည် တတိယနေရာလုပွဲကစားရမည်ဖြစ်သည်။

တတိယနေရာလုပွဲအဖြစ် ညနေ ၃ နာရီတွင် အိမ်ရှင်မြန်မာအသင်းနှင့် ဩစတြေးလျယူ-၂၀ အသင်းဗိုလ်လုပွဲအဖြစ် ညနေ ၆ နာရီတွင် လက်ရှိချန်ပီယံထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းတို့ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းအသင်းများသည် တစ်အုပ်စုတည်းကျရောက်ကာ အုပ်စုတွင်းတွေ့ဆုံခဲ့သည့်အသင်းများဖြစ်ပြီး ယခု ပြန်လည်တွေ့ဆုံခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ်တွင် ဗီယက်နမ်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်၌ရှုံးနိမ့်ခဲ့သည့် မြန်မာအသင်းသည် ဩစတြေးလျ ယူ-၂၀အသင်းနှင့် တတိယနေရာလုရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဩစတြေးလျနှင့်တွေ့ဆုံစဉ်က ခင်မိုးဝေ၏ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း နောက်ကျချေပဂိုးကြောင့် သရေကျခဲ့ခြင်းဖြစ်သည်။ ယခုပွဲကို မြန်မာအသင်းတိုက်စစ်မှူး ရီရီဦး ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မည်မဟုတ်သော်လည်း အခြားကစားသမားများပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲ၏ အအောင်မြင်ဆုံးအသင်းဖြစ်သည့် မြန်မာအသင်းဗိုလ်လုပွဲနှင့် လွဲချော်ပြီးနောက် ဗိုလ်လုပွဲရောက်ရှိသည့် ထိုင်းနှင့်ဗီယက်နမ်အသင်းအနက် ဗိုလ်စွဲသည့်အသင်းမှာ အအောင်မြင်ဆုံးအသင်းအဖြစ်ပါ ရပ်တည်နိုင်မည်ဖြစ်သည်။ ထိုင်းအသင်းသည် လက်ရှိချန်ပီယံအသင်းဖြစ်သော်လည်း အုပ်စုတွင်း တွေ့ဆုံစဉ်က ဗီယက်နမ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။ ၂၀၁၂ ခုနှစ်နောက်ပိုင်း ဗိုလ်လုပွဲသို့ တစ်ကျော့ပြန်တက်ရောက်လာသည့် ဗီယက်နမ်အသင်း အောင်ပွဲခံနိုင်မလား၊ ထိုင်းအသင်းက ချန်ပီယံဆုကာကွယ်နိုင်မလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။



**ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၃၁ ရက်က မွန်ပြည်နယ် ပေါင်မြို့နယ် အလုပ်ကျေးရွာ၌ ကျင်းပရာ ပေါင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသိန်း၊ သထုံခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှကြူနှင့် နယ်မြေခံ ရဲကင်းမှူး ရဲအုပ်အောင်မင်းထွန်းတို့က ဟောပြောစဉ်**

နန္ဒကျော်စွာ



# နေပြည်တော်တွင် ခိုး၊ ဆိုး၊ နှိုက် လုယက်သောင်းကျန်းမှုများ မဖြစ်ပွားစေရေး ညအချိန် တားဆီးရှာဖွေပိတ်ဆို့စစ်ဆေးအရေးယူဆောင်ရွက်မှုများပြုလုပ်

**နေပြည်တော် ဩဂုတ် ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်တချို့၌ ညအချိန်အခါများတွင် ခိုး၊ ဆိုး၊ နှိုက် လုယက်စသော ဒုစရိုက်မှုများမဖြစ်ပွားစေရန် နေပြည်တော်ကောင်စီ၏ လမ်းညွှန်မှု၊ နေပြည်တော်ရဲတပ်ဖွဲ့မှူးရဲမှူးကြီး ဇော်ခင်အောင်က ကြီးကြပ်ကွပ်ကဲ၍ မြို့နယ်ရဲတပ်ဖွဲ့မှူးများနှင့် မြို့မရဲစခန်းမှူးများက ညအချိန်အခါများတွင် မြို့ပေါ်များရှိ အချက်အချာကျသောနေရာများ၌ ရဲတပ်ဖွဲ့အင်အားနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်၍ တားဆီးရှာဖွေပိတ်ဆို့စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မိုးဦး၏ဦးဆောင်မှုဖြင့် ပျဉ်းမနားမြို့မရဲစခန်းမှူး ဒုရဲမှူးတင်ဌေးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်၍ ဩဂုတ် ၂ ရက် ည ၇ နာရီမှ ဩဂုတ် ၃ ရက် နံနက် ၂ နာရီထိ ရွာကောက်ရပ်ကွက် ၆ လမ်းနှင့် ဗိုလ်အောင်ကျော်လမ်းဆုံနေရာတွင်လည်းကောင်း၊ ရွာကောက်ရပ်ကွက် ချယ်ရီလမ်းနှင့် ယုဇနလမ်းထောင့်တွင်လည်းကောင်း၊ ရွာကောက်ရပ်ကွက် ၈၅ တံတားထိပ်တွင်လည်းကောင်း မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ ပိတ်ဆို့တားဆီးစစ်ဆေးခဲ့ပြီး သတ်မှတ်စည်းကမ်းနှင့်မကိုက်ညီသော မော်တော်ဆိုင်ကယ်လေးစီးကို အရေးယူဆောင်ရွက်ခဲ့သည်။

ထို့အတူ ဩဂုတ် ၂ ရက် ည ၇ နာရီမှ ည ၁၂ နာရီအထိ ဥတ္တရခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သိန်းဝင်းကြီးကြပ်၍ ဥတ္တရ သီရိမြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးအောင်သန်း၊ ဘုရားကုန်းမြို့မရဲစခန်းမှူး ရဲအုပ်ဇော်ဝင်း ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များက ဥတ္တရသီရိမြို့ရတနာသိဒ္ဓိရပ်ကွက် Ocean စူပါမားကတ်အနီး မန္တလေးလမ်းမပေါ်၌ ယာဉ်များကို ပိတ်ဆို့ရှာဖွေ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## မြန်မာ့ရုပ်မြင်သံကြား
## News Channel

**၄-၈-၂၀၁၆ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ - ဆပ်ဝါရိတ်သိမ်းခြင်း
၈း၃၅ - ရှင်သန်ခြင်းမိုးတိမ်
၈း၅၀ - မြန်မာ့အနုသုခုမပညာအစွမ်း ကမ္ဘာကိုလွှမ်း
၉း၃၅ - လုပစုံလင် အာဆီယံတစ်ခွင်
၁၀း၃၅ - အလုပ်သမားရေးရာ အစီအစဉ်
၁၁း၁၅ - Graphic Info(Stock Exchange) (အခန်း-၇)
၁၁း၂၀ - CLMTV Festival of Song, Dance and Music 2016
၁၁း၃၅ - Weekly Sport Info
၁၂း၅၀ - နိုင်ငံခြားဇာတ်လမ်းတွဲ မကြွေတဲ့နှင်းဆီ (အပိုင်း- ၄၉)
၁၃း၄၅- သုခမရင်ခွင် အငြိမ့်သဘင် မန္တလေးလူငယ်များ အငြိမ့် (မင်းသမီး-မှုံနှံ့သာ၊ လူရွှင်တော်-ထင်ပေါ်၊ ထင်ကျော်၊ လူလူ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

**ညပိုင်း**

၁၄း၄၀- ၂၀၁၆ ခုနှစ် အာဆီယံ အမျိုးသမီးချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (တတိယနေရာလုပွဲ) (မြန်မာအသင်းနှင့် ဩစတြေးလျအသင်း)
၁၇း၀၀- Football Magazine (ရှမ်းယူနိုက်တက်အသင်း)
၁၇း၄၀ - ၂၀၁၆ ခုနှစ် အာဆီယံ အမျိုးသမီး ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဗိုလ်လုပွဲ) (ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်း)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅- အလည်တစ်ခေါက်ရောက်ခဲ့ပါပြီငါးမည်ရတဲ့ အညာယဉ်ကျေးမှုမြို့ဆီ (အပိုင်း-၁)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးသည်။**


**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**
**သာသနာရေးဦးစီးဌာန**
**စစ်ကိုင်းတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ မုံရွာမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီး သာသနာရေးမှူးရုံး(တိုးချဲ့) အလျား(၄၅)ပေ× အနံပေ (၃၀)၊ အမြင့်(၂၄) ပေ၊ ရေ၊ မီး၊ မိလ္လာ၊ ခြံစည်းရိုးအပါအဝင် RC (၂)ထပ် ဆောက်လုပ်ရန်အတွက် ဆောက်လုပ်ရေးကုမ္ပဏီအဖွဲ့အစည်းများထံ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်-

**အိတ်ဖွင့်တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃-၈-၂၀၁၆ ရက်
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၂-၉-၂၀၁၆ ရက် (ညနေ ၄း၃၀ နာရီ)
**အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၅-၉-၂၀၁၆ရက် (နံနက် ၁၀း၃၀ နာရီ)

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၇၁-၂၆၅၀၉၊ ၀၇၁-၂၃၂၆၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**



## ဝယ်ယူလိုပါသည်

Nissan Truck 2004 model အတွက် စီးပွားကူးသန်းမှ ၂၀၁၅ ခုနှစ်ထုတ် ကားတင်သွင်းခွင့် Permit လိုင်စင် ဝယ်ယူလိုပါသည်။

Company Permit
Consignmet
လူအမည်ပေါက်လည်း ရပါသည်။

**ကိုပြည့်ဖြိုး ဖုန်း-၀၉-၇၃၁၀၆၆၃၃၊ ၀၉-၈၆၁၄၃၅၇**



EVER TOP ဘာသာစကားသင်တန်းကျောင်း Ph:09254903604 098770096 0973040610

**ဂျပန်** | **အင်္ဂလိပ်** | **တရုတ်** / **ကိုရီးယား**
4-Skills (အခြေခံ/အဆင့်မြင့်) | 4-Skills(General) | EPS TOPIK / 4-Skills
N5,N4,N3,N2,N1 | Phonetics | Grammar+Writing



## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ကုံ့ကော်ရိပ်သာ (၂)၊ မြေကွက်အမှတ် (၅)၊ ဧရိယာ ၀ ဒသမ ၁၁၉ဧက၊ နှစ် ၆၀မြေငှားစာချုပ် အမည်ပေါက်မှာ ဦးသန်းကျော်တိုးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ဆ/ဦးအား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် (၃၉၃၃/၂၀၁၆) ရက်စွဲ ၂၀-၇-၂၀၁၆ တင်ပြ၍ ဒေါ်ကြည်ကြည်မြင့် ၁၂/တမန(နိုင်)၀၃၃၅၉၀ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အအတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**



## ကန့်ကွက်နိုင်ပါကြောင်း

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေးမြောက်၊ မြယမုံအိမ်ရာ၊ မြေကွက်အမှတ် (၇၆/၂)၊ ဧရိယာ ၀ ဒသမ ၀၆၃ ဧက၊ နှစ် ၆၀မြေငှားစာချုပ် အမည်ပေါက်မှာ ဒေါ်အေးသင်ဇာသန်းဌေး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ဆ/ဦးအား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် (၃၆၉၃/၂၀၁၆) ရက်စွဲ ၈-၇-၂၀၁၆ တင်ပြ၍ ဒေါ်ကြည်ကြည်မြ ၁၂/ကမရ(နိုင်)၀၄၇၂၉၆ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အအတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့်မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**



## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇/၁၊ ရွှေပင်လုံအိမ်ရာ)၊ မြေကွက်အမှတ်(၇၉)၊ ဧရိယာ ၀ ဒသမ ၂၁၄ ဧက၊ နှစ် ၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ ဒေါ်သဇင်အုန်းမြင့် ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ဆ/ဦးအား အပိုင်ပေးကမ်းခြင်းမှတ်ပုံတင်စာချုပ် (၂၆၂၅/၂၀၁၆) ရက်စွဲ (၃၁-၅-၂၀၁၆)တင်ပြ၍ ဦးဝဏ္ဏအုန်းမြင့်-ဒေါ်ဖူးပြည့်စုံမြင့် အမည်သို့ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းနှင့် မြေစာရင်းမှတ်တမ်းဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**



## ဦးတင် ၁၂/လသယ(နိုင်)၀၀၆၇၂၁ (ဘ)ဦးသိန်း၊ ဦးဟန်စိုး ၁၂/ထတပ(နိုင်)၀၀၀၆၄၄(ဘ)ဦးတင်နှင့် အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၄) ရပ်ကွက်၊ ချင်းတွင်းလမ်း၊ အမှတ် (၅၈၃)နေ ဦးမျိုးမင်းထွန်း ၁၄/ကကထ(နိုင်)၁၇၃၀၅၇၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ကွင်းအမှတ် (၃၇၆/ခ)၊ တောင်ကြီးကလေးကွင်း၊ ဦးပိုင်အမှတ် (၄၁)၊ မြေလုပ်ကိုင်သူ ဦးတင်အမည်ပေါက် ၁၃ ဒသမ၁၀ ဧကရှိ လယ်ယာမြေကို ဦးတင်နှင့် သားဖြစ်သူ ဦးဟန်စိုးတို့က ၄င်းတို့လက်ရှိထားအသုံးပြုသည့်မြေဖြစ်ကြောင်းနှင့် ထိုမြေအနက်ခြောက်ဧကအား အကျိုးတူလုပ်ကိုင်၍ လူနေမြေကွက်များ ဖော်ဆောင်လုပ်ကိုင်ရန် ဦးမျိုးမင်းထွန်းသို့ ကမ်းလှမ်းခဲ့ပါသည်။

ဦးတင်တို့သားအဖ၏ ကမ်းလှမ်းချက်ကို ဦးမျိုးမင်းထွန်းက သဘောတူသဖြင့် အကျိုးတူလုပ်ငန်းအတွက် ဦးမျိုးမင်းထွန်းက ဦးတင်နှင့် ဦးဟန်စိုးသို့ ငွေကျပ်သိန်း ၃၀၀ကိုပေးအပ်၍ ၂-၅-၂၀၁၃ရက်စွဲပါ နှစ်ဦးသဘောတူခြံမြေအရောင်းအဝယ်စာချုပ်ကိုလည်းကောင်း၊ ၂၈-၄-၂၀၁၅ ရက်စွဲပါ နှစ်ဦးသဘောတူ လယ်မြေများအား အိမ်ခြံမြေအဖြစ်ဆောင်ရွက်ခြင်း အကျိုးတူစာချုပ်အားလည်းကောင်း၊ ဦးတင်၊ ဦးဟန်စိုးနှင့် ဦးမျိုးမင်းထွန်းတို့က အသီးသီးလက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြောင်းနှင့် ဦးမျိုးမင်းထွန်းပြသသည့် အထက်ပါစာချုပ်နှစ်စောင်အရ သိရပါသည်။

ဦးမျိုးမင်းထွန်းက ကျပ်သိန်း ၃၀၀ထည့်ဝင်၍ အကျိုးတူပါဝင်လုပ်ကိုင်ခဲ့သော်လည်း ဦးတင်နှင့်ဦးဟန်စိုးတို့က ၂၈-၄-၂၀၁၅ရက်စွဲပါ အကျိုးတူစာချုပ်ပါခံစားချက်ပါအတိုင်း ဦးမျိုးမင်းထွန်း၏ ခံစားခွင့်အားငြင်းဆို၍ ဦးတင်နှင့် ဦးဟန်စိုးတို့ကသာ အကျိုးတူလုပ်သည့်မြေကွက်အား လက်ရှိထားစီမံခန့်ခွဲလျက်ရှိသဖြင့် ဦးမျိုးမင်းထွန်းအနေဖြင့် များစွာနစ်နာလျက်ရှိကြောင်း ဦးမျိုးမင်းထွန်း၏ ပြောပြချက်အရ သိရပါသည်။

သို့ပါ၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ၂၈-၄-၂၀၁၅ ရက်စွဲပါ စာချုပ်၌ဖော်ပြပါရှိသည့် စည်းကမ်းများအတိုင်း ဦးမျိုးမင်းထွန်း၏ ခံစားရပိုင်ခွင့်အား ခံစားရယူခွင့်ပြုပါရန်နှင့် ထိုနေ့ကျော်လွန်သည့်တိုင် လိုက်နာဆောင်ရွက်ခြင်းမပြုပါက ဦးမျိုးမင်းထွန်း၏ ရပိုင်ခွင့်များအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးမျိုးမင်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးတင်၊ ဦးဟန်စိုးနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်ဝင်း (စဉ်-၈၇၁၆)**
**တိုက် (၁၀)၊ အခန်း (၄၀၂)၊ အောင်ဇေယျအိမ်ရာ၊**
**ကမ်းနားအလယ်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၇၃၁၁၄၄၆၉**





# ကိုယ်ချင်းစာနာစိတ်ဆိုတာ လူတိုင်းမှာလိုအပ်ပါတယ်

## ကိုပေါက်(နေပြည်တော်)

နေပြည်တော်ရဲ့တစ်ခုသောနေ့လယ်ခင်း ။ လူတိုင်းနီးပါးသိနေကြတဲ့ သပြေကုန်းဈေးထောင့်နားမှာ ယာဉ်မတော်တဆမှုတစ်ခုဖြစ်ခဲ့တယ်။ မော်တော်ဆိုင်ကယ်နဲ့ကားတိုက်မိကြတာဖြစ်ပြီး ဆိုင်ကယ်က လမ်းမှန်သွားနေတဲ့ကားရှေ့ကို အတင်းဖြတ်ဝင်မောင်းလို့ ဖြစ်ရတဲ့ကိစ္စပါ ။ ဖြစ်ဖြစ်ချင်းမှာ ထုံးစံအတိုင်း လူတွေအုံခဲလာတယ်။ ဆိုင်ကယ်ကယ်ရီမောင်းလာတဲ့ ကောင်လေးက အသက်ပြည့်သေးဟန်မတူ။ နောက်ကလိုက်စီးတဲ့ ခရီးသည်ကောင်မလေးကလည်း ခပ်ရွယ်ရွယ် ၊ အတော်လေးငယ်ကြသေးတဲ့ပုံစံလေးတွေ ။ ကားပေါ်က လူတွေဆင်းလာကြတယ် ။ ဒါပေမယ့် ဘာကဘယ်လို စလုပ်ရမယ်မှန်းမသိ ဖြစ်နေကြတဲ့ပုံတွေနဲ့ ။ နံဘေးမှာ ဝိုင်းအုံကြည့်နေကြသူတွေအထဲက ဘယ်သူတစ်ဦးတစ်ယောက်ဆီကမှ အကူအညီလည်းမရ။ ကားရှေ့မှာ ဆိုင်ကယ်တစ်စီးနဲ့ လူသားနှစ်ယောက် ။ ဆိုင်ကယ်က ငြိမ်သက်နေပြီး လူသားနှစ်ယောက်က ညည်းညူသံတသဲ့သဲ့နဲ့ တလူးလူးတလွန့်လွန့် ။ ဝိုင်းကြည့်နေသူတွေက တစ်ယောက်တစ်ပေါက်နဲ့ ကိုယ့်နီးစပ်ရာလူကို ကိုယ့်အထင်ကိုယ် ပြောတဲ့သူကပြော ၊ ဖုန်းကင်မရာတွေ တဖျပ်ဖျပ်နဲ့ အနိဋ္ဌာရုံ မြင်ကွင်းကို သူ့ထက်ငါဦးအောင် မှတ်တမ်း တင်သူတွေကတင်နဲ့ ကိုယ်စီကိုယ်ငှ အလုပ်တွေရှုပ်နေကြတယ်။

ဟိုအစ်ကိုကြီး ငိုင်မနေနဲ့ ၊ ကောင်လေးကို တွဲပေး ။ ဟိုအစ်ကိုတွေက ကောင်မလေးကို ပွေ့ပေး၊ ကားပေါ်အရင်တင်ပြီး ဆေးရုံပို့ပေးကြ ။ နောက်ပြဿနာ နောက်မှရှင်းကြစို့ ။ လတ်တလော ကလေးတွေ သွေးထွက်လွန်သွားရင် ခင်ဗျားတို့ မလွယ်ဘူးလို့ ကျွန်တော်ဝင်ပြောတော့မှ ကားပေါ်ကဆင်းလာတဲ့ပုဂ္ဂိုလ်များ သက်ဝင်လှုပ်ရှားလာကြတယ် ။ နံဘေးကလူများလည်း ဓာတ်ပုံရိုက်ဖို့ပိုကောင်းလာတဲ့ မြင်ကွင်းတွေကို မျက်ခြည်ပြတ်မခံကြပါဘူး ။ ဒါနဲ့ပဲ လိုရင်းပြောရရင် ကားပေါ်ကို ကောင်လေးရော ကောင်မလေးပါ ရောက်သွားတယ်။ ဆေးရုံသွားဖို့ ကားထွက် တော့မယ့်အချိန်မှာမှ အခင်းဖြစ်ရာကို ဆိုင်ကယ်တစ်စီး ဝေါခနဲထိုးစိုက်လာတယ်။ ပုဆိုးတိုတိုပြင်ဝတ်ထားတဲ့ ဒေါသတကြီးဖြစ်နေဟန်တူတဲ့ ကောင်လေးတစ်ယောက်ဆင်းလာပြီး လမ်းလယ်မှာ လဲလျက်သားရှိနေတဲ့ မော်တော်ဆိုင်ကယ်ကို လက်ညှိုးထိုးပြတယ်။ ပြီးတော့ ဒီဆိုင်ကယ်ကို ဘယ်ကောင်တိုက်တာလဲ ။ ဘယ်မှာလဲအခု၊ ဘာညာနဲ့ ကျွန်တော်အပါအဝင် လူအုပ်ကြီးကို တစ်ယောက်ချင်းစီ လိုက်မေးတယ်။ အဲဒါ ကျွန်တော့် မိန်းမဗျ၊ ကိုယ်ဝန်ကြီးနဲ့လို့လည်း ငိုသံပါကြီးနဲ့ ပြောတယ်။ ရှေ့ဘက်ခပ်လှမ်းလှမ်းမှာ ဆေးရုံသွားဖို့ အသင့်ဖြစ်နေတဲ့ကားကတော့ ကျွန်တော့်ဆီက အချက်ပြမှုကို စောင့်ကြည့်ပြီး ဘာဆက်လုပ်ရမယ်မှန်းမသိသေးဟန်နဲ့ စောင့်နေကြတယ်။ ဒီလူငယ်ရဲ့ ဒေါသကလည်း ဘာတွေဆက်ဖြစ်သွားနိုင်မယ်မှန်းမသိတဲ့အတွက် ကျွန်တော် ချော့မော့နှစ်သိမ့် ဖျောင်းဖျရတယ် ။ မင်းအမျိုးသမီး ဘာမှမဖြစ်ဘူး ကောင်လေး ။ မင်းစိတ်အေးအေးထားပါ ။ အခု သူတို့တွေ ဆေးရုံကိုသွားနေပြီ ။ မင်း အကျိုးအကြောင်းသိရအောင် ငါနဲ့လိုက်ခဲ့ပါဆိုတော့ ကောင်လေး ခဏလောက် ငြိမ်သက်သွားတယ်။

ဒီလိုနဲ့ပဲ ခုတင် ၁၀၀၀ ဆေးရုံကြီးကို ရောက် ၊ အရေးပေါ်ကုသဆောင်ကို ပို့။ ဆိုင်ကယ်မောင်းတဲ့ ကောင်လေးရော နောက်ကလိုက်စီးတဲ့ ကောင်မလေးပါ နှစ်ယောက်စလုံးရဲ့ အမျိုးတွေ တစ်စုစီတစ်စုစီ ရောက်လာကြတယ်။ ကောင်မလေးရဲ့ အမျိုးသားလေးကတော့ အံကိုတင်းတင်းကြိတ်လို့ ဘာမှဆက်မပြောတော့ဘူး။ သူ့အမျိုးသမီးလေးအနားမှာ လက်ကလေးကိုကိုင်ပြီး စိုးရိမ်ပူပန်ဟန်နဲ့ ငူငူငိုင်ငိုင်။ ဒီမှာတင် စိတ်ကသိကအောက်ဖြစ်စရာတစ်ခု ကြုံတယ်။ ဆိုင်ကယ်ထိသွားတဲ့အတွက်ရော၊ လူပါထိခိုက်တဲ့အတွက်ပါ အဆမတန် လျော်ကြေးတောင်းဖို့အတွက် ဆိုင်ကယ်ဘက်က သက်ဆိုင်ရာမျိုးနွယ်စုတွေ တိုးတိုးတိတ်တိတ် တိုင်ပင်နေကြတာကို ကျွန်တော်လိုက်မှာပဲ ။ ခင်ဗျားတို့ဆိုင်ကယ်က ရပ်ထားတဲ့ကားကို ဝင်တိုက်တာပါလို့ ပြောမှာ။ အခုလည်း ဒီကလေးတွေကို ဒီဆေးရုံရောက်လာအောင် ကျွန်တော်ခေါ်လာခဲ့တာ။ ကားမောင်းတဲ့သူတွေက မောင်းပြေးတာတို့၊ လူသားချင်းမစာမနာလုပ်ရပ်မျိုး လုပ်တာတို့ဆိုရင် ခင်ဗျားတို့ ရှင်းဖို့တောင်မလိုဘူး။ ကျွန်တော်ကိုယ်တိုင် ရဲတိုင်ဖို့ အချက်အလက်တွေ ယူထားပြီးပြီ ။ ဒီတော့ ခင်ဗျားတို့ ကိုယ်ချင်းစာနာစိတ်နဲ့ တွေးပါ ။ ငါ့ခွင်ထဲဝင်လာတုန်း ရိုက်လိုက်မဟဲ့ ဆိုတဲ့ ပုံစံမျိုးချိုးရင်တော့ ကျွန်တော်နဲ့ အရင်ရှင်းရလိမ့်မယ်၊ တစ်လက်စတည်းပြောရရင် ဟိုဘက်က လူတွေကိုလည်း ကျွန်တော် တစ်ခါမှမမြင်ဖူးသလို ခင်ဗျားတို့ကလေးတွေကိုလည်း အခုမှမြင်ဖူးတာ။ လူလူချင်း ကူညီရိုင်းပင်းချင်တဲ့စိတ်ကြောင့် ကျွန်တော်ကူညီနေတာကို နားလည်ပေးပါလို့ ခပ်ပြတ်ပြတ်ပဲ ပြောချလိုက်တယ်။ ဒီတော့မှ ခမျာတို့အုပ်စုလည်း တိုင်ပင်ခန်းတွေ ပြတ်တော့တယ်။

**လူသားချင်းမစာမနာလုပ်ရပ်မျိုး လုပ်တာတို့ဆိုရင် ခင်ဗျားတို့ ရှင်းဖို့တောင်မလိုဘူး။ ကျွန်တော်ကိုယ်တိုင် ရဲတိုင်ဖို့ အချက်အလက်တွေ ယူထားပြီးပြီ ။ ဒီတော့ ခင်ဗျားတို့ ကိုယ်ချင်းစာနာစိတ်နဲ့ တွေးပါ ။ ငါ့ခွင်ထဲဝင်လာတုန်း ရိုက်လိုက်မဟဲ့ ဆိုတဲ့ ပုံစံမျိုးချိုးရင်တော့ ကျွန်တော်နဲ့ အရင်ရှင်းရလိမ့်မယ်**

ကြားလိုက်ရတာက စတာပါပဲ ။ စိတ်ကိုထိန်းပေမယ့် မတရားတာမြင်ရင် မခံချင်တဲ့ ဉာဉ်ကြောင့် ပါးစပ်ကနေ စကားလုံးတွေ လွှတ်ခနဲ လွှတ်ခနဲ ထွက်ကျတယ် ။

ခင်ဗျားတို့ ဒါပဲစဉ်းစားနေတာလား ။ ကိုယ့်သားချင်းအသက်အန္တရာယ် ဘယ်လိုရှိမယ်။ ဘာဖြစ်သွားနိုင်မယ်ဆိုတာရော စဉ်းစားမိကြလား ၊ အခု ဒီကိုရောက်ကတည်းက ခင်ဗျားတို့ စိုးရိမ်လို့လိုက်လာတယ်ဆိုပြီး ခင်ဗျားတို့ကလေးတွေကို တစ်ချက်မကြည့်သေးဘဲ လျော်ကြေး တနင့်တပိုးရအောင် တောင်းဆိုကြဖို့ တိုင်ပင်နေကြတာ မရှက်ကြဘူးလားဗျာ လို့ ကျွန်တော် ပြောတော့မှ သူတို့ပါးစပ်ပိတ်ကြတယ်။ ပြီးတော့ မျက်လုံးအပြူးသားတွေနဲ့ ကျွန်တော့်ကို ကြောင်တောင်တောင်ကြည့်နေကြတဲ့သူတို့ကို စိတ်ထဲရှိတဲ့အတိုင်း ပြောပြလိုက်တယ်။ ဖြစ်စဉ်အရ မြင်တာပြောရရင် ခင်ဗျားတို့ဘက်က ဆိုင်ကယ်ကို တရကြမ်းမောင်းလာတာမြင်လို့ ဟိုဘက်က ကားကို လုံးဝရပ်ပစ်လိုက်တာ၊ အဲဒီလို ရပ်ထားတဲ့ကားကိုမှ ခင်ဗျားတို့ ဆိုင်ကယ်က ရှေ့တည့်တည့်ကနေ ဝင်တိုးပြီး ပွတ်တိုက်သွားတာ ။ ဒီတော့ သက်သေလိုချင်ရင် ကျွန်တော်ကတော့ အခမဲ့ သက်သေလိုရင်းပြောရရင်တော့ ကံကောင်းထောက်မစွာ ကလေးမလေးရော ဆိုင်ကယ်မောင်းတဲ့ကောင်လေးပါ ဘာမှ ဆိုးဆိုးရွားရွား မဖြစ်ခဲ့ဘူး ။ တစ်ဖက်က မော်တော်ယာဉ်မောင်းတဲ့ ပုဂ္ဂိုလ်မိသားစုလည်း စိုးရိမ်ပူပန်မှု လျော့ကျသွားစေခဲ့ပါတယ်။ တစ်ဖက်ဖက်က ညစ်တာမျိုး ၊ မတရားတင်စီးတာမျိုး ၊ အနိုင်ကျင့်တာမျိုးဖြစ်လာခဲ့ရင် ကျွန်တော်က နောက်တစ်ဖက်မှာ သွားရပ်တည်မှာဖြစ်တယ်ဆိုတာရယ် ၊ ကျေလည်အောင် တတ်နိုင်သမျှ ဖြေရှင်းကြဖို့ရယ်ကို မှာခဲ့ပြီး နှစ်ဦးနှစ်ဖက်စလုံးကလူတွေကို ကျွန်တော်နဲ့ ဆက်သွယ်ဖို့ ဖုန်းနံပါတ်ပေးခဲ့ပြီး ပြန်လာခဲ့တယ်။ နောက်တစ်နေ့မနက်မှာ အဲဒီရပ်ကွက်ရဲ့အုပ်ချုပ်ရေးမှူးရုံးမှာ နှစ်ဦးနှစ်ဖက် ကျေလည်မှုရအောင် ဆွေးနွေးညှိနှိုင်းကြပြီး အောင်မြင်စွာနဲ့ ကိစ္စပြီးဆုံးသွားတယ်ဆိုတာ နှစ်ဖက်စလုံးက ပုဂ္ဂိုလ်တွေ အပြန်အလှန် ဖုန်းလှမ်းဆက်ကြလို့ သိခွင့်ရလိုက် တယ်။ ကျွန်တော်ကတော့ သူတို့နှစ်ဖက်စလုံးက ဖုန်းထဲကနေ တဖွဖွလှမ်းပြောရင်း ပေးလို့ရလိုက်တဲ့ ကျေးဇူးတရားတွေနဲ့တင် ပီတိတွေဖြစ်လို့ ။ ။

## အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) မှပညာရေးကောလိပ်(မန္တလေး) သို့ အားကစားပစ္စည်းများလှူဒါန်း ၊ အားကစားနည်းအလိုက် သရုပ်ပြသ

**မန္တလေး ဩဂုတ် ၃**

အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) မှ ပညာရေးကောလိပ်(မန္တလေး) သို့ အားကစားပစ္စည်းများ လှူဒါန်းခြင်းနှင့် အားကစားနည်းအလိုက် အားကစားသရုပ်ပြသပွဲ အခမ်းအနားကို ဩဂုတ် ၁ ရက် မွန်းလွဲ ၂ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ပညာရေးကောလိပ် ပညာတန်ဆောင်ခန်းမ၌ ကျင်းပရာ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က အားကစားပစ္စည်းများ လှူဒါန်းရခြင်း၊ သရုပ်ပြပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ကြီးက ပညာရေးကောလိပ် သင်တန်းသား သင်တန်းသူများလေ့ကျင့်မှု ဆောင်ရွက်ရန်အတွက် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်းတို့အပြင် ဆက်စပ်ပစ္စည်း များဖြစ်သည့် ဘော်လီဘော၊ ပိုက်ကျော်ခြင်းနှင့် ကြက်တောင်ပိုက်များကို ပေးအပ်လှူဒါန်းရာ ပညာရေးကောလိပ် ကျောင်းအုပ်ကြီး ဦးဇိုလ်မြင့်က လက်ခံ၍ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မန္တလေးပညာရေးကောလိပ်သင်တန်းသား သင်တန်းသူများအား အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)တွင် လေ့ကျင့်သင် ကြားလျက်ရှိ သည့် ဂျူဒို၊ ကရာတေးဒို၊ တိုက်ကွမ်ဒို၊ နပန်း၊ ဝူရှူးနှင့် ကျွမ်းဘားစသည့် အားကစား ခြောက်မျိုးတို့ဖြင့် အားကစားနည်းအလိုက် သရုပ်ပြသကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**




## စစ်ကိုင်း-မုံရွာ တာဝေးစက်ဘီးပြိုင်ပွဲကျင်းပမည်

**နေပြည်တော် ဩဂုတ် ၃**

စက်ဘီးအားကစားနည်းကို ပြည်သူလူထု စိတ်ပါဝင်စားလာစေရန်၊ စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်လာစေရန်၊ မျိုးဆက်သစ် စက်ဘီး အားကစားသမားများ ပေါ်ထွက်လာစေရန်၊ လေထုညစ်ညမ်းမှုကို ကာကွယ်ရန်နှင့် စက်သုံးဆီ ခြိုးခြံချွေတာနိုင်ရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် Myanmar CP LIVESTOCK ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ စစ်ကိုင်း-မုံရွာတာဝေးစက်ဘီးပြိုင်ပွဲကို ဩဂုတ် ၂၁ ရက်တွင် ကျင်းပပြုမည်ဖြစ်ပါသဖြင့် ပါဝင် ယှဉ်ပြိုင်လိုသူများအနေဖြင့် ဖုန်း- ၀၉-၂၅၀ ၂၀၅၆၅၁ တို့သို့ ဆက်သွယ်စာရင်းပေးစုံစမ်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)



**ဝမ်းတွင်းမြို့နယ် ဘုရားစုကျေးရွာအုပ်စု ဘုရားစုကျေးရွာရှိ ရွှေဘုံသာမိုးကောင်း ဆု တောင်းပြည့်ဘုရားကြီးအား ဉာဏ် တော် တစ်ဆင့်မြှင့်တင် ပူဇော်မည့် လုပ်ငန်းခွင်အား ကျေးရွာနေပြည်သူများ နှင့်အတူ ဇူလိုင်လ နောက်ဆုံးပတ်က ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအဖြစ် လုပ်အားဒါန ပါဝင်ကူညီပြုလုပ်ပေးခြင်း ဆောင်ရွက်စဉ်။**
(မြန်မာ့အလင်း)

## မြေငှားဂရန်ပေးအပ်ပွဲကျင်းပ

**ကန်ပက်လက် ဩဂုတ် ၃**

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ပါကွန်းကျေးရွာနေ ကျေးလက်ပြည်သူများအား ခိုင်မာသည့် မြေပိုင်ဆိုင်မှု အထောက်အထားရရှိစေသည့် မြေငှားဂရန်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၉ ရက်က အဆိုပါကျေးရွာ အမက ကျောင်းခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသက်ဦးဆွေက မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်မှု အခြေအနေကို လည်းကောင်း၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးအောင်သန်းဦးက လုပ်ငန်းဆောင်ရွက်ပေးမှုအဆင့်ဆင့်ကို လည်းကောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။


**(မြို့နယ် ပြန် / ဆက်)**

# ကြံမှသကြား ပြည့်စီးပွား

## ခင်မောင်ညွန့်(ကြံသီးနှံ)

၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့က Hotel Amara နေပြည်တော်တွင် ကျင်းပပြုလုပ်သည့် "The 36th meeting of the ASEAN Food Security Reserve Board (AFSRB)" အစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ စိုက်ပျိုးရေးနှင့် သက်ဆိုင်သော တာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင်များ တက်ရောက်ကြပြီး ကမ္ဘာ့စားနပ်ရိက္ခာစိုက်ပျိုးထုတ်လုပ်မှု ဈေးကွက်အခြေအနေများ၊ အာဆီယံနိုင်ငံများတွင် အရေးကြီးသီးနှံများ၏ စိုက်ပျိုးထုတ်လုပ်မှု ဈေးကွက်အခြေအနေများနှင့် နိုင်ငံများအလိုက် ဒေသ၊ ရာသီဥတုအပေါ်မူတည်၍ ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ခဲ့ကြပါသည်။

အဆိုပါအစည်းအဝေးတွင် အာဆီယံနိုင်ငံများအနေဖြင့် ကမ္ဘာ့စားနပ်ရိက္ခာဈေးကွက်အခြေအနေကို လေ့လာသုံးသပ်၍ အရေးကြီးသီးနှံ(၄)မျိုးဖြစ်သော (က) ဆန်၊ (ခ)သကြား(ကြံ)၊ (ဂ)ပြောင်း၊ (ဃ) ပဲပုပ် အခြေအနေများအား အသေးစိတ်ဆွေးနွေးခဲ့ကြပါသည်။ ကမ္ဘာတွင် အများဆုံးစိုက်ပျိုးထုတ်လုပ်သည့် သီးနှံငါးမျိုးဖြစ်သော ကြံ၊ ပြောင်း၊ ဆန်၊ ဂျုံ၊ အာလူး တို့၏ ၂၀၀၉ ခုနှစ် မှ ၂၀၁၃ ခုနှစ်ထိ စိုက်ပျိုးထုတ်လုပ်မှုကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




Source; Internet

အထက်ပါအခြေအနေများအရ နိုင်ငံတော်အတွက် အလားအလာကောင်းများရှိသော သကြားထုတ်လုပ်မှု (ကြံသီးနှံစိုက်ပျိုးရေး)နှင့်ပတ်သက်၍ ကမ္ဘာနှင့် မြန်မာနိုင်ငံတို့တွင် ဖြစ်ပေါ်နေသော လက်ရှိအခြေအနေအား တင်ပြသွားမည် ဖြစ်ပါသည်။


ကမ္ဘာ့လူဦးရေ ၇ ဒသမ ၃ ဘီလီယံ၏ ဆန်စားသုံးမှုမှာ ၃ ဒသမ ၆ ဘီလီယံသာရှိပြီး သကြားစားသုံးမှုမှာ လူဦးရေအားလုံးနီးပါး ၇ ဒသမ ၃ ဘီလီယံရှိသည့်အတွက် သကြားသည် ဆန်ထက်ကြီးမားကျယ်ပြန့်သော ဈေးကွက်ကြီးရှိနေပါသည်။ ကမ္ဘာ့သကြားထုတ်လုပ်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် တန်ချိန် လေးသန်း ပိုမိုထုတ်လုပ်နိုင်ခဲ့ပြီး စုစုပေါင်းတန်ချိန် ၁၆၉ သန်း ထွက်ရှိခဲ့ပါသည်။ လူတစ်ဦး ပျမ်းမျှစားသုံးမှုမှာ တစ်နှစ်လျှင် ၂၄ ကီလိုရှိသည့်အတွက် ကမ္ဘာ့သကြားစားသုံးမှုမှာ တန်ချိန် ၁ ဒသမ ၈ သန်း တိုးတက်မြင့်မားလာသဖြင့် စုစုပေါင်းတန်ချိန် ၁၇၃ ဒသမ ၆ သန်းရှိနေပြီဖြစ်ပါသည်။

ကမ္ဘာ့လက်ကျန်သကြား စုဆောင်းထားရှိမှုမှာလည်း ၂၀၁၀-၂၀၁၁ ခုနှစ်နောက်ပိုင်း အနည်းဆုံး(အနိမ့်ဆုံး)အဆင့်သို့ ချဉ်းကပ်လာနေပြီဖြစ်သည့်အတွက် ထုတ်လုပ်နိုင်ငံများနှင့် တင်သွင်းနိုင်ငံများ၏ ဝယ်လိုအား၊ ရောင်းလိုအားပေါ် မူတည်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ် နောက်ပိုင်းမှစ၍ ကမ္ဘာ့သကြားဈေးကွက်ကြီး၏ အခြေအနေကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

(က) ကမ္ဘာ့သကြားအခြေအနေ





(ခ) နှစ်အလိုက် ကမ္ဘာ့သကြားထုတ်လုပ်မှုနှင့်စားသုံးမှုအခြေအနေ




(ဂ) နှစ်အလိုက် ကမ္ဘာ့သကြားလက်ကျန်အခြေအနေ




(ဃ) အာဆီယံနိုင်ငံများ၏ နှစ်အလိုက် သကြားထုတ်လုပ်မှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ စားသုံးမှုနှင့် လက်ကျန်အခြေအနေ



ASEAN SUGAR

in MMTs


| Commodity | Attribute | 2014/2015 | 2015/2016 | 2016/2017 | % Change |
|---|---|---|---|---|---|
| Sugar | Total Sugar Production | 17.228 | 16.165 | 16.790 | 3.87 |
| | Imports | 6.573 | 6.904 | 6.886 | -0.26 |
| | Exports | 8.705 | 9.333 | 9.538 | 2.20 |
| | Total Consumption | 15.421 | 15.766 | 15.858 | 0.58 |
| | Ending Stocks | 8.195 | 6.165 | 4.445 | -27.90 |

Source: USDA

မြန်မာနိုင်ငံတွင် ကြံစိုက်ပျိုးထုတ်လုပ်မှုအခြေအနေမှာ ၂၀၁၅-၂၀၁၆ ခုနှစ် ကြံရာသီစိုက်ဧက ၃ ဒသမ ၉၈ သိန်းရှိခဲ့ပြီး (ယာယီစာရင်းအရ) အောင်ဧက ၃ ဒသမ ၆ သိန်းတွင် ပျမ်းမျှအထွက်နှုန်း ၂၃ တန်ဖြင့် စုစုပေါင်း ကြံတန်ချိန် ၈၂ ဒသမ ၈ သိန်း ထွက်ရှိခဲ့ပါသည်။ ကြံတစ်ဧကအထွက်နှုန်းမှာ ကမ္ဘာ့နိုင်ငံများတွင် ပျမ်းမျှ ၂၈ တန်ခန့်ထွက်ရှိပြီး အာဆီယံနိုင်ငံများတွင် ပျမ်းမျှ ၂၆ ဒသမ ၁၈ တန်ထွက်ရှိပါသည်။

မြန်မာနိုင်ငံ၏ ယခင်နှစ်ထွက်ရှိကြံတန်များထဲမှ ၂၀၁၆-၂၀၁၇ ခုနှစ် ကြံရာသီတွင် ခင်းသစ် စိုက်ဧက ၂ ဒသမ ၉ သိန်းအတွက် မျိုးအသုံးပြုခြင်း၊ စက်ငယ်သကြား၊ ကြံသကာ၊ ပွက်ရည်၊ ပွက်သားချက်လုပ်ခြင်း၊ တရုတ်နယ်စပ်ဒေသများမှ ကြံကိုကုန်ကြမ်း အနေအထားဖြင့် တစ်ဖက်နိုင်ငံသို့ ရောင်းချခြင်း၊ နွေရာသီ ကြံရည်ရောင်းချခြင်းနှင့် အလေအလွင့်များ နုတ်ပယ်ပါက မြန်မာနိုင်ငံရှိ လည်ပတ်နေသော သကြားစက်ရုံ ၂၀ သည် စုစုပေါင်းကြံတန်ချိန် ၂၆ ဒသမ ၆ သိန်း ကြိတ်ဝါးခဲ့ပြီး သကြားတန်ချိန် ၂ ဒသမ ၇ သိန်း ထွက်ရှိခဲ့ပါသည်။ မြန်မာလူမျိုးတို့၏ တစ်ဦးချင်းသကြားစားသုံးမှုမှာ ၁၉၉၄-၁၉၉၅ ခုနှစ်တွင် ၁ ဒသမ ၈၇ ကီလိုရှိရာမှ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ခန့်မှန်းပျမ်းမျှ ၈ ဒသမ ၇၅ ကီလို တိုးမြှင့်စားသုံးလာပြီ ဖြစ်သည့်အတွက် နိုင်ငံသကြားထုတ်လုပ်မှုမှာ ပြည်တွင်းစားသုံးမှုလုံလောက်သော အခြေအနေတွင်သာရှိပြီး တစ်ခါတစ်ရံ ပြည်ပမှ Re-export အကြောင်းပြချက်ဖြင့် သကြားတင်သွင်းပြီး ပြည်တွင်းဘုရင့်နောင်ဈေးကွက်တွင်ပင် ရောင်းချမှုများရှိနေသည့်အတွက် လိုအပ်ချက်များပင်ရှိနေကြောင်း တွေ့ရှိရပါသည်။


အိမ်နီးချင်းနိုင်ငံဖြစ်သော ကမ္ဘာ့ကြံစိုက်ပျိုးမှု ဒုတိယအများဆုံးဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ၂၀၁၅-၂၀၁၆ ခုနှစ် ကြံစိုက်ပျိုးထုတ်လုပ်ခဲ့မှုမှာ ဟက်တာ ၅ ဒသမ ၂၈ သန်းရှိခဲ့ပြီး ပြည်ပသို့ တင်ပို့နိုင်ခဲ့သော်လည်း ၂၀၁၆-၂၀၁၇ ခုနှစ်တွင် အယ်နီညိုဖြစ်စဉ်ကြောင့် ကြံစိုက်ပျိုးနိုင်မှုမှာ ဟက်တာ ၄ ဒသမ ၉၉ သန်းသို့ လျော့နည်းလာသည့်အတွက် ပြည်တွင်းစားသုံးမှုဖူလုံရေးသာ ဦးစားပေးဆောင်ရွက်နေရသည့်အခြေအနေဖြစ်ပါသည်။ အိန္ဒိယနိုင်ငံသည် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် သကြားတန်ချိန် ၂၅ ဒသမ ၅ သန်းထွက်ရှိမည်ဟု ခန့်မှန်းထားပြီး စားသုံးမှုမှာ တန်ချိန် ၂၇ ဒသမ ၂ သန်းရှိသည့်အတွက် ပိုလျှံမှုမရှိကြောင်း တွေ့ရှိရပါသည်-




ကမ္ဘာတွင် ဒုတိယသကြားတင်ပို့မှုအများဆုံးနိုင်ငံဖြစ်သော ထိုင်းနိုင်ငံသည်လည်း အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ကြံတန်ချိန် ၁၀၅ သန်း ကြိတ်ဝါးရာမှ ၉၅ သန်းသာ လျော့နည်းကြိတ်ဝါးခဲ့ရသဖြင့် နှစ်စဉ် သကြားထုတ်လုပ်မှုထက် အနည်းငယ်လျော့နည်းလာသော အခြေအနေဖြစ်ပါသည်။

ယနေ့ မြန်မာနိုင်ငံမှတစ်ဆင့် ပြည်ပသကြားများကို တရားမဝင်ဝယ်ယူနေသော ဈေးကွက်ကြီးမားသည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပါသည်။ တရုတ်နိုင်ငံသည် သကြားလိုအပ်ချက်ကြီးမားသဖြင့် ပုံမှန်ဝယ်ယူနေခြင်းမရှိသော်လည်း ၂၀၁၅-၂၀၁၆ ခုနှစ် ကြံရာသီတွင် ယူနန်ပြည်နယ်သို့ မူဆယ်မှတစ်ဆင့် Re-export ပေးပို့ခဲ့သော တန်ချိန်မှာ တစ်သန်းကျော်ရှိပြီး အချို့ထိန်းချုပ်ရန် ခက်ခဲသော လမ်းကြောင်းများမှလည်း ပေးပို့ရောင်းချနေသဖြင့် ယခုထက် ပိုမိုများပြားဖွယ်ရှိပါသည်။

တရုတ်နိုင်ငံသည် ကမ္ဘာ့ကြံစိုက်ပျိုးထုတ်လုပ်မှု ထိပ်တန်းငါးနိုင်ငံတွင် ပါဝင်ပြီး နှစ်စဉ် သကြားတန်ချိန် ရှစ်သန်းမှ ၁၄ သန်းထိ ထုတ်လုပ်နိုင်သော်လည်း လူဦးရေများပြားသဖြင့် နှစ်စဉ်တန်ချိန် နှစ်သန်းမှ ခုနစ်သန်းခန့် တင်သွင်းနေရသောနိုင်ငံဖြစ်ပါသည်။




မြန်မာနိုင်ငံတည်နေရာသည် ကြံသီးနှံဇီဝနှင့်ကိုက်ညီသော အပူပိုင်းသမဖုန်ရာသီဥတုရှိသဖြင့် အချို့နေရာအနည်းငယ်မှအပ ကြံသီးနှံဖြစ်ထွန်းသော ဒေသကြီးဖြစ်ပါသည်။ မြန်မာ့သကြားစက်မှုလုပ်ငန်းသည် အင်္ဂလိပ်ကိုလိုနီခေတ် ၁၉၄၀ ပြည့်နှစ်တွင် စတင်ကျယ်ပြန့်စွာ စိုက်ပျိုးထုတ်လုပ်ခဲ့ပြီး ၁၉၂၅ ခုနှစ်တွင် အင်္ဂလိပ်အစိုးရမှ ပျဉ်းမနားကြံသုတေသနခြံအား တည်ထောင်ချိန်တွင် ယနေ့ ကမ္ဘာ့သကြားဒုတိယအများဆုံး တင်ပို့နေသော ထိုင်းနိုင်ငံသည် မိရိုးဖလာ ကျွဲ၊ နွားများဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးနေသောအချိန်ဖြစ်ပါသည်။ ယခုအခါ ထိုင်းနိုင်ငံသည် သကြားတန်ချိန် ၉၇ ဒသမ ၄ သိန်းတန်ချိန်ထုတ်လုပ်ချိန်တွင် မြန်မာတစ်နိုင်ငံလုံး သကြားထုတ်လုပ်မှုသည် ၃ ဒသမ ၉၆ သိန်းသာ ထုတ်လုပ်နိုင်သည်မှာ စနစ်နှင့် စီမံခန့်ခွဲမှုအမှားများ၏ အကျိုးဆက်သာဖြစ်ကြောင်း ငြင်းနိုင်ဖွယ်မရှိပါ။

**ယခုအခါ ထိုင်းနိုင်ငံသည် သကြားတန်ချိန် ၉၇ ဒသမ ၄ သိန်း တန်ချိန်ထုတ်လုပ်ချိန်တွင် မြန်မာတစ်နိုင်ငံလုံး သကြားထုတ်လုပ်မှုသည် ၃ ဒသမ ၉၆ သိန်းသာ ထုတ်လုပ်နိုင်သည်မှာ စနစ်နှင့် စီမံခန့်ခွဲမှုအမှားများ၏ အကျိုးဆက်သာဖြစ်**

လက်ရှိ ကြံကြိတ်ဝါး သကြားထုတ်လုပ်နိုင်သည့် စက်ရုံများတွင် မောင်းကုန်းသကြားစက်ရုံ (ထီးချိုင့်မြို့နယ်)၊ ငွေရည်ပုလဲသကြားစက်ရုံ(နောင်ချိုမြို့နယ်)၊ နဝဒေးသကြားစက်ရုံ (ပြည်မြို့နယ်)၊ အင်ငါးခွသကြားစက်ရုံ(ပေါက်ခေါင်းမြို့နယ်) များသာ အများဆုံးကြံကြိတ်ဝါး သကြားထုတ်လုပ်နိုင်ပြီး ကံလှသကြားစက်ရုံ (တောင်တွင်းကြီးမြို့နယ်)နှင့် ဒုရင်ဗိုလ်သကြားစက်ရုံ (အောင်လံမြို့နယ်)တို့သည် ပုံမှန်ကြိတ်ဝါးနိုင်ကြောင်း တွေ့ရှိရပါသည်။ ကျန်သကြားစက်ရုံများမှာ အကျိုးအမြတ်အနည်းငယ်နှင့် အရှုံးမပေါ်စေရေးအတွက် ရုန်းကန်နေရသော အခြေအနေရှိကြောင်း သုံးသပ်ရပါသည်။

အထူးသဖြင့် မြန်မာနိုင်ငံတွင် အကောင်းဆုံးစက်ရုံဖြစ်ပြီး Refined သကြားထုတ်လုပ်နိုင်သည့် ကန့်ဘလူသကြားစက်ရုံမှာ ယခင်နှစ်များနှင့်နှိုင်းယှဉ်ပါက များစွာကျဆင်းသွားကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ရွှေဘိုမြို့နယ် မြဘုရင် သကြားစက်ရုံသည် ယခင် တစ်ရက်တန်ချိန် ၃၀၀ သာ ကြိတ်ဝါးထုတ်လုပ်ရာမှ ၂၀၁၆- ၂၀၁၇ ခုနှစ် ကြံရာသီတွင် တစ်ရက်တန်ချိန် ၁၅၀၀ ထိ ကြိတ်ဝါးရန်အတွက် နှစ်စဉ် အဆင့်ဆင့်တိုးချဲ့လာခြင်းမှာလည်း များစွာအားကျဂုဏ်ယူဖွယ်ကောင်းသော အခြေအနေဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကမ္ဘာ့အခြေအနေ၊ အာဆီယံအခြေအနေများကိုသုံးသပ်ပြီး ကြီးမားသော သကြားဈေးကွက်ကြီးအနီးတွင် တည်ရှိနေသော နိုင်ငံဖြစ်သည့်အတွက် အနာဂတ်မရေရာသည့် မြန်မာ့သကြားစက်မှုလုပ်ငန်းအား ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြံတောင်သူ၊ သကြားစက်ရုံ(ကုမ္ပဏီ)၊ အစိုးရတို့မှ ဟန်ချက်ညီညီ ဆောင်ရွက်နိုင်ရေး၊ ကြံသကြားဥပဒေပြဋ္ဌာန်း၍ မြန်မာနိုင်ငံ ကြံသကြားကောင်စီမှ ယှဉ်ပြိုင်စွမ်းအား မြှင့်တင်ရေးကိစ္စရပ်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ ရေရှည်တည်တံ့၍ "ကြံမှသကြား ပြည့်စီးပွား"အဖြစ် တိုးတက်အောင်ဆောင်ရွက်ရေး အလေးထားတိုက်တွန်းနှိုးဆော်အပ်ပါသည်။

# ရေဝင်သည့်ကျေးရွာများသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဆန်များလှူ

**တံတားဦး ဩဂုတ် ၃**

တံတားဦးမြို့နယ်အတွင်း ကျေးရွာအချို့ ရောဝတီနှင့်ဒုဋ္ဌဝတီမြစ်ရေများ ဝင်ရောက်မှုကြောင့် ရေလွတ်သည့် ကုန်းမြင့်နေရာများ၊ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ လူနှင့်တိရစ္ဆာန်များ ပြောင်းရွှေ့နေထိုင်ကြကြောင်း သိရသည်။

ထိုပြောင်းရွှေ့နေထိုင်ရာ ကယ်ဆယ်ရေးစခန်းများသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ယမင်းအိနှင့်အဖွဲ့သည် ဩဂုတ် ၂ ရက်က ဇီးပင်ကွေ့ကျေးရွာရှိ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံပြီး အားပေးစကားပြောကြားရာတွင် ကျန်းမာရေးအထူးဂရုတစိုက် နေထိုင်ကြစေလိုကြောင်း၊ ထို့အပြင် သန့်ရှင်းသောသောက်သုံးရေကို သုံးစွဲသင့်ကြောင်း၊ ကျန်းမာရေးအတွက် တစ်စုံတစ်ရာဖြစ်ပေါ်လာပါက ရေဘေးကယ်ဆယ်ရေးစခန်းများတွင်ထားရှိသည့် ကျန်းမာရေးဆေးခန်းများကိုပြသသင့်ကြောင်း ပြောကြားပြီး ရေဘေးသင့်အိမ်ထောင်စုများသို့ ဆန်များပေးအပ်လှူဒါန်းသည်။ ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မီးသွေးတိုက်၊ ဟံသာဝတီ၊ ဘလဲ့ဘကျေးရွာစသော ရေဘေးသင့်ပြည်သူများအား ဆန်များလှူဒါန်းခဲ့ကြသည်။



"ကျွန်တော်တို့အနေနဲ့ ဒီမြစ်ရေဝင်ရောက်မှုဟာ နှစ်စဉ်ဒီလိုဝင်နေတာပါ။ ဒါပေမယ့် ယခုရေဝင်ရောက်မှုဟာ ယခင်နှစ်များထက်ပိုပြီး စိုးရိမ်ရေမှတ်အထက် ကျော်လွန်တာကြောင့် နည်းနည်းတော့ စိုးရိမ်မိပါတယ်။ ကျွန်တော်တို့ ရေဘေးသင့်ပြည်သူတွေအနေနဲ့ အစားအသောက်ကို အလှူရှင်များကနေ့စဉ်လာရောက်လှူဒါန်းနေတော့ အဆင်ပြေပါတယ်။ ကျွဲ၊ နွား၊ ဝက်တိရစ္ဆာန်များအတွက်တော့ အစာရှားပါးနေပါတယ်" ဟု ဇီးပင်ကွေ့ကျေးရွာ ရေဘေးသင့်ပြည်သူတစ်ဦးက ပြောသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေဘေးရှောင်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းနှင့် ဆန်ဖိုးငွေများ ပေးအပ်လှူဒါန်း



**သရက် ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်းရှိ မြစ်ရေဝင်ရောက်၍ ရေကင်းလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြသည့် အိမ်ထောင်စုဝင်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနက ရောဝတီမြစ်ရေမြင့်တက်၍ ရေဝင်ရောက်သော ကျေးရွာများမှ ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းလေးမျိုးနှင့် ဆန်ဖိုးငွေများပေးအပ်ခြင်းကို ဩဂုတ် ၁ ရက်က ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရုံးတွင် ပေးအပ်ခဲ့သည်။

အဆိုပါ ကယ်ဆယ်ရေးပစ္စည်းလေးမျိုးနှင့် ဆန်ဖိုးငွေများပေးအပ်ခြင်းကို ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်စိုးဝင်းက ရေပေါ်ကျွန်းကျေးရွာမှ အိမ်ထောင်စု ၁၀၅ စု၊ လူဦးရေ ၃၆၀ အား လည်းကောင်း၊ ကျဦးကျေးရွာမှ အိမ်ထောင်စုတစ်စု လူဦးရေလေးဦးအား လည်းကောင်း၊ စမ်းအိုင့်ကျေးရွာမှ အိမ်ထောင်စုရှစ်စု လူဦးရေ ၃၅ ဦးအား လည်းကောင်း၊ ပိသလိမ်းကျေးရွာမှ အိမ်ထောင်စု ၃၇ စု လူဦးရေ ၁၅၆ ဦး အားလည်းကောင်း အိမ်ထောင်စုတစ်စုလျှင် ကယ်ဆယ်ရေးပစ္စည်းလေးမျိုးနှင့် လူတစ်ဦးစီအတွက် ဆန်ဖိုးငွေတို့အား ကျေးရွာအုပ်ချုပ်ရေးမှူးထံ ပေးအပ်လှူဒါန်းခဲ့သည်။

အလားတူ ညနေ ၃ နာရီတွင် တောင်မင်းတည်းရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင်မှ အိမ်ထောင်စု ၆၈ စု လူဦးရေ ၂၃၅ ဦးတို့အတွက် အိမ်ထောင်တစ်စုလျှင် ကယ်ဆယ်ရေးပစ္စည်းလေးမျိုးနှင့် လူတစ်ဦးစီအတွက် ဆန်ဖိုးငွေပေးအပ်ခဲ့ပြီး ရွှေမုဌောမမွာရုံတွင် လေးတိုင်စင်ရပ်ကွက်မှ အိမ်ထောင်စု ၂၈ စု၊ လူဦးရေ ၁၄၅ ဦးတို့အား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ခရိုင်ဦးစီးမှူးက အိမ်ထောင်တစ်စုလျှင် ပစ္စည်းလေးမျိုးနှင့် လူတစ်ဦးစီးအတွက်ဆန်ဖိုးငွေများ ပေးအပ်လှူဒါန်းခဲ့ရာ စုစုပေါင်း အိမ်ထောင်စု ၂၄၇ စု၊ လူဦးရေ ၉၃၅ ဦး အတွက် ပစ္စည်းလေးမျိုးနှင့် စုစုပေါင်း ဆန်ဖိုးငွေကျပ် ၆၄၁၅၀၀ ကုန်ကျခံ၍ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# ဓနုဖြူမြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်

**ဓနုဖြူ ဩဂုတ် ၃**

ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာများဖြစ်သည့်ငနီရွာမ၊ ကျောင်းကုန်း၊ အုန်းတောစု၊ စာဖြူစု၊ စစ်ကွင်း၊ ကျောက်တိုင်၊ ရွာသစ်ကုန်း၊ တော်လနန်း၊ အလမျိုးချောင်းဖျား(ဦးတို)၊ ကြံခင်းစု (ကနီတန်း)၊ စာကျက်၊ ဆင်လမ်းကြီး၊ စခမ်းကြီး(ကြပ်ရိုး)၊ သပြေရိုး(သပြေရိုးအရှေ့စု)၊ ရေတိမ် (မစောင်)၊ တော်ကွမ်ကုန်း၊ သာဗျောစု (ဘိုးစံစု)၊ အညာစု စသည့် ကျေးရွာ ၁၇ ရွာကို ဇူလိုင်လဒုတိယပတ်မှစတင်၍ ကျေးလက်မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်နှင့်ဝန်ထမ်းများက ကွင်းဆင်း၍ မြစိမ်းရောင်စီမံကိန်းကို မိတ်ဆက်ရှင်းလင်းပြောကြားခြင်း၊ မဲစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများကို အဆင့်ဆင့်ရွေးချယ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်သန္တာထွေး(ပြန်/ဆက်)**



မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ရွှေကျောင်းမြောက်တိုက် ဘုန်းတော်ကြီးကျောင်း၌ ဝေဠုကျော်ဖောင်ဒေးရှင်းနှင့် ချမ်းမြသုခပရဟိတလူမှုကူညီရေးအသင်းတို့ပူးပေါင်း၍ အသင်းဝင်များနှင့်အတူ ရောဝတီမြစ်ရေမြင့်တက်မှုကြောင့် မြစ်ရေဝင်ရပ်ကွက်များမှ ပြည်သူများအတွက် ရေသန့်ဘူးများကို ဩဂုတ် ၁ ရက် ညနေက လာရောက်လှူဒါန်းခဲ့စဉ်။

သက်နောင်ဦး(ငါန်းဇွန်)

# သောက်သုံးရေအခက်အခဲမဖြစ်စေရေး ရေဂါလန် ၁၇၀၀ ခန့် ဖြန့်ဝေလှူဒါန်း

**ဆားလင်းကြီး ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်မှ ရဲတပ်ဖွဲ့ဝင်များသည် ဆားလင်းကြီးမြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်းပြီး ဩဂုတ် ၁ ရက် နံနက်ပိုင်းက ချင်းတွင်းမြစ်ရေလျှံတက်တိုးဝင်ရောက်မှုကြောင့် သောက်သုံးရေအခက်အခဲ မဖြစ်စေရေး ရွှေလေ့ကျေးရွာရှိ ဒေသခံပြည်သူ ၁၃၅၆ ဦးအတွက် မီးသတ်ရေယာဉ်တစ်စီးဖြင့် စုပေါင်းသယ်ဆောင်ကာ သောက်သုံးရေဂါလန် ၁၇၀၀ ခန့် ဒုတိယအကြိမ်ဖြန့်ဝေလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ သောက်သုံးရေလှူဒါန်းမှုနှင့်ပတ်သက်၍ "ယခင်က ပထမအကြိမ်သောက်သုံးရေတွေနဲ့ စားသောက်ဖွယ်ရာတွေကို ကျေးရွာအရောက် ရဲတပ်ဖွဲ့ဝင်တွေက ဖြန့်ဝေပေးအပ်လှူဒါန်းခဲ့ပါတယ်။ အခုရွှေလေ့ကျေးရွာတွင် ချင်းတွင်းမြစ်ရေလျှံတက်တိုးဝင်မှုကြောင့် ရေနစ်မြုပ်နေတဲ့ အိမ်ခြေ ၂၈၇ အိမ်၊ အိမ်ထောင်စု ၂၈၇ စုရှိ ကျား ၆၅၃ ဦး၊ မ ၇၀၃ ဦး စုစုပေါင်း လူဦးရေ ၁၃၅၆ ဦးအတွက် လတ်တလောရေအခက်အခဲတွေ မဖြစ်စေဖို့အတွက် ပြည်သူ့ဗဟိုပြု ပြည်သူ့ဝန်ဆောင်မှုရဲလုပ်ငန်းတွေအဖြစ် အစဉ်အလေးထားဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ မြို့နယ်မီးသတ်တပ်ဖွဲ့အပြင် အခြားခရိုင်/ မြို့နယ်အဆင့် သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းကာ ပြည်သူလူထုပူးပေါင်းပါဝင်သောရဲလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့်ကာ ပြည်သူအတွက် လုံခြုံအေးချမ်းပျော်ရွှင်အောင် ဆက်လက်လုပ်ကိုင်ဆောင်ရွက်ပေးမယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# မဒီကညာတို့နှင့် ရယ်စရာဘောလုံးပွဲ ဩဂုတ် ၇ ရက်တွင် ဗထူးကွင်း၌ ကျင်းပမည်

**မန္တလေး ဩဂုတ် ၃**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မန္တလေးတိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့တို့ ပူးပေါင်းတင်ဆက်သည့် မဒီကညာတို့နှင့် ရယ်စရာရန်ပုံငွေဘောလုံးပွဲကို ဩဂုတ် ၇ ရက် မွန်းလွဲ ၁ နာရီမှ ၆ နာရီထိ မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း ဥက္ကဋ္ဌ ဦးမင်းငြိမ်းက ပြောသည်။

ရန်ပုံငွေဘောလုံးပွဲလက်မှတ်များကို ဩဂုတ် ၃ ရက်မှစ၍ ရိုးရိုးတန်းတစ်စောင် ငွေကျပ် ၂၀၀၀၊ အထူးတန်းတစ်စောင် ငွေကျပ် ၅၀၀၀ဖြင့် ဗထူးကွင်း လမ်း ၃၀ နှင့် ၇၁ လမ်းထောင့်နေရာ၊ လမ်း ၈၀ နှင့် ၃၂ × ၃၃ လမ်းထောင့် မန္တလေးတိုင်း ဗီဒီယိုအခြေခံအဖွဲ့ခွဲရုံးနေရာ၊ နှင်းအေးဗီဒီယိုခွေငှားဆိုင် ၂၇ လမ်း၊ ၈၀ နှင့် ၈၁ လမ်းကြားနေရာ၊ CROWN စာရေးကိရိယာဆိုင် ၃၅ လမ်းနှင့် ၇၂ လမ်းထောင့်နေရာ၊ ဘုန်းရှင်မင်းဖိနပ်နှင့် စတိုးကုသိုလ်တော်ဘုရားအနောက်မုခ် ၆၆ လမ်း၊ ၉ လမ်းနှင့် ၁၀ လမ်းကြားနေရာ၊ ဘုန်းရှင်မင်း အထက်မြန်မာပြည် ဗီဒီယိုဖြန့်ချိရေး အမှတ် ၉၅ - ကျွန်းလုံးဥသျှောင်ရွှေအုန်းတန်းရပ်-စစ်ကိုင်း-မန္တလေးလမ်းနေရာ၊ လမ်း ၂၀ နှင့် ၈၆ လမ်းထောင့် ရွှေကချောင်းအရှေ့ဘက်နေရာ၊ အမှတ် ၁၅၀-၆၄ လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြား ဒီဗီလိုင်းနေရာ၊ ကီးမားတင်ဝင်းဆိုင်နှင့် ယဉ်ယဉ်လေး အမျိုးသမီးသီးသန့်အလှပြင်ဆိုင်တို့၌ လက်မှတ်များ ဝယ်ယူအားပေးနိုင်ကြောင်းနှင့် အမျိုးသားအနုပညာရှင်များ၊ အမျိုးသမီးအနုပညာရှင်များ၊ နာမည်ကြီး ရုပ်ရှင်နှင့် ဗီဒီယိုအနုပညာရှင်များက အားပေးကြမည့် ဧည့်သည်တော်များကို မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေပေးမည်ဖြစ်ပြီး ဆက်လက်၍ အနုပညာရှင် အနီရောင်အသင်းနှင့် အနုပညာရှင် အဖြူရောင်အသင်းတို့၏ မဒီကညာတို့နှင့် ရယ်စရာရန်ပုံငွေဘောလုံးပွဲကို ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ပုဂံဒေသခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစံပြပုံစံ JICA နှင့် ပူးပေါင်းဆောင်ရွက်

**ညောင်ဦး ဩဂုတ် ၃**

ပုဂံ-ညောင်ဦးဒေသဆိုင်ရာ ခရီးသွားလာရေး ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်အနေဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် JICA တို့ပူးပေါင်းစီစဉ်ကျင်းပသည့် International Business Manners နှင့် Hospitality သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂ ရက်က ညောင်ဦးမြို့ အမှတ်(၇) ရပ်ကွက် Umbra ဟိုတယ်၌ ကျင်းပခဲ့သည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် (Master Plan)ကိုရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပုဂံဒေသခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစံပြပုံစံ ဆောင်ရွက်မှုစီမံကိန်းကို JICA နှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် ပြည်သူလူထု အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း၊ ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏ နိုင်ငံခြားငွေရှာဖွေပေးသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး ခရီးသွားကဏ္ဍ ဖွံ့ဖြိုးလာမှုနှင့်အတူ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ တိုးပွားလာခြင်း၊ လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းကို ဖော်ဆောင်ပေးနိုင်ခြင်း၊ လူနေမှုအဆင့်အတန်းမြင့်မားလာခြင်းများကို ရရှိလာမည်ဖြစ်ကြောင်း၊ ယခုသင်တန်းအား ပုဂံဒေသခရီးသွားလုပ်ငန်းကို စနစ်တကျရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဖွင့်ပွဲအခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန(ပုဂံ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွဋ်ခိုင်က ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ပုဂံဒေသအတွင်းရှိ ဟိုတယ်၊ စားသောက်ဆိုင်၊ ဧည့်လမ်းညွှန်များ၊ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများမှ သင်တန်းသား ၆၂ ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်းနည်းပြအဖြစ် JICA မှ မစ္စယိုကိုဟီရာဂါက သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ သင်တန်းကာလမှာ ဩဂုတ် ၂ ရက်မှ ၁၈ ရက်အထိ ၁၇ ရက်ကြာမြင့်မည်ဖြစ်ပြီး တစ်ရက်လျှင် နံနက် ၉ နာရီခွဲမှ မွန်းတည့် ၁၂ နာရီထိ၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီခွဲအထိ နှစ်ချိန်ခွဲကာသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

## သတင်းတိုထွာများ

## လွှတ်တော်အတွေ့အကြုံများ ရှင်းလင်း

ချင်းပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းသည် ကန်ပက်လက်မြို့ အထကဇလပ်ဝါခန်းမ၌ ဇူလိုင် ၂၉ ရက်က ပြည်သူလူထုနှင့်တွေ့ဆုံပြီး ပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် ပြည်သူလူထုက မေးမြန်းတင်ပြချက်များအား ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဆက်လက်၍မွန်းလွဲပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံပြီး လွှတ်တော်၊ တိုင်းဒေသကြီးအစိုးရ၊ ဌာနဆိုင်ရာများနှင့် ပြည်သူလူထုတို့ အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းပြီး ဒေသဖွံ့ဖြိုးရေးတွင် ပါဝင်ဆောင်ရွက်ရန်လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သီပေါမြို့နယ်၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် မိုးရာသီ၌ ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးနှင့်ငှက်ဖျားရောဂါများ ကြိုတင်ကာကွယ်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်၊ ကြက်ခြေနီနှင့် ကျန်းမာရေးဝန်ထမ်းများပါဝင်သော အင်အား ၂၀၀ ကျော်တို့သည် ဇူလိုင် ၃၀ ရက်က မန္တလေး-လားရှိုး-မူဆယ်ပြည်ထောင်စုလမ်းမကြီးနှင့် မြို့နယ်ပြည်သူ့ဆေးရုံဝင်း မိုင်းပွန်လမ်းတစ်လျှောက်တို့တွင် ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်အောင် မြောင်းများ ပြန်လည်တူးဖော်ခြင်း၊ ချိုင့်ခွက်များတွင် သဲ၊ ကျောက်နှင့်မြေများဖို့ခြင်း စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## နောင်ချိုမြို့နယ်၌ မြေဌားဂရန်ထုတ်ပေး

နောင်ချိုမြို့နယ် လုံရုံးကျေးရွာအုပ်စု လုံရုံးကျေးရွာ ပြည်သူအိမ်ထောင်စု ၆၃ စုတို့အား ကျေးရွာမြေဌားဂရန်ထုတ်ပေးနိုင်ရေးအတွက် ဇူလိုင် ၃၁ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဝမ်းဖေ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဆွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွေး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်မောင်၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းလိုက်ပါလျက် လုံရုံးကျေးရွာ ဖွဲ့စည်းပုံ၊ ရွာတည်နေရာ၊ ကျေးရွာလမ်းများကို ကွင်းဆင်းကြည့်ရှုဆောင်ရွက်ပေးကြသည်။ လုံရုံးကျေးရွာအုပ်စုတွင် အိမ်ထောင်စု ၆၃ စု၊ ရှမ်းတိုင်းရင်းသားများ အများစုနေထိုင်ကြပြီး လူဦးရေ ၂၃၅ ဦးသည် အဓိက စပါး၊ ကြံ၊ ပြောင်းများ စိုက်ပျိုးနေထိုင်သောရွာဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

## လက်ပံတန်း-သာရဝေါမီးရထားစီးခရီးသည်များ အသုံးပြုရန်အသက်ကယ်အင်္ကျီများပေးအပ်

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ လက်ပံတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လက်ပံတန်း-သာရဝေါမီးရထားခရီးသွား ပြည်သူများအတွက် အသက်ကယ်အင်္ကျီများ ပံ့ပိုးပေးမှုကို လက်ပံတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၌ ဩဂုတ် ၁ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။

လက်ပံတန်း-သာရဝေါ- မီးရထားလမ်းပိုင်းမှ တံတားအမှတ် 15Aပျက်စီးခဲ့သဖြင့် လက်ပံတန်းဘူတာမှ ထွက်သောရထားနှင့် သာရဝေါဘူတာမှထွက်သောရထားနှစ်စင်းသည် 15Aတံတား၌ဆုံ၍ တောင်ဘက်မှ သပြေအိုင်ချောင်း၊ မြောက်ဘက်မှ ရေသောက်ရိုးတို့ကို တစ်ဖာလုံခန့် ခရီးသည်များအား စက်တပ်မော်တော်နှစ်စင်းဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိရာ ခရီးသွားပြည်သူများ မော်တော်စီးရာတွင် အသက်အန္တရာယ် ကင်းရှင်းစေရေးအတွက် အသုံးပြုရန် အသက်ကယ်အင်္ကျီ ၅၀ ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား သာယာဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းက ပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်က လက်ခံယူခဲ့ကြောင်း သိရသည်။

**သိန်းတိုး(ဇီးကုန်း)**

## မိုးဖြဲမွေတော်စစ်၊ ဓာတ်တော်စစ်စေတီကုန်းတော်ပေါ်တွင် သီဟသယနလျောင်းတော်မူ နှီးဘုရားတည်ထားကိုးကွယ်



**လွိုင်ကော် ဩဂုတ် ၃**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ် မိုးဖြဲကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် မိုးဖြဲမွေတော်စစ်၊ ဓာတ်တော်စစ်စေတီတော်ကုန်းတော်ပေါ်တွင် သီဟသယန လျောင်းတော်မူနှီးဘုရားရုပ်ပွားတော်မြတ်ကြီးကို ပင့်ဆောင်အပူဇော်ခံထားရှိရာ ဘုရားဖူးဧည့်ပရိသတ်များ အမြဲမပြတ် လာရောက်ဖူးမြော်ကြည်ညိုကြလျက်ရှိသည်။

သီဟသယန လျောင်းတော်မူ နှီးဘုရားရုပ်ပွားတော်မြတ်ကြီးကို ဝါးနှီးဖြင့်ရက်လုပ်ထားပြီး အလျား ၃၂ ပေ၊ အမြင့် ၁၂ ပေရှိသည်။ ယခင်က မိုးဖြဲမွေတော်စစ်၊ ဓာတ်တော်စစ်စေတီတော်၏ စနေထောင့်တွင် အင်္ဂတေဖြင့်ထုလုပ်ထားသောလျောင်းတော်မူ ရုပ်ပွားတော်တစ်ဆူရှိခဲ့ပြီး အဆိုပါရုပ်ပွားတော်မြတ်ကြီးမှာ နှစ်ကာလကြာမြင့်၍ ယိုယွင်းလာသောကြောင့် ယခုနှီးဘုရား လျောင်းတော်မူ ရုပ်ပွားတော်မြတ်ကြီးအား အစားထိုးတည်ထားကိုးကွယ်ခြင်းဖြစ်ကြောင်း သိရသည်။ သီဟသယန လျောင်းတော်မူနှီးဘုရား ရုပ်ပွားတော်မြတ်ကြီးကို ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းမြို့ လှည်းရိုးရပ်ကွက် ဘုရင့်နောင်သွေးအနုပညာလုပ်ငန်းမှ ဗိသုကာပညာရှင် ဦးခွန်စိုးမိုးနှင့်အဖွဲ့က နှစ်နှစ်ခန့်ကြာ ရက်လုပ်တည်ဆောက်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်မှစတင်၍ လမ်းခရီးတစ်လျှောက် အပူဇော်ခံလျက် ပင့်ဆောင်ရာ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် သီတင်းသုံးတော်မူရာ မိုးဖြဲမွေတော်စစ်ဓာတ်တော်စစ် စေတီတော်ကုန်းတော်ပေါ်သို့ ရောက်ရှိခဲ့သည်။

ယခုအခါ သီဟသယနလျောင်းတော်မူ နှီးဘုရားရုပ်ပွားတော်မြတ်ကြီးအား မိုးဖြဲမွေတော်စစ်ဓာတ်တော်စစ်စေတီတော်မြတ်ကြီး၏ အင်္ဂါထောင့်အရပ်ရှိ စံကျောင်းတော်ဂန္ဓကုဋီတိုက်အတွင်း၌ အပူဇော်ခံထားရှိရာ ပြည်တွင်းခရီးသွားများသာမက ပြည်ပခရီးသွားများလည်း လာရောက်ဖူးမြော်ကြည်ညိုကြလျက်ရှိကြောင်း မိုးဖြဲမွေတော်စစ်၊ ဓာတ်တော်စစ်စေတီတော်ဂေါပကအဖွဲ့ထံမှ သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**



**ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ ဖလူးကျေးရွာအုပ်စု မင်းလက်ပံကျေးရွာ ကွင်းအမှတ်(၅၁-အေ)၊ တောင်သူ ဦးရှမ်းမဲ၏ လယ်မြေ ၅ ဧကတွင် အထူးအထွက်တိုးမျိုးစေ့စံပြကွက်၌ ကောက်စိုက်စက်ဖြင့် လက်တွေ့စိုက်ပျိုးပြသပွဲကို ဩဂုတ် ၁ ရက်က ပြုလုပ်စဉ်။**
ထိန်လင်းအောင်(ပြန်/ဆက်)

## မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းပေါ်၌ သွားလာနေသည့်ယာဉ်များ အန္တရာယ်မဖြစ်စေရန် လမ်းမကြီးဘေးရှိ သက်တမ်းလွန်သစ်ပင်ကြီးများအား ခုတ်ထွင်ရှင်းလင်း

**မိတ္ထီလာ ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းပေါ်၌ သွားလာနေသည့်ယာဉ်များ ဘေးအန္တရာယ် မဖြစ်ပွားစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးရုံးအနီး လမ်းမကြီးဘေးရှိ သက်တမ်းလွန်သစ်ပင်ကြီးများကို ဩဂုတ် ၂ ရက်က ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းပေါ်၌ သွားလာနေသည့်ယာဉ်များ ဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ပါက လဲပြိုပြီး ယင်းလမ်းပေါ်တွင်သွားလာနေသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ ထိခိုက်ပျက်စီးနိုင်သည်။

ထို့ကြောင့် သစ်ခြောက်ပင်ကြီးနှင့် လမ်းပေါ်တွင် သွားနေသည့်ယာဉ်များ မလွတ်ကင်းသည့် ညောင်ပင်ကြီးများကို အဆိုပါလမ်းအား နှစ်လမ်းသွားမှ လေးလမ်းသွားအဖြစ် တာဝန်ယူဆောင်ရွက်နေသည့် မြတ်နိုးသူကုမ္ပဏီနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဌာနတို့ပူးပေါင်း၍ ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**




## တာချီလိတ်နယ်စပ်ဂိတ်မှ ပြည်ပခရီးသွားများ လာရောက်လည်ပတ်

**တာချီလိတ် ဩဂုတ် ၃**

ယခုနှစ်မိုးရာသီတွင် တာချီလိတ် ကျိုင်းတုံ မိုင်းလားမြို့များရှိ အထင်ကရ ခရီးစဉ်နေရာများသို့ ခရီးသွားဧည့်သည်များက ခရီးစဉ်သစ်များ ဖော်ထုတ်ဆောင်ရွက်ခြင်းများကြောင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များနှင့် ထိုင်းနိုင်ငံသားခရီးသွားဧည့်သည်များအနေဖြင့် တာချီလိတ်နယ်စပ်ဂိတ်မှတစ်ဆင့် ရှမ်းပြည်နယ်အရှေ့ပိုင်းခရီးစဉ်များကို ယာဉ်တန်းများနှင့် ဆိုင်ကယ်အပျော်စီးခရီးစဉ်များဖြင့် ဝင်ရောက်လည်ပတ်မှုရှိကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ Myanmar Mystery Land Travels & Tours ကုမ္ပဏီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဗြိတိန်နိုင်ငံသားဧည့်သည် Mr.Robert Kelly နှင့်အဖွဲ့ဝင် ၁၀ ဦးတို့သည် ဩဂုတ် ၁ ရက်က မော်တော်ဆိုင်ကယ် ၁၁ စီးတို့ဖြင့် တာချီလိတ်နယ်စပ်မှ မြန်မာနိုင်ငံသို့ ဝင်ရောက်ခဲ့ပြီး ကုမ္ပဏီမှ ဧည့်လမ်းညွှန် ဦးစိုင်းရွက်တို့ လိုက်ပါပို့ဆောင်လျက် တာချီလိတ်-ကျိုင်းတုံ-မိုင်းလား-လွိုင်မွေမြို့များရှိ ထင်ရှားသောရှေးဟောင်းမြို့နေရာများ၊ သဘာဝတောတောင်အလှအပများ၊ စိတ်ဝင်စားစရာနေရာများသို့ ငါးညအိပ်၊ ခြောက်ရက်ကြာအပျော်တမ်းဆိုင်ကယ်ခရီးစဉ်အဖြစ် လည်ပတ်မည်ဖြစ်ပြီး တာချီလိတ်နယ်စပ်ဂိတ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ဩဂုတ် ၆ရက်တွင် ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

အလားတူ တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်းအမှတ်(၁)ချစ်ကြည်ရေးတံတားမှ ဇူလိုင် ၂၀ ရက်က ထိုင်းနိုင်ငံသား ၂၅ ဦးသည် မော်တော်ယာဉ် ၁၀ စီးဖြင့် တာချီလိတ်-ကျိုင်းတုံ-မိုင်းလား-လွိုင်မွေ-တာချီလိတ်မြို့ခရီးစဉ်များကို ဗီဇာဖြင့်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# ချန်ပီယံရှစ်ပွဲစဉ်တွေ စပြီ



၂၀၁၆-၂၀၁၇ ဘောလုံးရာသီရဲ့အင်္ဂလန်ချန်ပီယံရှစ်ပွဲစဉ်တွေကို ဩဂုတ် ၆ ရက်မှာ စတင်တော့မှာဖြစ်ပါတယ်။ နွေရာသီကာလ ဘောလုံးသမားအပြောင်းအရွှေ့မှာ ပြင်ဆင်ဖြည့်ဆည်းမှုတွေ ပြုလုပ်ထားတဲ့ ချန်ပီယံရှစ်အသင်းတွေအတွက်ကတော့ တာထွက်မှုရလဒ်ကောင်းကောင်းနဲ့ စတင်နိုင်ဖို့ အပြိုင်အဆိုင်အားထုတ်ကြတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့် စတင်တော့မယ့် ချန်ပီယံရှစ်ပွဲစဉ် (၁)ရဲ့ပြိုင်ပွဲဝင်အသင်းတွေရဲ့ယှဉ်ပြိုင်မယ့်အနေအထားကိုကြည့်ရင် ----

**ဖူလ်ဟမ်နှင့် နယူးကာဆယ်**

ပြီးခဲ့တဲ့ရာသီက တန်းဆင်းလာခဲ့ရတဲ့ နယူးကာဆယ်တို့ဟာ ပရီမီယာလိဂ်ကို တန်းပြန်တက်ဖို့ အခုပွဲကတည်းက အားထည့်တော့မှာဖြစ်ပါတယ်။ ဖူလ်ဟမ်တို့ကတော့ ပြီးခဲ့တဲ့နှစ်က ချန်ပီယံရှစ်ကနေပြီး တန်းမဆင်းရအောင် အကြိတ်အနယ်ရုန်းကန်ခဲ့ရတာမို့ ဒီနှစ်မှာတော့ ပြင်ဆင်ဖြည့်ဆည်းမှုတွေပြုလုပ်ထားပါတယ်။ ဒါပေမယ့် ရာသီအကြိုခြေစမ်းပွဲတွေမှာ ဖူလ်ဟမ်တို့ရလဒ်ကောင်း မထွက်ပေါ်တာမို့ အားရစရာတော့မရှိပါဘူး။ နယူးကာဆယ်တို့ကတော့ မကြာမီက ခြေစမ်းပွဲကစားခဲ့ရာမှာ ကိုကီရန်အသင်းကို လေးဂိုးပြတ်နိုင်ပြီး ဆောက်သမ်တန်အသင်းကို နှစ်ဂိုးပြတ်နိုင်ထားခဲ့တာမို့ အခုပွဲဟာ နယူးကာဆယ်တို့ တာထွက်လုပမယ့်ပွဲဖြစ်သွားပါလိမ့်မယ်။

**ဘလက်ဘန်းနှင့် နော့ဝှစ်ချ်**

ပရီမီယာလိဂ်က တန်းဆင်းလာတဲ့ နော့ဝှစ်ချ်ကို ဘလက်ဘန်းတို့အကြိတ်အနယ်ကစားရပါလိမ့်မယ်။ ဘလက်ဘန်းတို့က အိမ်ကွင်းမှာ ခြေစွာပြီး တိုက်စစ်ဖွင့်ကစားတတ်တာမို့ နော့ဝှစ်ချ်တို့ သတိထားမှ တန်ကာကြပါလိမ့်မယ်။ ရာသီအကြိုခြေစမ်းပွဲတွေ ကစားထားတဲ့ နော့ဝှစ်ချ်ရဲ့အနေအထားကို ကြည့်ရင် ရှူဘင်ကာဇန်ကို နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပြီး ကိုဗင်ထရီအသင်းကို သုံးဂိုးပြတ်နဲ့ နိုင်ထားတာမို့ ဘလက်ဘန်းတို့ ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် အိမ်ကွင်းနဲ့နိုင်ပွဲစတင်ဖို့ ကြိုးစားမယ့် ဘလက်ဘန်းရဲ့ စိတ်ဓာတ်ကြောင့် ဒီပွဲဟာ သရေပွဲလည်းဖြစ်သွားနိုင်ပါတယ်။

**ရက်ဒင်းနှင့် ပရက်စတန်**

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှုကိုကြည့်ရင်တော့ ပရက်စတန်တို့က နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပါတယ်။ ပရက်စတန်ဟာ တိုက်စစ်၊ ခံစစ်ကောင်းမွန်ပြီး စိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားတတ်တာမို့ ရက်ဒင်းတို့ အိမ်ကွင်းဖြစ်ပေမယ့် တာထွက်မကောင်းနိုင်ပါဘူး။ ချန်ပီယံရှစ်မှာ ဒီနှစ်သင်း စုစုပေါင်း ၃၃ ပွဲတွေ့ဆုံခဲ့ရာမှာ ရက်ဒင်းက ၁၃ ပွဲနိုင်ပြီး ပရက်စတန်က ၁၅ ပွဲနိုင်ခဲ့တာမို့ ခြေစွမ်းကွာဟမှုတော့မရှိပါဘူး။ ပရက်စတန်ရဲ့ လက်ရှိခြေစွမ်းကိုကြည့်ရင် စတုတ်ကိုသရေကစားပြီး မိုရီကမ်ဘီအသင်းကိုတော့ လေးဂိုး-တစ်ဂိုးနဲ့နိုင်ထားပါတယ်။ ရက်ဒင်းတို့ကတော့ ဝင်ဘယ်ဒန်အသင်းကို နှစ်ဂိုးပြတ်ရှုံးခဲ့ပြီး ဆွစ်ဒန်တောင်းကိုတော့ နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ခဲ့တာမို့ အခုပွဲဟာ သရေပွဲလည်းဖြစ်သွားနိုင်သလို အနိုင်ဆိုရင် ပရက်စတန်တို့ဖြစ်နိုင်ပါတယ်။

**ဘရစ္စတိုးနှင့် ဝီဂန်**

ပြီးခဲ့တဲ့ရာသီက ပထမတန်းမှာ ချန်ပီယံဖြစ်ခဲ့တဲ့အတွက် ဝီဂန်တို့ ချန်ပီယံရှစ်ကို တန်းတက်ခဲ့တာဖြစ်ပါတယ်။ ဘရစ္စတိုးတို့ကတော့ ခံစစ်ပိုင်းအားနည်းတဲ့အသင်းဖြစ်ပြီး ဒီနှစ်မှာတော့ ပြင်ဆင်ဖြည့်ဆည်းမှုတွေ ပြုလုပ်ထားပါတယ်။ ရာသီအကြိုခြေစမ်းပွဲတွေမှာနိုင်ပွဲ ဆက်တိုက်ရယူထားတဲ့ ဝီဂန်တို့ဟာ အခုအချိန်မှာတော့ အကောင်းဆုံးစုဖွဲ့မှုနဲ့ ဘရစ္စတိုးကို ရင်ဆိုင်မှာဖြစ်ပြီး အနိုင်သုံးမှတ်ကို စတင်ရယူဖို့အားထုတ်ပါလိမ့်မယ်။

**ဘာမင်ဂမ်နှင့် ကာဒစ်ဖ်**

ဒီနှစ်သင်းနောက်ဆုံးတွေ့ဆုံတဲ့ပွဲမှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပြီး ချန်ပီယံရှစ်မှာ စုစုပေါင်း ၃၈ ပွဲတွေ့ဆုံခဲ့တဲ့ပွဲစဉ်တွေမှာတော့ ဘာမင်ဂမ်က ၁၄ ပွဲနိုင်ပြီး ကာဒစ်ဖ်တို့က ၁၆ ပွဲနိုင်ကာ သရေရှစ်ပွဲဖြစ်ခဲ့ပါတယ်။ ကာဒစ်ဖ်ရဲ့ ရာသီအကြိုခြေစမ်းပွဲတွေမှာ ရလဒ်ကောင်းမွန်နေတာမို့ အခုရာသီအစပွဲစဉ်မှာ အမှတ်ပြည့်ရရှိရေး စွမ်းဆောင်အားမြှင့်တင်ပါလိမ့်မယ်။ ဘာမင်ဂမ်ရဲ့ခြေစွမ်းက ရာသီအကြိုခြေစမ်းပွဲ ပွဲစဉ်တွေအရ သာမန်ထက်မပိုတာမို့ အခုပွဲမှာ ကာဒစ်ဖ်တို့ အောင်ပွဲခံသွားနိုင်ပါတယ်။

**ဟက်ဒါဖီးလ်နှင့် ဘရန်ဖို့ဒ်**

နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာတော့ ဘရန်ဖို့ဒ်တို့က ငါးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပါတယ်။ ချန်ပီယံရှစ်မှာတော့ စုစုပေါင်း ၃၅ ပွဲတွေ့ဆုံခဲ့ရာမှာ ဘရန်ဖို့ဒ်တို့က ၁၅ ပွဲနိုင်ပြီး ဟက်ဒါဖီးလ်တို့က ၁၁ ပွဲနိုင်ကာ သရေပွဲကိုးပွဲဖြစ်ထားခဲ့ပါတယ်။ နှစ်သင်းစလုံးရဲ့ရာသီအကြိုခြေစမ်းပွဲတွေကိုကြည့်ရင် ခြေစွမ်းပိုင်းကွာဟမှုတော့ မရှိပါဘူး။ ဒါပေမယ့် အိမ်ကွင်းမှာဆိုရင် ဟက်ဒါဖီးလ်တို့က ခြေစွမ်းပြနိုင်တာမို့ ဂိုးမပြတ်ပေမယ့် ဟက်ဒါဖီးလ်တို့ကပ်ပြီးနိုင်သွားနိုင်ပါတယ်။

**ဒါဘီနှင့် ဘရိုက်တန်**

ခြေစွမ်းပိုင်းတူညီတဲ့ အသင်းတွေဖြစ်ပြီး ကစားသမားဖြည့်ဆည်းမှုတွေလည်း တူညီကြပါတယ်။ ချန်ပီယံရှစ်မှာ ဒီနှစ်သင်း ၃၂ ကြိမ် တွေ့ဆုံခဲ့ရာမှာ ဒါဘီတို့က ပွဲ ၂၀ နိုင်ပြီး ဘရိုက်တန်တို့က ၁၄ ပွဲနိုင်ထားကာ ခြောက်ပွဲသရေဖြစ်ထားပါတယ်။ ဒါဘီတို့က တိုက်စစ်ဖွင့်ကစားတတ်ပေမယ့် ခံစစ်ပိုင်းအားနည်းပါတယ်။ ရာသီအကြိုခြေစမ်းပွဲတွေအရ ဘရိုက်တန်တို့ တာထွက်ကောင်းသွားနိုင်တဲ့ အခြေအနေရှိပါတယ်။

**အစ်ဝှစ်နှင့် ဘန်လေ**

အစ်ဝှစ်ရဲ့ ရာသီအကြိုခြေစမ်းပွဲတွေကိုကြည့်ရင် ခြေစွမ်းပိုင်းက အားရစရာတော့မရှိပါဘူး။ ဘန်လေတို့ကလည်း ရာသီအကြိုပွဲစဉ်တွေမှာ အဲဗာတန်ကို သုံးဂိုးပြတ်ရှုံးပြီး ဟားလ်စီးတီးကို နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ အခုပွဲမှာ ရာသီအစလည်းဖြစ်တာမို့ အကောင်းဆုံးကစားသမားတွေနဲ့ ပွဲထွက်လာမှာပါ။ နှစ်သင်းစလုံး အပြိုင်တိုက်စစ်ဖွင့်ကစားမှာမို့ အခုပွဲဟာ သရေပွဲလည်းဖြစ်သွားနိုင်ပါတယ်။ ။

■ မိုးမြင့်လင်းလက် ■




# ရှော်လ်ကေးကိုပြောင်းမယ့် ရာမန်

ချယ်လ်ဆီးနောက်တန်းကစားသမား ဘာဘာရာမန်ကို အငှားစာချုပ်နဲ့ ခေါ်ယူဖို့ ဂျာမန်ဘွန်ဒက်စ်လီဂါကလပ် ရှော်လ်ကေးက အတည်ပြုပြောဆိုလိုက်ပါတယ်။ ဂါနာနောက်တန်းခံစစ်မှူး ဘာဘာရာမန်ဟာ ရှော်လ်ကေးအသင်းရဲ့ရာသီကြိုပွဲတွေအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်မှုတွေပြုလုပ်နေပါပြီ။ ရာမန်ဟာ ရှော်လ်ကေးကစားသမားတွေနဲ့အတူ ပြင်ဆင်လေ့ကျင့်မှုတွေ စတင်ပြုလုပ်နေပြီလို့ အသင်းတာဝန်ရှိသူတွေကပြောဆိုလိုက်ပါတယ်။ ရာမန်ဟာ ပြီးခဲ့တဲ့ရာသီက ချယ်လ်ဆီးအသင်းမှာ ၂၃ ပွဲသာပါဝင်ကစားခွင့်ရရှိခဲ့ပါတယ်။

သို့သော်လည်း နည်းပြသစ် ကွန်တီးလက်ထက်မှာ ရာမန် ကို အကြိုက်နည်းနေတာပါ။ ဒီအတွက်ကြောင့်လည်း ရှော်လ်ကေးကို အငှားချထားခဲ့တာပါ။ အသက် ၂၂ နှစ်အရွယ်ရှိ နောက်တန်းခံစစ်မှူး ရာမန်ဟာ ပြီးခဲ့တဲ့နှစ်က အော့စဘတ်အသင်းမှ ပြောင်းလာပြီး ငါးနှစ်စာချုပ်နဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ ရာသီအကြိုပွဲအဖြစ် ဩဂုတ် ၇ ရက်မှာ ဝါဒါဘရီမင်အသင်းနဲ့ သွားရောက်ကစားဖို့လည်းရှိနေပါတယ်။

# မန်စီးတီးကိုရောက်ဖို့ သေချာပြီဖြစ်တဲ့ လီရွိုင်းဆိန်း

ရှော်လ်ကေးလူငယ်တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ လီရွိုင်းဆိန်းဟာ အင်္ဂလန်မှ မန်ချက်စတာမြို့ကို စတင်ထွက်ခွာသွားတော့မှာဖြစ်ပါတယ်။ ရှော်လ်ကေးတိုက်စစ်မှူးကို မန်စီးတီးက ကနဦးပေါင် ၃၇ သန်းနဲ့ ခေါ်ယူဖို့ကမ်းလှမ်းခဲ့တာဖြစ်ပါတယ်။

အသက် ၂၀ အရွယ် ဂျာမနီလက်ရွေးစင်တိုက်စစ်မှူး လီရွိုင်းဆိန်းဟာ ဂွာဒီယိုလာခေါ်ယူတဲ့ ဈေးအကြီးဆုံးကစားသမား ဖြစ်လာဖွယ်ရှိနေပါတယ်။ လီရွိုင်းဆိန်းဟာ အသက်ငယ်ရွယ်သော်လည်း ဘွန်ဒက်စ်လီဂါမှာ ပွဲပေါင်း ၄၇ ပွဲပါဝင်ကစားထားတဲ့ အတွေ့အကြုံများတဲ့ တောင်ပံတိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။ မန်စီးတီးအနေနဲ့ လူငယ်တိုက်စစ်မှူး လီရွိုင်းဆိန်းကို ငါးနှစ်စာချုပ်နဲ့ ခေါ်ယူဖွယ်ရှိနေပါတယ်။


ဂွာဒီယိုလာ အနေနဲ့ ဂျာမနီကလပ် ဘိုင်ယန်မြူးနစ်မှာရှိကတည်းက လီရွိုင်းဆိန်းကို ခေါ်ယူဖို့ စိတ်ဝင်စားနေခဲ့တယ်လို့ ဆိုပါတယ်။ သူက အသက်ငယ်ပေမယ့် အရည်အချင်းတွေ အများကြီးရှိနေပါတယ်။ ဒီအတွက် ကျွန်တော်တို့ စိတ်ဝင်စားနေတာပါလို့ မန်စီးတီးနည်းပြ ဂွာဒီယိုလာက ဆိုပါတယ်။

# ကွင်းလယ်ကစားသမားအဖြစ် ပြောင်းလဲနိုင်တဲ့ ဟာဇတ်

**ကောင်းမြတ်သူ - စုစည်းသည်။**

ချယ်လ်ဆီးအသင်းရဲ့တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ ဟာဇတ်ကို နည်းပြကွန်တီးက ကွင်းလယ်ကစားသမားအဖြစ် ပြောင်းလဲကစားခွင့်ပြုဖို့ ရှိနေပါတယ်။ ဟာဇတ်ကို ချယ်လ်ဆီးက များသောအားဖြင့် တိုက်စစ်မှူးအဖြစ်သာ အသုံးပြုခဲ့တာပါ။ ဟာဇတ်ကို ဗဟိုတိုက်စစ်မှူးနောက်က ဂိုးပေါက်ဖန်တီးပေးတဲ့ ကွင်းလယ်ကစားသမားအဖြစ် ပြောင်းလဲအသုံးပြုဖွယ်ရှိနေပါတယ်။ ဟာဇတ်အနေနဲ့လည်း တိုက်စစ်မှူးထက် ကွင်းလယ်ကစားသမားအဖြစ် ကစားရမှာကို ပိုပြီးစိတ်အားထက်သန်နေတယ်လို့ ဆိုပါတယ်။

နည်းပြကွန်တီး အနေနဲ့လည်း ဟာဇတ်ရဲ့ဆန္ဒကို လိုက်လျောဖို့ အသင့်ရှိနေတယ်လို့ ဆိုပါတယ်။ ဟာဇတ်ဟာ မီဂျိဂန်မှာ ကစားတဲ့ ရီးရဲမက်ဒရစ်ကို သုံးဂိုး-နှစ်ဂိုးနဲ့ ရှုံးနိမ့်တဲ့ပွဲမှာ နှစ်ဂိုးသွင်းယူပေးခဲ့ပါတယ်။ အဲဒီအနေအထားကို ကြည့်ပြီး ဟာဇတ်ကို ကွင်းလယ်ကစားသမားတာဝန်ကို ပေးဖို့ရှိနေပါတယ်။ သူဟာ တောင်ပံတိုက်စစ်မှူး နေရာမှာ ကစားနိုင်သလို ဒုတိယတိုက်စစ်မှူးဖြစ်တဲ့ ကွင်းလယ်ကစားသမားအဖြစ်လည်း ကစားနိုင်တယ်လို့ နည်းပြကွန်တီးက ဆိုပါတယ်။ လာမယ့်ရာသီမှာတော့ ဟာဇတ်ရဲ့ကစားကွက်ကို စိတ်ဝင်တစားစောင့်ကြည့်ရဖို့ရှိပါတယ်။



# မြစ်ရေဝင်ရောက်သည့် ဆိပ်ဖြူမြို့နယ်အတွင်း ကျေးရွာများတွင် ရေဘေးပညာပေးလုပ်ငန်းများဆောင်ရွက်



**ဆိပ်ဖြူ ဩဂုတ် ၃**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်း ဧရာဝတီမြစ်ရေလျှံတက်မှုကြောင့် ရေဝင်ရောက်လျက်ရှိသည့် ချင်တောင်ကျေးရွာအုပ်စုအတွင်းမှ ကျေးရွာများတွင် ပြည်သူများအတွက် လိုအပ်သော အကူအညီများပေးရန်နှင့် ရေဘေးအန္တရာယ် အသိပညာပေးလုပ်ငန်းများကို မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဩဂုတ် ၁ ရက်တွင် စက်လှေများဖြင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချင်တောင်ကျေးရွာအုပ်စုအတွင်းရှိ ရေလယ်သောင်၊ ရွာသာအေးနှင့် ဇီးကပ်ရေးရွာများသို့ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စက်လှေများဖြင့် သွားရောက်ပြီး ရေဝင်ရောက်သည့်နေအိမ်များမှ ဒေသခံပြည်သူများအတွက် လိုအပ်သောအကူအညီများပေးခဲ့သလို ရေကြီးရေလျှံချိန်တွင် ဖြစ်ပွားတတ်သည့် ကျန်းမာရေးဆိုင်ရာ အသိပညာများ၊ ပိုးမွှားအန္တရာယ်များ အကြောင်းနှင့် ရေဘေးပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ ထို့အပြင် အရေးပေါ်အကူအညီ လိုအပ်ပါက ချိတ်ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် ဖုန်းနံပါတ်များကိုလည်း ကျေးရွာများမှ ပြည်သူများထံ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

ထို့အတူ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်ကြီး ဒေါက်တာကျော်ကျော်နှင့် ကျန်းမာရေး ဝန်ထမ်းများကလည်း ရေဝင်ရောက်ခြင်းမရှိသော ကမ္ဘာကြီးကျေးရွာအနီးနှင့် ချင်တောင်ကျေးရွာ၊ အောက်ဆိပ်ကျေးရွာများတွင် အခြေပြုပြီး ရေလွတ်ရာသို့ ခေတ္တပြောင်းရွှေ့လာကြသည့် ရေဘေးရှောင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**စိုးလင်းနိုင် (ပြန်/ဆက်)**

# ကျေးရွာချင်းဆက်တံတား ပျက်စီးမှုမဖြစ်ပေါ်စေရေး ဒေသခံများစုပေါင်းဆောင်ရွက်

**ကလေး ဩဂုတ် ၃**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ပျဉ်းခုံကြီးကျေးရွာအုပ်စု အောင်မြင်သာကျေးရွာရှိ အောင်မြင်သာတံတားကို ချောင်းရေကြီးခြင်းကြောင့် ပျက်စီးမှုမှ ကာကွယ်နိုင်ရန်နှင့် ဖြတ်သန်းသွားလာမှု အဆင်ပြေရန်အတွက် ဒေသခံ ရွာသူရွာသားများစုပေါင်း၍အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ကြရကြောင်း သိရသည်။



ကလေးမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အောင်မြင်သာရွာထိပ် ချောင်းဟောင်းအတွင်းသို့ ချောင်းရေများဝင်ရောက်လာခဲ့ပြီး ရွာအဝင်ရှိ အောင်မြင်သာတံတားအောက်ခြေတွင် ချောင်းရေစီးမှုနှင့်အတူ မျောလာသော သစ်တုံးရှည်ကြီးတစ်တုံးမှာ ကန့်လန့်ခံနေသဖြင့် တံတားပျက်စီးမှုမှ ကာကွယ်နိုင်ရန် စက်ယန္တရားအင်အားဖြင့်လည်းကောင်း၊ အောင်မြင်သာကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ နန်းချောင်း၊ မောက်လင်းကျေးရွာများမှ ပြည်သူများစုပေါင်း၍လည်းကောင်း ဆောင်ရွက်ခဲ့ကြရခြင်းဖြစ်သည်။ သစ်လုံးကြီးကို ဩဂုတ် ၁ ရက် ညနေပိုင်းတွင် အောင်မြင်စွာ ဖယ်ရှားရှင်းလင်းနိုင်ခဲ့ပြီး ထိုသို့ဖယ်ရှားနိုင်ခဲ့ခြင်းကြောင့် တံတားပျက်စီးနိုင်သည့်အန္တရာယ်မှ လျော့ပါးသွားခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# ရွှေ့ပြောင်းနေထိုင်ရသည့် ပြည်သူများအား ထောက်ပံ့

**ကျောက်မဲ ဩဂုတ် ၃**
ကျောက်မဲမြို့နယ် နောင်ကွမ်ကျေးရွာအုပ်စု ပန်ကျင်ကျေးရွာသို့ ပြောင်းရွှေ့နေထိုင်နေကြရသည့် အိမ်ထောင်စု ၃၁ စုနှင့် နေအိမ်မီးရှို့ခံခဲ့ရသည့် အိမ်ထောင်စုနှစ်စုတို့အတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ကျောက်မဲ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၁ ရက်က ပြုလုပ်ခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမြို့ဆောင်က ကျောက်မဲမြို့နယ် စစ်ဘေးရှောင်ထောက်ပံ့ရေးကော်မတီအနေဖြင့် ရွှေ့ပြောင်းနေထိုင်ရသည့် ပြည်သူများအား ထောက်ပံ့ပေးခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဝိုးလုံကျေးရွာမှ ပန်ကျင်ကျေးရွာသို့ ပြောင်းရွှေ့နေထိုင်သည့် အိမ်ထောင်စု ၃၁ စုအတွက် တစ်အိမ်ထောင်လျှင် ကျပ်နှစ်သိန်းနှုန်းဖြင့် ထောက်ပံ့ငွေ ကျပ် ၆၂ သိန်းနှင့် အိမ်မီးရှို့ခံရသည့် အိမ်ထောင်စုနှစ်စုအတွက် တစ်အိမ်ထောင်လျှင် ကျပ်လေးသိန်းနှုန်းဖြင့် ထောက်ပံ့ငွေ ကျပ်ရှစ်သိန်းကို စစ်ဘေးရှောင်ထောက်ပံ့ရေးကော်မတီဝင်များက ပြောင်းရွှေ့အိမ်ထောင်စုများ ကိုယ်စား ဟဲကွီကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိုင်းသန်းမောင်၊ နောင်ကွမ်ကျေးရွာအုပ် ချုပ်ရေးမှူး ဦးဒေဝိန္ဒတို့ထံ ပေးအပ်ခဲ့သည်။

**သိန်းသန်း(ကျောက်မဲ)**

# ကျေးရွာမြေငှားဂရန်များ လက်ဝယ်အရောက်ပေးအပ်

**တိုက်ကြီး ဩဂုတ် ၃**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် တော်လတီကျေးရွာမှ ပြည်သူများအတွက် စီမံချက်ဖြင့်ဆောင်ရွက်ခဲ့သော မြေငှားဂရန်များကို ပြည်သူများထံ လက်ဝယ်အရောက်ပေးအပ်ပွဲကို ကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဩဂုတ် ၁ ရက်က ပြုလုပ်ခဲ့သည်။

ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် တိုက်ကြီးမြို့နယ် ပြည်သူ့လွှတ်ကိုယ်စားလှယ် ဦးကျော်မြင့်တို့က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်က မြေငှားဂရန်ထုတ်ပေးရန် ဆောင်ရွက်ခဲ့ပုံများနှင့် ဂရန်ရရှိခြင်းကြောင့် ပြည်သူများရရှိနိုင်သည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တော်လတီကျေးရွာမှ အိမ်ထောင်စုပေါင်း ၃၅၃ စုအတွက် မြေငှားဂရန်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်မှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အိမ်ထောင်စုတစ်ခုချင်းထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြသည်။

**ထွန်းလှိုင်(မြိုင်)**

# စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲပြုလုပ်

**ကလေး ဩဂုတ် ၃**
ကျောင်းသား ကျောင်းသူများ စာဖတ်လိုသည့်စိတ်တိုးပွားလာရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးပြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ပညာရေးဌာနတို့ပူးပေါင်း၍ ကလေးမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရွှေရတုဆောင်၌ဇူလိုင် ၂၁ ရက်က ကျင်းပခဲ့သည်။

စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်မြလွင်က စာဖတ်ခြင်း၏အကျိုးပြုမှုနှင့် စာဖတ်ခြင်းဖြင့် မြင့်မြတ်သောစိတ်ဓာတ်တိုးပွားလာနိုင်ရေးအကြောင်းကို ဟောပြောပြီး ကလေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးက စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ကျင်းပရာ ကျောင်းသား ကျောင်းသူ ၃၀ တို့က ဒို့ကျေးရွာဂျာနယ်အတွဲ(၁၃)၊ အမှတ်(၁၄)ပါ အကြောင်းအရာများကို စာဖတ်စွမ်းရည် ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသူ ကျောင်းသား ကျောင်းသူငါးဦးအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူနှင့် ခရိုင်ပြန်/ဆက်ဦးစီးအရာရှိတို့က ဆု များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**

# ကြက်ငှက်တုပ်ကွေးကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲမှ အတွေ့အကြုံများ မျှဝေရှင်းလင်းပွဲပြုလုပ်

**ရန်ကုန် ဩဂုတ် ၃**
ကြက်ငှက်တုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်ရေး အလုပ်ရုံဆွေးနွေးပွဲမှ အတွေ့အကြုံများ မျှဝေရှင်းလင်းပွဲကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာန ကမ်းနားဈေးတာဝန်ခံရုံးခန်းမ၌ ဩဂုတ် ၂ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဈေးများဌာနမှူး ဦးမောင်မောင်ဌေးက အမှာစကားပြောကြားပြီး တောင်ပိုင်းခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာရင်ရင်သန်းနှင့် အနောက်ပိုင်းခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာဇော်မျိုးအောင်တို့က ကြက်၊ ဘဲများကိုင်တွယ်ရာတွင် ကျန်းမာရေးနှင့်ညီညွတ်စွာ ကိုင်တွယ်အသုံးပြုပုံနှင့် ကြက်၊ ဘဲများကို ကိုင်တွယ်ရောင်းချနေသူများ သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ရှင်းလင်းပွဲတက်ရောက်သော ကမ်းနားဈေးတာဝန်ခံနှင့် ဈေးသူ ဈေးသားများက သိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**တင်မောင်ဦး(အလုံ)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဂျုံရိုးဦးထုပ်ပြုလုပ်နည်းသင်တန်းဖွင့်လှစ်

**မြင်းမူ ဩဂုတ် ၃**
မြင်းမူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသတွင်းမှပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် ဂျုံရိုးဖြင့် ဦးထုပ်ပြုလုပ်နည်းသင်တန်းကို ဖွင့်လှစ်လျက်ရှိကာ သင်တန်းပို့ချနေမှုကို စစ်ကိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးက ဩဂုတ် ၁ ရက်က ကြည့်ရှုအားပေးခဲ့သည်။



သင်တန်းမှာအမှတ်စဉ်(၃/၂၀၁၆)ဖြစ်ပြီး ဇူလိုင် ၂၀ ရက်က စတင်ဖွင့်လှစ်ပို့ချခဲ့ခြင်းဖြစ်ကာ သင်တန်းသူ ၂၀ တက်ရောက်ပြီး သင်တန်းကာလမှာ ဩဂုတ် ၃ ရက်အထိဖြစ်သည်။ "ဖွင့်ပွဲပြီးတာနဲ့ စာတွေ့လက်တွေ့တန်းသင်ခဲ့ပါတယ်။ သင်တန်းသူတွေဟာ တကယ်တတ်မြောက်ချင်တဲ့စိတ်နဲ့ ကြိုးစားသင်ယူကြတာကို တွေ့ရပါတယ်"ဟု သင်တန်းနည်းပြဆရာတစ်ဦးက ပြောကြားသည်။

သင်တန်းသူများ ဂျုံရိုးဦးထုပ် လုပ်ကိုင်နေမှုကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးထွန်းဇော်ချစ်နှင့် မြင်းမူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းမြင့်အောင်တို့က ကြည့်ရှုအားပေးခဲ့ကြသည်။

(၀၇၇)

# မိုးကြိုးမုန်တိုင်းနှင့် မိုးသီးကြွေခြင်း

**သိပ္ပံစာရေးဆရာကိုကိုအောင်**

ကမ္ဘာတစ်ဝန်းလုံး၌ နေ့စဉ်အားဖြင့် မိုးကြိုးမုန်တိုင်းဖြစ်စဉ် အကြိမ်ရေ ၄၀၀၀၀ ခန့် ဖြစ်ပွားလျက်ရှိနေသည်။ ကောင်းကင်တိမ်တိုက်များအတွင်းရှိ ရေမှုန်ရေမွှားများသည် လေပြင်းများကြောင့် အချင်းချင်းပွတ်တိုက်မိကြရာမှ လျှပ်စစ်စီးကူးမှုများ ဖြစ်ပေါ်လာချိန်တွင် အပူချိန်ကွာခြားမှု မြင့်မားသောကြောင့် ဒြပ်မှုန်တို့၏ သိပ်သည်းဆ ပမာဏကွာဟမှု ကြီးမားစွာဖြစ်ပေါ်ကာ အသံလှိုင်းများအဖြစ် ပြောင်းလဲသွားပြီး ထစ်ချုန်းသံများထွက်ပေါ်လာခြင်းကို မိုးကြိုးမုန်တိုင်းဖြစ်စဉ်ဟု ခေါ်ဆိုခြင်းဖြစ်သည်။

ကမ္ဘာ့သမုဒ္ဒရာကြီးများနှင့် ကုန်းမြေတိုက်ကြီးများသည် အပူဓာတ်ကို စုပ်ယူထိန်းသိမ်းရာတွင် မတူကွဲပြားသော သဘောသဘာဝ ရှိနေကြသောကြောင့် ကမ္ဘာ့ရာသီဥတုနှင့် မိုးလေဝသဖြစ်စဉ်များအပေါ်၌ အကျိုးသက်ရောက်ပုံကလည်း ဆန်းပြားလှသည်။ သမုဒ္ဒရာရေထုသည် ကုန်းမြေများကဲ့သို့ အပူဓာတ်ကို လျင်မြန်စွာစုပ်ယူခြင်း မပြုနိုင်ကြသော်လည်း စုပ်ယူထားပြီးသား အပူဓာတ်ကိုမူ အချိန်ကြာမြင့်စွာ ထိန်းသိမ်းထားနိုင်စွမ်းရှိကြသည်။ ကုန်းမြေတိုက်ကြီးများကမူ အပူဓာတ်ကို လျင်မြန်စွာ စုပ်ယူနိုင်ကြသော်လည်း စုပ်ယူထားသည့်အပူဓာတ်ကို ကြာရှည်ထိန်းသိမ်းထားနိုင်စွမ်း မရှိကြပေ။

ထိုသဘောသဘာဝကြောင့်ပင် သမုဒ္ဒရာရေထုသည် စုပ်ယူထားသော အပူဓာတ်ကို လေထုထဲသို့စွန့်ထုတ်ရာတွင် ပမာဏအများအပြားကို တဖြည်းဖြည်းချင်းသာ ထုတ်လွှတ်ကြသောကြောင့် အပူချိန် ရုတ်ခြည်းကျဆင်းသွားခြင်းမျိုး မဖြစ်ပေါ်ပေ။ ကုန်းမြေတိုက်ကြီးများကမူ ပမာဏနည်းပါးသောအပူဓာတ်ကို အလျင်အမြန် စွန့်ထုတ်ပစ်လိုက်ကြသည့်အတွက် အပူချိန် ရုတ်တရက်ကျဆင်းသွားသည်။ တစ်နည်းဆိုရသော်...ကမ္ဘာ့ကုန်းမြေတိုက်ကြီးများသည် အပူချိန်အတက်အကျ အလွန်မြန်ဆန်သည့် သဘောသဘာဝရှိကြပြီး သမုဒ္ဒရာရေထုကြီးကမူ အပူချိန်အတက်အကျ အလွန်နှေးကွေးသည့် သဘောသဘာဝ ရှိနေသည်။

အလားတူပင် သမုဒ္ဒရာရေထုသည် လေထုနှင့်နှိုင်းယှဉ်ပါကလည်း အပူဓာတ်ကို စုပ်ယူရရှိမှု လွန်စွာနှေးကွေးသော သဘောသဘာဝ ရှိနေသည်။ ထုထည်ပမာဏချင်း တူညီပါက လေထုကစုပ်ယူနိုင်သော အပူဓာတ်ထက် အဆ ၃၀၀၀ ခန့်ပြင်းပြသော အပူဓာတ်ကိုရရှိမှသာ ရေထု၏အပူချိန်က လေထု၏အပူချိန်နှင့် တန်းတူဖြစ်လာသည်။ ထိုသဘောသဘာဝကြောင့်ပင် ထုထည်အားဖြင့် တစ်ကုဗမီတာရှိသောရေထုက အပူချိန် တစ်ဒီဂရီစင်တီဂရိတ် စွန့်ထုတ်လိုက်ခြင်းကြောင့် ကုဗမီတာ ၃၀၀၀ ရှိသော လေထုကို အပူချိန် တစ်ဒီဂရီစင်တီဂရိတ် မြင့်တက်လာစေနိုင်သည်။

လေထု၏အပူချိန်သည် လေဖိအားကို အပြောင်းအလဲဖြစ်ပေါ်စေသည်။ လေထုအပူချိန် မြင့်တက်နေလျှင် လေဖိအားကျဆင်းပြီး လေထုအပူချိန် ကျဆင်းပါက လေဖိအားမြင့်တက်လာသည်။ ထို့ကြောင့်ပင် သမုဒ္ဒရာရေပြင်များ၊ ပင်လယ်အော်နှင့် ကမ်းလွန်ပင်လယ်ပြင်များ၌ ရေထုကစွန့်ထုတ်လိုက်သော အပူဓာတ်အနည်းအများသည် လေထုအတွင်း၌ ကြီးမားသောအကျိုးသက်ရောက်မှုကို ဖြစ်ပေါ်စေကာ လေဖိအားနည်းရပ်ဝန်းနှင့် လေဖိအားများရပ်ဝန်းတို့ကို ဖြစ်ပေါ်လာစေခြင်းဖြစ်သည်။

လေဖိအားနည်းရပ်ဝန်းနှင့် လေဖိအားများရပ်ဝန်းတို့သည် လေတိုက်ရာ လမ်းကြောင်း၏ ဦးတည်ရာကိုလည်းကောင်း၊ မုန်တိုင်းတိုက်ခတ်ရွေ့လျားရာလမ်းကြောင်း၏ ဦးတည်ရာကိုလည်းကောင်း ဖန်တီးနိုင်စွမ်းရှိကြသည်။ ထို့အတူပင် ကမ္ဘာ့ကုန်းမြေတိုက်ကြီးများနှင့် သမုဒ္ဒရာရေပြင်တို့အကြား အပူချိန်ခြားနားချက်များကလည်း ကမ္ဘာ့ရာသီဥတုနှင့် မိုးလေဝသ အခြေအနေများကို အမျိုးမျိုးအဖုံဖုံဖြစ်အောင် ပြုပြင်ဖန်တီးလျက် ရှိနေကြသည်။

ကမ္ဘာ့ကုန်းမြေတိုက်ကြီးများသည် ဒြပ်ဝတ္ထုအစိုင်အခဲများဖြစ်ကြသောကြောင့် နေမှရရှိသောအပူဓာတ်ကို အပေါ်ယံမြေလွှာက လျင်မြန်စွာ စုပ်ယူသိုမှီးထားပြီး အပူလျှောက်ကူးမှုနည်းလမ်းဖြင့် နက်သောမြေလွှာအတွင်းပိုင်းသို့ အပူဓာတ် အနည်းငယ်ကို ပျံ့နှံ့ရောက်ရှိစေသည်။ သမုဒ္ဒရာရေထုကမူ နေမှရရှိသောအပူဓာတ်ကို

**ရေငွေ့ဘဝမှ ရေခဲတုံးအဖြစ်သို့ အသွင်ပြောင်းလဲသွားသော အစိုင်အခဲကလေးများသည် လေးလံလာသောကြောင့် ကမ္ဘာ့မြေဆွဲအား၏အရှိန်ဖြင့် မြေပြင်ပေါ်သို့ ကျဆင်းလာကြသည်။ ဤသည်ကို အရပ်အခေါ်အားဖြင့် မိုးသီးကြွေကျသည်ဟု သုံးနှုန်းကြသည်။ မိုးသီးကြွေကျသည့်အခါ အဆိုပါ မိုးသီးအစိုင်အခဲကလေးများထဲ၌ အလွန်နိမ့်သည့်အပူချိန်တွင် ရှင်သန်နိုင်သော ဗက်တီးရီးယားပိုးများ ကပ်ငြိပါဝင်လာနိုင်သည့်အတွက် မိုးသီးကို ရေခဲတုံးအမှတ်ဖြင့် စားသုံးခြင်းကို မပြုလုပ်သင့်ကြပေ . . .**

တဖြည်းဖြည်းစုပ်ယူရင်း အပေါ်ယံရေလွှာက ပူနွေးလာသည့်အခါ အောက်အလွှာရှိ အေးသောရေများဆီသို့ အပူစီးကူးမှုနည်းလမ်းဖြင့် ကျယ်ပြန့်စွာရောက်ရှိစေကာ အပူဓာတ်ဖလှယ်နိုင်စွမ်းရှိကြသည်။ ထို့ပြင် ရေစီးကြောင်းကြီးများနှင့် ဒီရေလှိုင်းများကြောင့်လည်း ဝေးသောနေရာရှိရေပြင်များဆီသို့ အပူဓာတ်ကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပို့ဆောင်နိုင်စွမ်းရှိကြသည်။ ဤသို့အားဖြင့် ကမ္ဘာ့ရေထုကြီးသည် ကုန်းမြေထုကြီးထက် အပူဓာတ်ကို ကျယ်ကျယ်ပြန့်ပြန့် ထိန်းသိမ်းသိုလှောင်ထားနိုင်သည့် အခွင့်အရေးရှိနေသည်။

သမုဒ္ဒရာရေပြင်ကြီးများက အပူဓာတ်ကို ကျယ်ပြန့်စွာ စုပ်ယူသိုမှီးထားနိုင်စွမ်း ရှိနေခြင်း၏ အကျိုးဆက်တစ်ရပ်အဖြစ် ရေမျက်နှာပြင်အပေါ်ယံရှိရေများသည် အမြဲသဖြင့် အငွေ့ပျံလျက်ရှိနေကြသည်။ ယင်းကဲ့သို့ အငွေ့ပျံခြင်းဖြစ်စဉ်ကြောင့် ကောင်းကင်ယံတွင် ရေငွေ့အစုအဖွဲ့ဖြစ်သည့် တိမ်တိုက်တိမ်လွှာများကို ဖြစ်ပေါ်လာစေသည်။

သမုဒ္ဒရာရေထုကြီးနှင့် ကုန်းမြေထုတို့၏ အပူဓာတ်ကို စုပ်ယူသိုမှီးပုံနှင့် စွန့်ထုတ်ပုံတို့ မတူကွဲပြားနေခြင်း သဘောသဘာဝများကြောင့် ကမ္ဘာပေါ်၌ အဓိကကျသော ရာသီဥတုနှစ်မျိုး ဖြစ်ပေါ်လာသည်။ ယင်းတို့မှာ Continental Climate ခေါ် ကုန်းမြေတိုက်ရာသီဥတုနှင့် Oceanic Climate ခေါ် သမုဒ္ဒရာရေပြင် ရာသီဥတုတို့ပင်ဖြစ်ကြသည်။ ကုန်းမြေတိုက်ကြီးများ၏ အတွင်းပိုင်းကျသော အရပ်ဒေသများ၌ ကုန်းမြေတိုက်ရာသီဥတုရှိနေပြီး သမုဒ္ဒရာကမ်းခြေနှင့် နီးကပ်သောအရပ်ဒေသများ၌ သမုဒ္ဒရာရေပြင်ရာသီဥတု ရှိနေကြသည်။

သမုဒ္ဒရာရေပြင်ရာသီဥတုရှိသော အရပ်ဒေသများ၌ သမုဒ္ဒရာရေထုကြီးက အပူအအေးလွန်ကဲမှုမဖြစ်အောင် ထိန်းသိမ်းပေးထားကြသည်။ ထို့ကြောင့်ပင် အဆိုပါရာသီဥတုမျိုးရှိသော အရပ်ဒေသများ၌ နွေရာသီ၌ အပူလွန်ကဲမှုမဖြစ်ပေါ်သလို... ဆောင်းရာသီ၌လည်း အအေးလွန်ကဲခြင်းမျိုး ဖြစ်ပေါ်လေ့မရှိကြပေ။ သို့ရာတွင် သမုဒ္ဒရာရေပြင်ရာသီဥတုရှိသောဒေသများ၌ အမြဲလိုလို တိမ်များထူထပ်နေတတ်ပြီး မိုးရွာသွန်းမှုကလည်း များပြားလေ့ရှိသည်။ ကုန်းမြေတိုက်ရာသီဥတုရှိသော အရပ်ဒေသများ၌မူ နွေရာသီတွင် အပူလွန်ကဲပြီး ဆောင်းရာသီ၌လည်း အအေးလွန်ကဲလေ့ရှိသည်။ နေ့နှင့်ည အပူချိန်ကွာခြားချက် ကြီးမားပြီး နေ့အခါ ပူပြင်းသလောက် ညအခါ၌ အအေးပိုသော သဘောသဘာဝ ရှိနေသည်။



သမုဒ္ဒရာရေပြင်နှင့် ကုန်းမြေတိုက်ကြီးများအကြား ရာသီကာလအလိုက် အပူချိန်ခြားနားမှု အပြောင်းအလဲရှိနေခြင်းကြောင့် မုတ်သုံလေတိုက်ခတ်မှုများကို ဖြစ်ပေါ်စေသည်။ သာဓကအားဖြင့် အိန္ဒိယသမုဒ္ဒရာနှင့် အရှေ့တောင်အာရှ ကုန်းမြေထုများအကြား ရာသီအလိုက် အပူချိန်ခြားနားချက် ပြောင်းလဲမှုရှိနေခြင်းကြောင့် အရှေ့တောင်အာရှနိုင်ငံများ၌ မုတ်သုံလေ၏အကျိုးကို ခံစားကြရသည်။

အဆိုပါဒေသများတွင် နှစ်စဉ် ဧပြီလနှင့် အောက်တိုဘာလများအကြား၌ အနောက်တောင်မုတ်သုံလေများ တိုက်ခတ်ပြီး အဆိုပါနှစ်၏ အောက်တိုဘာလမှ နောင်နှစ်ဧပြီလများအကြား၌ အရှေ့မြောက်မုတ်သုံလေ တိုက်ခတ်သည်။ ကုန်းမြေဘက်တွင် အပူဓာတ်များပြီး လေထုအပူချိန်မြင့်တက်ကာ လေဖိအားနည်းနေချိန်၌ ဖိအားများနေသော သမုဒ္ဒရာရေပြင်မှလေများသည် အနောက်တောင်မုတ်သုံလေအဖြစ် ကုန်းမြေများဆီသို့ တိုက်ခတ်သည်။ အနောက်တောင်မုတ်သုံလေသည် သမုဒ္ဒရာဘက်မှ တိုက်ခတ်လာသောလေဖြစ်ခြင်းကြောင့် ရေခိုးရေငွေ့ ပမာဏအများအပြားကို တစ်ပါတည်းသယ်ဆောင်လာသည်။ အနောက်တောင်မုတ်သုံလေ ဖြတ်သန်းတိုက်ခတ်ရာ အရပ်ဒေသများ၌ စွတ်စိုသောရာသီဥတုကို ဖြစ်ပေါ်စေသည်။

သမုဒ္ဒရာရေပြင်များ၌ အပူဓာတ်များပြီး ရေပြင်အပူချိန်မြင့်တက်ကာ လေဖိအားနည်းနေချိန်မျိုး၌ ဖိအားများသော ကုန်းတွင်းလေများက အရှေ့မြောက်မုတ်သုံလေအဖြစ် သမုဒ္ဒရာရေပြင်များဆီသို့ တိုက်ခတ်သည်။ ဖိအားများနေသော အရှေ့မြောက် မုတ်သုံလေသည် ခြောက်သွေ့အေးမြသောကြောင့် ဖြတ်သန်းတိုက်ခတ်ရာ အရပ်ဒေသများ၌ အေးမြသောရာသီဥတုကို ဖြစ်ပေါ်စေသည်။

သမုဒ္ဒရာရေထု၊ ကုန်းမြေထုနှင့် လေထုတို့၏ အပူဓာတ်စုပ်ယူမှု၊ အပူဓာတ်ထုတ်လွှတ်မှု၊ ရေငွေ့ပျံမှု၊ လေဖိအားနည်းရပ်ဝန်းနှင့် လေဖိအားများရပ်ဝန်းဖြစ်ပေါ်မှု၊ မုတ်သုံရာသီလေများ တိုက်ခတ်မှု၊ လေပြင်းများတိုက်ခတ်မှု၊ အပူလှိုင်းများ ဖြတ်သန်းမှု၊ အအေးလှိုင်းများဖြတ်သန်းမှု စသော အပြန်အလှန် အကျိုးသက်ရောက်မှုများကြောင့် လေထုလွှာများ၏ အပူအအေးပြောင်းလဲမှု၊ ရေငွေ့ပါဝင်နှုန်းပြောင်းလဲမှု၊ ထူထပ်သောတိမ်များဖြစ်ထွန်းမှု၊ မိုးတိမ်တောင်များဖြစ်ပေါ်လာမှု၊ တိမ်လွှာထုအတွင်း အပူချိန်ခြားနားမှု၊ ဒြပ်မှုန်များ၏ ပွတ်တိုက်ရွေ့လျားမှုနှင့် သိပ်သည်းဆများ ကွာဟချက်ကြီးမားမှုတို့သည် ရာသီအပေါ်မူတည်ပြီး အမျိုးမျိုးအဖုံဖုံ ပြောင်းလဲဖြစ်ပေါ်လာရသည်။

မိုးတိမ်တောင်တစ်ခုသည် စတင်ဖြစ်ပေါ်ချိန်မှစ၍ အားပျော့ပျက်ပြယ်သွားသည့် အချိန်အတိုင်းအတာအတွင်း စတင်ဖွံ့ဖြိုးလာခြင်း၊ အရွယ်ရောက်ကြီးထွားလာခြင်းနှင့် ထကြွလှုပ်ရှား သက်ဝင်လာခြင်းဟူ၍ အဆင့်သုံးဆင့်ကို ဖြတ်သန်းကြရသည်။ အင်အားကောင်းသော မိုးတိမ်တောင်များ ဖြစ်ပေါ်လာချိန်တွင် အမြင့်ပေ ၃၀၀၀၀ ခန့်အထိပင် ရှိလာနိုင်သည်။

မိုးတိမ်တောင်တစ်ခု၏ တိမ်တိုက်အတွင်း၌ အောက်မှအထက်သို့ဆန်တက်သော လေစီးကြောင်းများနှင့် အထက်မှအောက်သို့စုန်ဆင်းသော လေစီးကြောင်းများ ရှိနေကြပြီး တိမ်တိုက်ကြီး၏ရွေ့လျားမှု၊ တိမ်တောင်တိမ်လိပ်တို့၏ ရွေ့လျားမှု၊ လေပြင်းများ၏ရွေ့လျားမှုနှင့် အမြန်နှုန်း စသည်တို့အပေါ်မူတည်ပြီး လျှပ်လက်ခြင်း၊ ထစ်ချုန်းခြင်း၊ လေပြင်းတိုက်ခြင်း၊ မိုးသီးကြွေခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း စသည့် မိုးလေဝသဖြစ်စဉ်များကို ပေါ်ပေါက်စေသည်။ မိုးသက်မုန်တိုင်းဟုလည်း ခေါ်ဆိုနိုင်သော မိုးကြိုးမုန်တိုင်းဖြစ်ပေါ်မှု အချိန်အတိုင်းအတာသည် အနည်းဆုံးအားဖြင့် ၁၅ မိနစ်ခန့်မှ နာရီများစွာအထိ ကြာမြင့်နိုင်သည်။

မြန်မာနိုင်ငံ၌ တစ်နှစ်တာကာလ ရာသီခွင်အတွင်း၌ မိုးကြိုးမုန်တိုင်းဖြစ်စဉ် အများဆုံးဖြစ်ပေါ်ကျရောက်လေ့ရှိသော ဒေသများမှာ မြန်မာနိုင်ငံတောင်ပိုင်းရှိ ကမ်းရိုးတန်းဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများနှင့် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများပင် ဖြစ်ကြသည်။ အဆိုပါဒေသများ၌ တစ်နှစ်တာအတွင်း မိုးကြိုးမုန်တိုင်းဖြစ်စဉ်ဖြစ်ပေါ်မှုမှာ ပျမ်းမျှအားဖြင့် ရက်ပေါင်း ၇၀ ကျော် ရှိနေတတ်သည်။

မိုးကြိုးမုန်တိုင်းဖြစ်စဉ်၏ လက္ခဏာတစ်ရပ်ဖြစ်သော ထစ်ချုန်းမှုဖြစ်ပေါ်နိုင်သည့် ကာလများမှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများ၌ နှစ်စဉ် ဇွန်လနှင့် စက်တင်ဘာလများ ဖြစ်ကြပြီး မြစ်ဝကျွန်းပေါ်ဒေသများ၌မူ နှစ်စဉ် မေလနှင့် စက်တင်ဘာလများ ဖြစ်ကြသည်။ တစ်နည်းဆိုရသော်...အဆိုပါ အချိန်ကာလများသည် မုတ်သုံဝင်ရောက်ချိန်နှင့် မုတ်သုံဆုတ်ခွာချိန်များပင် ဖြစ်ကြသည်။

မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော်ဟောင်းဖြစ်သော ရန်ကုန်မြို့တွင် ၁၉၇၁ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၃၀ ကာလအတွင်း ထစ်ချုန်းသည့်ရက်ပေါင်း ၁၅၅၈ ရက် ရှိခဲ့သည်။ ထိုကာလအတွင်း တစ်နှစ်ပတ်လုံးအနေဖြင့် ထစ်ချုန်းမှုဖြစ်စဉ် ဖြစ်ပေါ်မှု အများဆုံးနှစ်သည် ၁၉၉၉ ခုနှစ်ဖြစ်ပြီး ထိုနှစ်အတွင်း စုစုပေါင်း ၇၉ ရက်ရှိခဲ့သည်။ ထစ်ချုန်းမှုဖြစ်စဉ်ဖြစ်ပေါ်မှု အနည်းဆုံးနှစ်ကမူ ၁၉၈၂ ခုနှစ်ဖြစ်ပြီး ထိုနှစ်အတွင်း ထစ်ချုန်းမှုစုစုပေါင်း ၂၆ ရက်သာ ရှိခဲ့သည်။ သာမန်အားဖြင့် မုတ်သုံလေအား အလွန်ကောင်းသော ဇူလိုင်လနှင့် ဩဂုတ်လများ၌ မိုးသည်းထန်စွာရွာသွန်းပြီး ထစ်ချုန်းမှုဖြစ်စဉ် နည်းပါးလေ့ရှိသော်လည်း ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာနေခြင်းကြောင့် လွန်ခဲ့သော နှစ်အနည်းငယ်မှစ၍ မိုးလယ်ကာလများ၌ပင် ထစ်ချုန်းသံများကို မကြာခဏဆိုသလို ကြားခဲ့ကြရသည်။

မိုးကြိုးမုန်တိုင်း ဖြစ်ပေါ်ရခြင်း၏ အခြေခံအကြောင်းရင်းသည် တိမ်တိုက်အတွင်းရှိ ရေမှုန်ရေမွှားများ အချင်းချင်းပွတ်တိုက်မိရာမှ လျှပ်စစ်စီးကူးမှုဖြစ်ပေါ်နေစဉ် အပူချိန်ကွာခြားမှု အဆမတန်မြင့်မားလာရာမှ ဒြပ်မှုန်တို့၏ သိပ်သည်းဆပမာဏကွာဟမှု ကြီးမားစွာ ဖြစ်ပေါ်လာခြင်းကြောင့်ဖြစ်သည်။ မိုးကြိုးမုန်တိုင်း ဖြစ်ပေါ်နေစဉ် တိမ်လွှာထုအတွင်း အပူချိန်ကွာခြားမှု ကြီးမားလာရာ...မြေပြင်နှင့်အနီးကပ်ဆုံးသော တိမ်လွှာထုအောက်ခြေပိုင်းမှစ၍ တိမ်တိုက်အထက်ပိုင်းအကြား အမြင့်ပေ ကွာခြားလာသည်နှင့်အမျှ အပူချိန်ကလည်း ရေခဲမှတ်အောက် အလွန်အမင်းကျဆင်းမှု ဖြစ်ပေါ်လာသည်။

ထိုအခြေအနေမျိုးတွင် တိမ်လွှာထုအတွင်းရှိ ရေငွေ့များသည် အငွေ့အသွင်ဖြင့် ဆက်လက်ရပ်တည်နိုင်စွမ်း မရှိကြတော့ဘဲ ရေခဲတုံးကလေးများအဖြစ် ပေါင်းစည်းစုဖွဲ့သွားကြတော့သည်။ အဆိုပါရေခဲတုံးကလေးများသည် အရွယ်အစားအားဖြင့် သာကူစေ့အရွယ်မှသည် သံပရာသီးအရွယ်ခန့်အထိ ဖြစ်ပေါ်လာသည်။ ထူးခြားဖြစ်စဉ် အချို့၌မူ ရေငွေ့အစုအဖွဲ့တစ်ဖြစ်လဲ ရေခဲတုံးကလေးများသည် လိမ္မော်သီးအရွယ်ခန့်အထိပင် ရှိလာတတ်သည်။

ရေငွေ့ဘဝမှ ရေခဲတုံးအဖြစ်သို့ အသွင်ပြောင်းလဲသွားသော အစိုင်အခဲကလေးများသည် လေးလံလာသောကြောင့် ကမ္ဘာမြေဆွဲအား၏အရှိန်ဖြင့် မြေပြင်ပေါ်သို့ ကျဆင်းလာကြသည်။ ဤသည်ကို အရပ်အခေါ်အားဖြင့် မိုးသီးကြွေကျသည်ဟု သုံးနှုန်းကြသည်။ မိုးသီးများအဖြစ် ကြွေကျလာသော ရေခဲတုံးကလေးများသည် မာကျောကျစ်လျစ်မှုအဆင့်အတန်း မြင့်မားနေကြသည့်အပြင် ကမ္ဘာ့မြေဆွဲအားကြောင့် ကျဆင်းလာသောအရှိန်ကလည်း ပြင်းသည့်အတွက် မော်တော်ကားမှန်များ ကွဲအက်ခြင်း၊ နေအိမ်အဆောက်အအုံ ခေါင်မိုးများပေါက်ပြဲခြင်း၊ အဆောက်အအုံ ပြတင်းမှန်များ ကွဲအက်ခြင်း၊ လူကိုထိမှန်ပါက ထိခိုက်ဒဏ်ရာရခြင်းမှသည် အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ခြင်း၊ လမ်းမများပေါ်သို့ ကျရောက်နေသည့် မိုးသီးများကြောင့် မော်တော်ကားနှင့် ဆိုင်ကယ်၊ စက်ဘီးစသည်တို့ လမ်းချော်ခြင်းများကို ကြုံတွေ့ကြရနိုင်သည်။

မိုးသီးကြွေကျသည့်အခါ အဆိုပါ မိုးသီးအစိုင်အခဲကလေးများထဲ၌ အလွန်နိမ့်သည့်အပူချိန်တွင် ရှင်သန်နိုင်သော ဗက်တီးရီးယားပိုးများ ကပ်ငြိပါဝင်လာနိုင်သည့်အတွက် မိုးသီးကို ရေခဲတုံးအမှတ်ဖြင့် စားသုံးခြင်းကို မပြုလုပ်သင့်ကြပေ။

မြန်မာနိုင်ငံအနေဖြင့် တောင်ပိုင်းကမ်းရိုးတန်းဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများနှင့် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများသည် မိုးကြိုးမုန်တိုင်းကို အများဆုံးကြုံတွေ့ကြရနိုင်သော ဒေသများဖြစ်သည့်အတွက် အဆိုပါအရပ်ဒေသများ၌ ရံဖန်ရံခါ မိုးသီးကြွေကျခြင်းမျိုးကိုပါ ကြုံတွေ့ကြရနိုင်သည်။ ထို့အတူ ပြောင်းလဲလာနေသော ကမ္ဘာ့ရာသီဥတုဖြစ်စဉ်ကြီးကြောင့် မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် မိုးလေဝသဖြစ်စဉ်ကြီးကလည်း လိုက်လျောညီစွာ ပြောင်းလဲလာနေသည်ဖြစ်ရာ...မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသအကြား မြို့ရွာများသည်လည်း မိုးသီးကြွေကျခြင်းဖြစ်စဉ်နှင့် ကြုံတွေ့ကြရနိုင်သည်ကို သတိပြုကြရမည် ဖြစ်ပေသည်။ ။

# သဘာဝဘေးကြုံတွေ့ပါက ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးအတွက် ကြိုတင်ပြင်ဆင်မှုများ မြဝတီခရိုင်အတွင်း ဆောင်ရွက်ထား

**မြဝတီ ဩဂုတ် ၃**

ကရင်ပြည်နယ် မြဝတီမြို့တွင် သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ပါက ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို မြဝတီခရိုင် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ထားကြောင်း သိရသည်။

သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက ပြည်သူများအတွက် လတ်တလော စားဝတ်နေရေးအခက်အခဲများ ပြေလည်စေရေးနှင့် ဒုက္ခသည်များ ပြန်လည်ဝင်ရောက်လာပါက နေထိုင်စားသောက်နေရေး အဆင်ပြေစေရန်အတွက် မြဝတီခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရုံး၌ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများကို သိုလှောင်ထားရာ အိမ်ထောင်စု ၅၀၀ အတွက် တစ်အိမ်ထောင်လျှင် ၂၂၀၆၆ ကျပ်တန်ဖိုးရှိ ပစ္စည်းကိုးမျိုးပါ ထောက်ပံ့ရေးပစ္စည်း အစုံ ၅၀၀၊ အိမ်ထောင်စု ၁၀ စု အတွက် တစ်အိမ်ထောင်လျှင် ၆၇၅၄၀ ကျပ်တန်ဖိုးရှိ လူသုံးကုန်ပစ္စည်း ၁၈ မျိုးပါ ထောက်ပံ့ပစ္စည်း ၁၀ စုံ၊ ၁၀၀ ကီလိုအလေးချိန်ရှိ အဝတ်ဟောင်းထုပ် သုံးထုပ်နှင့် ရွှေ့ပြောင်းဒုက္ခသည်များ လတ်တလောနေထိုင်စားသောက်နေနိုင်ရေး အတွက် ပစ္စည်း ၁၀ မျိုးတို့ကို သိုလှောင်သိမ်းဆည်းထားပြီးဖြစ်ကြောင်း သိရသည်။



ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးအတွက် ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရုံး၌ သိုလှောင်ထားသည့် ပစ္စည်းများကို မြဝတီခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် တာဝန်ရှိသူများက ဩဂုတ် ၁ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ဦးတင်မောင်ဝေက ရှင်းလင်းပြသကာ ခရိုင်အုပ်ချုပ်ရေးမှူးက မြဝတီမြို့အနေဖြင့် ၂၀၁၃ ခုနှစ်က သောင်ရင်းမြစ်ရေလျှံတက်ခြင်းကြောင့် ရေကြီးခဲ့သည့် အတွေ့အကြုံကို သင်ခန်းစာယူကာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

# လူမှုရေးရာတာဝန်ခံမှုနှင့် အပြန်အလှန်ဆွေးနွေးခြင်း အမြင်ဖွင့်သင်တန်းဖွင့်လှစ်

**ပခုက္ကူ ဩဂုတ် ၃**

ပခုက္ကူမြို့နယ်အတွင်းမှ လူမှုရေးအဖွဲ့များအနေဖြင့် ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် အဖွဲ့အစည်းအချင်းချင်းနှင့် ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အနာဂတ်အလင်းရောင် လူငယ်ဖွံ့ဖြိုးရေးအဖွဲ့နှင့် ကမ္ဘလူငယ်ဖွံ့ဖြိုးရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်ကာ လူမှုရေးရာတာဝန်ခံမှုနှင့် အပြန်အလှန်ဆွေးနွေးခြင်း အမြင်ဖွင့်(ဆွေးနွေးပွဲ)သင်တန်းကို ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ၌ ဩဂုတ် ၁ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ဆွေသဟာလူမှုဖွံ့ဖြိုးရေးအဖွဲ့နှင့် ကော့ဒ်မြန်မာအဖွဲ့တို့မှ တာဝန်ရှိသူများက မိတ်ဆက်စကားပြောကြားပြီး ပခုက္ကူခရိုင် ပြန်/ဆက်ဦးစီးအရာရှိ ဦးဇော်ဌေးအောင်က ဒေသဖွံ့ဖြိုးရေးအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများအနေဖြင့် Community Centre ကို လာရောက်အသုံးပြုသည့်အတွက်



ကြိုဆိုပါကြောင်းနှင့် နောင်တွင်လည်း စင်တာကို လာရောက်အသုံးပြု ဆွေးနွေးကြရန် ဖိတ်ခေါ်စကားပြောကြားသည်။

ထို့နောက် Myanmar Institute of Politics and Policy သင်တန်းကျောင်းမှ ဒါရိုက်တာ ဒေါ်ခင်မမမျိုးက လူမှုရေးအသင်းအဖွဲ့များ၊ ဆွေးနွေးပွဲတက်ရောက်လာသူများနှင့် အပြန်အလှန်ဆွေးနွေးခဲ့သည်။ ဆရာမသည် ကယားပြည်နယ်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အစိုးရဌာနများ၊ ရဲတပ်ဖွဲ့များနှင့် လူမှုဖွံ့ဖြိုးရေး အဖွဲ့များအား စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းများ ပို့ချပေးနေသူ တစ်ဦးဖြစ်ပြီး ၂၁ ရာစု ပင်လုံငြိမ်းချမ်းရေးညီလာခံ ဖြစ်မြောက်ရေးတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်မှုလုပ်ငန်းများတွင်လည်း အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်နေကြောင်း သိရသည်။

ကမ္ဘလူငယ်ဖွံ့ဖြိုးရေးအဖွဲ့မှ မဟေသီဦးက တာဝန်ခံမှု တာဝန်ယူမှုဆိုင်ရာအကြောင်းအရာများကို သိချင်၍ သင်တန်းလာတက်ခြင်းဖြစ်ပြီး ဆွေးနွေးပွဲမှရသည့် အသိအမြင်များကို ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း ပြောသည်။ ဆွေးနွေးပွဲတက်ရောက်လာသည့် ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းများကို ဆွေးနွေးပွဲမှ သိရကြောင်း၊ ရပ်ရွာလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းလုပ်လျှင် အောင်မြင်မည်ဆိုသည့် အသိကိုရကြောင်း၊ ရန်ပုံငွေသုံးစွဲရာတွင် ပြည်သူမြင်သာအောင်ချပြခြင်း၊ အစစ်ဆေးခံခြင်းဖြင့် ပွင့်လင်းမြင်သာဆောင်ရွက်ရမည်ဖြစ်သည်ကိုလည်း သိရကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲ(သင်တန်း) ဖြစ်မြောက်ရေးအတွက် ဆွေသဟာလူမှုဖွံ့ဖြိုးရေးအဖွဲ့နှင့် ကော့ဒ်မြန်မာအဖွဲ့အစည်းတို့က ပူးပေါင်းထောက်ပံ့ပေးခြင်းဖြစ်ပြီး ဆွေးနွေးပွဲကို နှစ်ရက်ကြာကျင်းပခဲ့ကာ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများမှ လူငယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကိုဇော်(ခတု)**

## ရေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့

**စဉ့်ကိုင် ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် ဇူလိုင် ၃၀ ရက်မှစတင်ပြီး ဧရာဝတီမြစ်ရေနှင့် ဒုဋ္ဌဝတီမြစ်ရေ မြင့်တက်လာခြင်းကြောင့် ကျေးရွာများတွင် ရေကြီး၊ ရေလျှံမှုများဖြစ်ပေါ်ခဲ့ကာ ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြရသော ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့က ဩဂုတ် ၁ ရက်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပန်းယျကျေးရွာ မြသိန်းတန်းဓမ္မာရုံ၌ ပြောင်းရွှေ့နေထိုင်လျက်ရှိသည့် မြေတော်ကျေးရွာမှ အိမ်ထောင်စုဝင်များအတွက် ဆန်၊ ငါးစည်သွပ်ဘူး၊ ခေါက်ဆွဲခြောက်ထုပ်နှင့် ရေသန့်ဘူးစသည့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။ အိမ်ထောင်စု ၈၈ စုမှ လူဦးရေ ၄၀၀ ခန့်အတွက် ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ကျန်ရှိသည့် ရေဘေးသင့်ပြည်သူများကိုလည်း ထောက်ပံ့ပစ္စည်းများ ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် တဘက်ဆွဲ၊ မြေတော်၊ တမျော၊ စိတ္တရ၊ မြောက်မြေ၊ သာယာကျွန်းနှင့် တံတားဦးလေး စသည့်ကျေးရွာများတွင် ရေဝင်ရောက်ခဲ့ပြီး အဆိုပါကျေးရွာများမှ ပြည်သူများအား စဉ့်ကိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေနှင့် ဌာနဆိုင်ရာမှတာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့များက ရေဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့နေရာချထားပေးကာ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## သတင်းတိုများ

### လွိုင်လင်မြို့၌ ရေမြောင်းပိတ်ဆို့မှု စုပေါင်းရှင်းလင်း

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ အမှတ်(၄)ရပ်ကွက်ရှိ လွိုင်လင်-ပင်လုံသွား ဗိုလ်ချုပ်လမ်းဘေးတစ်လျှောက်တွင် ရေမြောင်းများ ပိတ်ဆို့နေလျက်ရှိရာ အဆိုပါရေမြောင်းတွင် ရေစီးရေလာကောင်းမွန်ရေးအတွက် လွိုင်လင်မြို့နယ် စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဇူလိုင် ၂၈ ရက်က တူးဖော်ဆယ်ယူ ရှင်းလင်းမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

### သစ်သီးဝလံအခြေခံ စားသောက်ကုန်ထုတ်သင်တန်းဆင်း

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်လာစေရန်အတွက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက စစ်ကိုင်းမြို့ စိန်ကုန်းရပ်ကွက်ရှိ ပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ဖွင့်လှစ်ခဲ့သော သစ်သီးဝလံအခြေခံ စားသောက်ကုန်ထုတ်လုပ်မှုသင်တန်း၏ သင်တန်းဆင်းပွဲကို ဇူလိုင် ၃၁ ရက်က ကျင်းပခဲ့ပြီး သင်တန်းဆရာများက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြသည်။ သင်တန်းကို ဇူလိုင် ၂၅ ရက် မှ ဇူလိုင် ၃၁ အထိ ဖွင့်လှစ်ခဲ့ပြီး ဆက်လက်၍လည်း လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်းကိုလည်း ဩဂုတ် ၁ ရက်မှ ၇ ရက်အထိ ထပ်မံဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **ခိုင်ဇေယျ**

### ကျေးရွာအဝင်လမ်းတွင် ပေ ၂၀၀ ရေကျော် တည်ဆောက်လျက်ရှိ

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ကျောက်ငနွားကျေးရွာ အဝင်လမ်းပေါ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အရှည်ပေ ၂၀၀ ရှိ ရေကျော်တည်ဆောက်နေမှု လုပ်ငန်းများကို ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစောမြင့်ထွန်းနှင့် တာဝန်ရှိသူများက ဇူလိုင် ၂၉ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး စဉ့်ကူးမြို့နယ် မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်ဇောက လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်နှင့် အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။ ရေကျော်တည်ဆောက်မှုမှာ ယခုအခါ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **မြင့်သူ(ပြန်/ဆက်)**

# အစေ့ထုတ်ပြောင်းဖူးစိုက်တောင်သူများ ဈေးကောင်းရရန်မျှော်လင့်

**နေပြည်တော် ဩဂုတ် ၃**

နေပြည်တော် ပျဉ်းမနားမြို့နယ် နှမ်းတောကျေးရွာအုပ်စုနှင့် ဇီးဖြူပင်ကျေးရွာအုပ်စုအတွင်းရှိ တောင်သူများ စိုက်ပျိုးထားသော အစေ့ထုတ်ပြောင်းဖူး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး တောင်သူများအနေဖြင့် ဈေးကောင်းရရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

အစေ့ထုတ်ပြောင်း စိုက်ပျိုးရာတွင် နှစ်ပြည်ခွဲပါရှိသော ပြောင်းဖူးမျိုးစေ့တစ်ထုပ်လျှင် ကျပ် ၁၇၀၀၀ ဝန်းကျင်ပေး၍ ဝယ်ယူစိုက်ပျိုးရကြောင်း၊ တစ်ဧကလျှင် တင်း ၁၀၀ ဝန်းကျင် ထွက်ရှိကြောင်း၊ ပြောင်းဖူးများရင့်ပြီး ခြောက်သွေ့ချိန်တွင် အဖူးများကို အခြောက်လှန်း၍ အစေ့ခြွေစက်ဖြင့် အစေ့ခြွေကာ ရောင်းချရခြင်းဖြစ်ကြောင်း၊ ယခင်နှစ်က ပြောင်းဖူးအစေ့တစ်တင်းကို ကျပ်တစ်သောင်းဝန်းကျင် ဈေးကောင်းရရှိ၍ တောင်သူများအနေဖြင့် အဆင်ပြေခဲ့ကြကြောင်း တောင်သူများ၏ ပြောကြားချက်များအရ သိရသည်။

နှမ်းတောကျေးရွာအုပ်စုနှင့် ဇီးဖြူပင်ကျေးရွာအုပ်စုအတွင်းရှိ တောင်သူများအနေဖြင့် စပါး၊ ပဲတီစိမ်းနှင့် အစေ့ထုတ်ပြောင်းများကို နှစ်စဉ် အဓိကထား၍ စိုက်ပျိုးကြကာ ယခုနှစ်တွင်လည်း စိုက်ပျိုးထားရှိသည့် ပြောင်းဖူးခင်းများမှာ အောင်မြင်ဖြစ်ထွန်းနေသဖြင့် ဈေးနှုန်းအနေဖြင့်လည်း ယခင်နှစ်ကဲ့သို့ ဈေးကောင်းရရှိရန် မျှော်လင့်နေရကြောင်း တောင်သူများက ပြောသည်။ **ထွန်းထွန်းဝင်း**

# စားသုံးသူများ အန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းစစ်ဆေး

**ဟိုပန် ဩဂုတ် ၃**

‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ရှိ ကျောင်းများမှ မုန့်ဆိုင်များနှင့် မြို့ပေါ် စားသောက်ကုန်အရောင်းဆိုင်များတွင် ရောင်းချသော အစားအသောက်များကို စားသုံးသည့် ပြည်သူများ အန္တရာယ်ကင်းရှင်းရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးဆောင်သော ပူးပေါင်းအဖွဲ့က ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့် ကော်မတီဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့က ကျောင်းမုန့်ဆိုင်များနှင့် စားသောက်ကုန်ရောင်းချသော ကုန်စုံဆိုင်များတွင် ရက်လွန်မုန့်များနှင့် အချိုရည်များ ရောင်းချနေခြင်းမရှိစေရန် ဇူလိုင် ၂၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

ဆိုးဆေးများပါဝင်သော စားသောက်ကုန်များ၊ ကျန်းမာရေးနှင့် မညီညွတ်သည့် ရက်လွန်အစားအသောက်များကို ရောင်းချခြင်းမပြုရန် ဆိုင်ရှင်များအားမှာကြားကာ စစ်ဆေးရာတွင် တွေ့ရှိရသောရက်လွန်အစားအသောက်များကိုလည်း သိမ်းဆည်းခဲ့ပြီး မြို့မဈေးရှေ့တွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



## မြန်မာ- အိန္ဒိယနယ်စပ်ဂိတ်တွင် ယာဉ်များရှောင်တခင်စစ်ဆေး



**ရိခေါဒါရ် ဩဂုတ် ၃**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ မြန်မာ- အိန္ဒိယနယ်စပ်ဂိတ်ပေါက်၌ နှစ်နိုင်ငံကူးသန်းဆက်သွယ်သည့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ၊ လက်နက်ခဲယမ်းများ သယ်ဆောင်ခြင်း ရှိ၊ မရှိ ဖော်ထုတ်ဖမ်းဆီးမိရေးနှင့် ဒေသလုံခြုံရေးကို ရှေးရှု၍ ယာဉ်ဝင်/ ထွက်သွားလာမှုများကို ဩဂုတ် ၁ ရက်က ရှောင်တခင်စစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။

ယင်းသို့ စစ်ဆေးရာတွင် ချင်းပြည်နယ် ရိခေါဒါရ်မြို့ အုပ်ချုပ်ရေးမှူး ဦးပေါင်ဒိတ်တုန်း၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းမှူးရဲအုပ် ရန်အေးနှင့်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းမှ ဗိုလ်ကြီး ဆက်နိုင်၊ မြို့လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်းပါဝင်သည့်အဖွဲ့က ဥပဒေနှင့်အညီ စစ်ဆေးခြင်းဖြစ်သည်။

ရိခေါဒါရ်မြို့သည် မြန်မာ- အိန္ဒိယ ကုန်သွယ်ရေးလမ်းကြောင်း မြို့ တစ်မြို့ဖြစ်သည်နှင့်အညီ နှစ်နိုင်ငံနယ်စပ်တံတားစစ်ဆေးရေးဂိတ်သည်လည်း ဒေသအတွင်းအလွန်အရေးကြီးသည့် စစ်ဆေးရေးဂိတ်တစ်ခုဖြစ်ရာ အခြားသောမြို့နယ်ဒေသများမှ နယ်စပ်ဂိတ်တံတားဖြတ်သန်းသွားလာနေသော လူ၊ ဆိုင်ကယ်နှင့် မော်တော်ယာဉ်များအား ဆက်လက်ကြပ်မတ်စစ်ဆေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**

## စည်းကမ်းမလိုက်နာသည့် မော်တော်ယာဉ်များကို ရေးမြို့နယ်၌ စတင်အရေးယူ

**ရေး ဩဂုတ် ၃**

မွန်ပြည်နယ် ရေးမြို့နယ်၌ ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးအရေးယူမှုများကို ဩဂုတ် ၁ ရက်က စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ ပူးပေါင်း၍ ရေးမြို့ သီရိဇေယျာရပ်ကွက်အတွင်း ရေး-မော်လမြိုင်သွားကားလမ်းမပေါ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးမှုများကို ပြုလုပ်ကာ စည်းကမ်းမလိုက်နာသည့် မော်တော်ယာဉ်များကို အရေးယူမှုများ စတင်ဆောင်ရွက်ခြင်းဖြစ်သည်။



စည်းကမ်းလိုက်နာခြင်း မရှိသည့် ဆိုင်ကယ်များ၊ ဘေးတွဲဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်များနှင့် ကားများကို စစ်ဆေးဖမ်းဆီးပြီး ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေနှင့်အညီ မြို့နယ်တရားရုံးသို့ တင်ပို့ကာ တရားစွဲဆိုနိုင်ရန် ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဩဂုတ် ၁ ရက်က ယာဉ်စည်းကမ်း စတင်စစ်ဆေးအရေးယူရာတွင် မော်တော်ဆိုင်ကယ်များနှင့်အတူ အခြားယာဉ်များကိုလည်း စစ်ဆေးအရေးယူမှုများ ဆောင်ရွက်ခဲ့ကြောင်းနှင့် ရေးမြို့နယ်အတွင်း ယာဉ်စည်းကမ်းစစ်ဆေးအရေးယူခြင်းကို နေရာအလိုက် ဆက်လက်အရှိန်မြှင့်၍ အချိန်နှင့်အမျှ လုပ်ဆောင်သွားရန်ရှိကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**



## နွားထိုးကြီးမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးမှုများပြုလုပ် ဆိုင်ကယ်စီးဦးထုပ်နှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေး

**နွားထိုးကြီး ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့၌ ဆိုင်ကယ်စီးနင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးမှုများကို ဇူလိုင် ၁ ရက်က ပြုလုပ်ခဲ့ကြပြီး ဆိုင်ကယ်စီးဦးထုပ် အလုံး ၁၁၀ နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

နွားထိုးကြီးမြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ငြိမ်းသက်နွယ်နှင့် ဦးစိန်ကျော်မိုးတို့ ဦးဆောင်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်စိုး၊ မြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်နိုင်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက မြို့ပေါ်ပရဟိတအဖွဲ့များ၊ အလှူရှင်များနှင့် ပူးပေါင်းကာ ယာဉ်စည်းကမ်းပညာပေးခြင်းနှင့် ဦးထုပ်များဖြန့်ဝေပေးခြင်းကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

"ကျွန်တော်တို့က ယာဉ်စည်းကမ်းပညာပေးရင်း ဆိုင်ကယ်စီးဦးထုပ်များ ပေးဝေတာဖြစ်ပါတယ်။ ယာဉ်တိုက်မှုအတော်များများမှာ ဆိုင်ကယ်စီးဦးထုပ်မဆောင်းလို့ မဖြစ်သင့်တာတွေဖြစ်၊ အဆုံးမှာ အသက်ပေးလိုက်ရတာတွေ ရှိလာနေပါတယ်။ ဆိုင်ကယ်စီးရင် ဦးထုပ်ဆောင်းဖို့၊ သုံးယောက်ထက်ပိုမစီးဖို့၊ ယာဉ်လမ်းကြောင်း မှန်ကန်အောင်စီးနင်းဖို့၊ ယာဉ်ကြောမရှင်းဘဲ ကျော်မတက်ဖို့တွေကို ယာဉ်စီးသူတွေကို ပညာပေးခြင်းဖြစ်ပါတယ်"ဟု မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြောသည်။

နွားထိုးကြီးမြို့နယ်အတွင်း ဆိုင်ကယ်စီးနင်းမောင်းနှင်မှုများ များပြားလာလျက်ရှိပြီး ဆိုင်ကယ်မောင်းနှင်သူများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို မလိုက်နာကြသူများလည်းရှိနေသဖြင့် ယာဉ်မတော်တဆမှုများ လျော့နည်းစေရန်နှင့် ယာဉ်မတော်တဆမှုကြောင့် အသက်ဆုံးရှုံးမှုများ လျော့နည်းစေရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာကြရေးနှင့် ယာဉ်မတော်တဆမှုများ ကင်းဝေးစေရေး အသိပညာပေးမှုများကို မြို့နယ်အတွင်း လစဉ်ပြုလုပ်သွားမည်ဖြစ်ကာ ဆိုင်ကယ်စီးဦးထုပ် များကိုလည်း ဆက်လက်ဖြန့်ဝေပေးသွားရန်ရှိကြောင်း သိရသည်။

**ဌေးမြင့်မောင်**


Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook

| | | | | | |
|---|---|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၉၄ ၀၉၇၃၂၃၅၅၆၀ | မင်္ဂလာ(၁) သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာ(၂) ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | နေပြည်တော် ၀၁ ၂၅၁ ၂၇၇ ၀၁ ၂၅၁ ၂၈၈ | မန္တလေး ဝင်းလိုက် ၀၂-၃၉၁၂၈၊ ၀၂-၆၀၂၁ |
| | | | | ရွှေဆောင် ၀၁-၂၅၂၁၁၃ ၀၁-၃၈၈၀၃၄ | မြို့မ ၀၂-၃၉၁၃၆၊ ၀၂-၃၉၁၃၇ |
| မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၃၅ ၀၉၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ | Top Royal (စိန်ဂေဟာ-ဖါရဒီ) ၀၉၄၂၀၁၈၂၉၁ ၀၉၄၂၀၁၈၂၉၂ | မင်္ဂလာ(ဂမုန်းပွင့်) (လှည်းတန်း စံရိပ်ငြိမ်) ၀၉ ၃၃၉၀၅၄၆၃၂ ၀၉ ၃၃၉၀၅၄၆၃၃ | မင်္ဂလာဝဇီရာ (လှိုင်သာယာ) ၀၉၂၆၁၉၀၁၁၅၅ ၀၉၂၆၁၉၀၁၁၆၆ | မင်္ဂလာထွန်းသီရိ(ပြည်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂ | မင်္ဂလာဒိုင်းမွန်း ၀၉၄၀၂၇၆၅၆၁ ၀၉၄၀၂၇၆၅၆၂ |

ရိုက်လိုက်ပါဦးဒုန်းဒုန်းဒုန်း
(ရန်ကုန်)
သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ မင်္ဂလာစံပြ၊ TOP ROYAL
မင်္ဂလာ ဂမုန်းပွင့်(လှည်းတန်း စံရိပ်ငြိမ်)
(မန္တလေး) - ဝင်းလိုက်၊ မြို့မ
(ပြည်) - မင်္ဂလာထွန်းသီရိ

JASON BOURNE
(ရန်ကုန်) - နေပြည်တော်(၁)
မင်္ဂလာ ဒဂုန်စင်တာ(၂)
မင်္ဂလာ ဂမုန်းပွင့် (လှည်းတန်း စံရိပ်ငြိမ်)
(မန္တလေး) - မင်္ဂလာဒိုင်းမွန်း

ICE AGE COLLISION COURSE(3D)
နေပြည်တော်(၂)၊ မင်္ဂလာစံပြ
မင်္ဂလာ ဂမုန်းပွင့် (လှည်းတန်း စံရိပ်ငြိမ်)
(မန္တလေး) - မင်္ဂလာဒိုင်းမွန်း

ခိုးဆိုးလူနိုက်
(ရန်ကုန်) - ရွှေဆောင်(၁)
မင်္ဂလာဝဇီရာ(လှိုင်သာယာ)

STAR TREK BEYOND(3D)
(ရန်ကုန်) - နေပြည်တော်(၃)

စားတယ် (ကိုတင့်)
(ရန်ကုန်) - ရွှေဆောင်(၂)
မင်္ဂလာစံပြ၊ မင်္ဂလာဂမုန်းပွင့်
(မန္တလေး) - မင်္ဂလာဒိုင်းမွန်း
(ပြည်) - မင်္ဂလာထွန်းသီရိ

၅ . ၈ . ၂၀၁၆ ရက်မှ စတင်ပြသမည့်ဇာတ်ကားသစ်များ
ပွဲချိန်သတ်ပြု - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ



# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၆-၂၀၁၆ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။
(ဃ) အရပ်(၅)ပေ(၂)လက်မ၊ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန် သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက် ရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၄-၈-၂၀၁၆ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၄-၈-၂၀၁၆ ရက်နေ့မှ ၇-၉-၂၀၁၆ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။
(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၁ နှစ် ၆ လကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၁ နှစ် ၆ လအတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၂၀၀၀၀ိ /-ကျပ်ကို လည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ ၁၂၅၀၀၀ိ/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)(အခြေခံလစာ-၁၇၀၀၀၀ိ+အရည်အချင်းလစာ ၄၀၀၀ိ+ M.H.R.A ၁၀၀၀၀ိ=၁၈၄၀၀၀ိ) အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့် /အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ခ) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် ၁၀၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် လိုင်စင်မဲ့မော်တော်ယာဉ်များအား ရောင်းချရန် အိတ်ဖွင့်တင်ဒါ Open Tender ခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် လိုင်စင်မဲ့မော်တော်ယာဉ် ၁၁၉ စီးအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါ Open Tender စနစ်ဖြင့် ၂၃-၈-၂၀၁၆၊ ၂၄-၈-၂၀၁၆ နှင့် ၂၅-၈-၂၀၁၆ ရက် နံနက် ၁၀း၀၀ နာရီတွင် လေလံတင်ထုခွဲ ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံများအား မန္တလေးတိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံး၊ စီမံဌာနတွင် ၁၅-၈-၂၀၁၆ ရက်မှ ၁၉-၈-၂၀၁၆ ရက်အထိ ရုံးချိန်အတွင်း တစ်စောင်လျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိနှုန်း)ဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**လိုင်စင်မဲ့မော်တော်ယာဉ်များ အိတ်ဖွင့်တင်ဒါရောင်းချရေးကော်မတီ**

---

**ပညာရေးဝန်ကြီးဌာန**
**စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**နည်းပညာတက္ကသိုလ်(မအူပင်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(မအူပင်)တွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါ ပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) သင်ထောက်ကူပစ္စည်းများ (ခ)ရုံးသုံးပရိဘောဂများ

၂။ **အိတ်ဖွင့်တင်ဒါရောင်းချမည့်ရက်** - ၄-၈-၂၀၁၆ ရက်
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** ၂၄-၈-၂၀၁၆ ရက်၊ ၁၆း၀၀ နာရီ
**တင်ဒါရောင်းချတင်သွင်းရမည့်နေရာ** - ငွေစာရင်းဌာန

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက နည်းပညာတက္ကသိုလ်(မအူပင်) ဖုန်း-၀၉-၈၅၈၅၁၈၄ နှင့် ၀၄၅-၃၀၁၀၈ တို့သို့ စုံစမ်းနိုင်ပါသည်။

**နည်းပညာတက္ကသိုလ်(မအူပင်)**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန**
**ကျွမ်းကျင်မှုအခြေပြု ကာလတိုသင်တန်းများအတွက် ဒုတိယအကြိမ်**

## သင်တန်းသားသစ်များ ခေါ်ယူခြင်း

၁။ နေပြည်တော် ရွာမ(ရန်ကုန်)နှင့် မန္တလေးမြို့များရှိ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ကို ပူးပေါင်း၍ အောက်ပါကျွမ်းကျင်မှုအခြေပြု ကာလတို (၃)လသင်တန်းများကို ၂၀၁၆ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ဒုတိယအကြိမ် စတင်ဖွင့်လှစ်ပါမည်။

(၁) Bricklaying (အုတ်စီကျွမ်းကျင်သင်တန်း)
(၂) Barbending (သံချည်သံကွေးကျွမ်းကျင်သင်တန်း)

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်-

(၁) မူလတန်းအောင်မြင်ပြီး အသက် (၁၈)နှစ်ပြည့်ပြီး (၄၀)ထက် မကျော်လွန်သူဖြစ်ရမည်။
(၂) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၃) သင်တန်းပြီးဆုံးအောင် တက်ရောက်နိုင်သူဖြစ်ရမည်။
(၄) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(၅) အိမ်ထောင်မရှိသူ (အပျို/လူပျို)ဖြစ်ရမည်။

၃။ လျှောက်လွှာတင်ရာတွင် အောက်ပါစာရွက်စာတမ်းများပါရှိရပါမည်-

(၁) လျှောက်လွှာမူရင်း (၁)စောင်။
(၂) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ (၁)စောင်။
(၃) လိုင်စင်ဓာတ်ပုံ (၃)ပုံ။
(၄) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ထောက်ခံစာမူရင်း(သို့မဟုတ်) မြို့နယ်ပြည်သူ့ရဲစခန်းမှ ထောက်ခံစာမူရင်း။
(၅) သက်ဆိုင်ရာမြို့နယ်ဆရာဝန်၏ ဆေးထောက်ခံစာမူရင်း။

၄။ ၂၀၁၆ခုနှစ် ဩဂုတ် ၈ရက်မှစ၍ အောက်ပါနေရာများတွင် လျှောက်လွှာများရယူလျှောက်ထားနိုင်ပါသည်-

(၁) အစိုးရနည်းပညာအထက်တန်းကျောင်း (နေပြည်တော်) (ဆက်သွယ်ရန် ဖုန်း-၀၉-၄၄၈၅၃၆၂၀၀၊ ၀၆၇-၄၀၁၄၂၅/၆)
(၂) အစိုးရနည်းပညာအထက်တန်းကျောင်း (ရွာမ) (ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၀၃၇၇၁၈၈၊ ၀၁-၆၄၁၆၉၆)
(၃) အစိုးရနည်းပညာအထက်တန်းကျောင်း(မန္တလေး) (ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၁၃၇၁၂၇၄၊ ၀၂-၅၁၅၂၁၉၂) (လျှောက်လွှာများကို ၈-၈-၂၀၁၆ရက်မှ ၁၆-၈-၂၀၁၆ရက်အထိ နံနက် ၉း၀၀ နာရီမှ ညနေ ၄း၀၀နာရီအထိ သက်ဆိုင်ရာကျောင်းအသီးသီးတွင် ရယူလျှောက်ထားနိုင်ပြီး နောက်ဆုံးလျှောက်ထားရမည့်ရက်မှာ ၁၆-၈-၂၀၁၆ရက်ဖြစ်ပါသည်။ ၁၈-၈-၂၀၁၆ ရက်မှ ၁၉-၈-၂၀၁၆ရက်အထိ လူတွေ့စစ်ဆေးသွားမည်ဖြစ်ပါသည်။)

၅။ သင်တန်းကို ကျား/မ မရွေးလျှောက်ထားနိုင်ပြီး၊ သင်တန်းတစ်ခုလျှင် သင်တန်းသား သင်တန်းသူ ၁၂ဦး လက်ခံသင်ကြားပေးမည်ဖြစ်ပါသည်။

၆။ သင်တန်းကြေးမှာ အခမဲ့ဖြစ်ပြီး သင်တန်းသား သင်တန်းသူများအတွက် နေထိုင်ရန် အဆောင်စီစဉ်ပေးမည်ဖြစ်ပါသည်။

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲသည် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ကျန်းမာရေးစောင့်ရှောက်မှုစီမံချက်များမှ လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများ၊ Reagents များ၊ အိမ်သာခွက်နှင့် ပိုက်အစုံဝယ်ယူရန်နှင့် မျိုးဆက်ပွားကျန်းမာရေးစာအုပ်များရိုက်နှိပ်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ညွှန်ကြားရေးမှူး(ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၁၅-၈-၂၀၁၆ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၈-၂၀၁၆ ရက် မွန်းလွဲ ၂ နာရီ

**ဆက်သွယ်ရန်ဖုန်း-၀၆၇-၄၃၁၁၈၁/၀၆၇-၄၃၁၀၈၅**

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

---

**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီးအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် တင်သွင်းရမည့် ဆေးဝါးစာရင်းကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၁-၈-၂၀၁၆ရက်(တနင်္လာနေ့)
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၆-၈-၂၀၁၆ရက်(သောကြာနေ့) ညနေ ၄း၀၀နာရီ

**တင်ဒါဝယ်ယူရေးလုပ်ငန်းစိစစ်ရေးအဖွဲ့**
**အောင်ဆန်းတီဘီရောဂါအထူးကုဆေးရုံကြီး**
**စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၆၄၅၇၅၆၊ ၀၁-၆၄၅၇၄၈**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအတွက်နေရာနှင့် အချိန်ပြောင်းလဲသတ်မှတ်ခြင်း

၁။ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၁၃) မှ တာဝန်ယူဆောင်ရွက်သော သာဂရ-ကိုးပင်လမ်း(မိုင် ၅၀/၂-၉၆/၃) ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် လမ်းတံတားလုပ်ငန်းများအား ဆောင်ရွက်ရန်အတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုကြောင်း ၃၀-၅-၂၀၁၆ ရက် သတင်းစာတွင် ကြေညာခဲ့ပါသည်။

၂။ တင်ဒါဖွင့်ပွဲရက် အကြောင်းအမျိုးမျိုးကြောင့် ရက်ရွှေ့ပြောင်းခြင်းကို တင်ဒါတင်သွင်းမည့်သူများအား ဖုန်းသတင်းဖြင့် အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၃။ ယခုအခါ တင်ဒါစိစစ်ရေးကော်မတီဖွဲ့စည်းပြီးစီး၍ လမ်းအထူးအဖွဲ့(၁၃)၏ တင်ဒါဖွင့်ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ဒု-ညွှန်ကြားရေးမှူးရုံး လမ်းအထူးအဖွဲ့(၁၃)၊ ပျဉ်းမနား ၀၆၇-၂၁၁၀၂ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၅။ **အိတ်ဖွင့်တင်ဒါအမှတ်** - အမှတ် (၁)၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်
**တင်ဒါလျှောက်လွှာပိတ် ရက်/အချိန်** - ၁၆-၈-၂၀၁၆ ရက် ၁၆း၃၀ နာရီ
**တင်ဒါတင်သွင်းရမည့်ရက်** - ၁၇-၈-၂၀၁၆ ရက်၊ ၉း၀၀ နာရီ
**တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၁၇-၈-၂၀၁၆ ရက်၊ ၁၀း၀၀ နာရီ
**တင်ဒါရွေးချယ်မည့်နေရာ** - ဦးစီးအရာရှိ(မြို့ပြ)ရုံး၊ အောင်လံမြို့နယ်၊လမ်းဦးစီးဌာန

---

**ပညာရေးဝန်ကြီးဌာန**
**ဆရာအတတ်ပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**
**တောင်ငူပညာရေးကောလိပ်**
**တောင်ငူမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တောင်ငူပညာရေးကောလိပ်ကျောင်းသစ်တွင် လေ့ကျင့်ရေးကျောင်းသို့ မြေအောက် ကေဘယ်ဓာတ်အားလိုင်းသွယ်တန်းခြင်း Pannel တပ်ဆင်ခြင်း၊ (၁၁)ကေဗွီဓာတ်အားလိုင်း တည်ဆောက်ခြင်း၊ ဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ ၄၀၀ ဗို့ဓာတ်အားလိုင်းများတည်ဆောက်ခြင်း၊ ဝန်ထမ်းအိမ်ရာဝင်းနှင့်လေ့ကျင့်ရေး ကျောင်းဝင်းအတွင်း လမ်းမီးများတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့် တင်ဒါဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၄-၈-၂၀၁၆ ရက်တွင် စတင်ရောင်းချပြီး ၁၉-၈-၂၀၁၆ ရက် ၁၆း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းမည်ဖြစ်ပါသည်။

၃။ တင်ဒါများကို ပဲခူးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးရုံး၊ ပဲခူးမြို့တွင် ဝယ်ယူတင်သွင်းရမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ**
**တောင်ငူမြို့**
**ဖုန်း-၀၉-၄၀၀၄၀၆၄၇၉၊ ၀၅၄-၂၃၁၂၅**

---

# ခြံရောင်းမည်

မြေပိုင်မြေ(၂၆'×၇၀') ဗဟိုလမ်းနှင့် ဝေဠုဝန်လမ်းကျယ်ထောင့်၊ စမ်းချောင်းမြို့နယ်၊ ဖုန်း-၀၉-၂၅၄၂၀၅၈၅၀၊ ၀၉-၇၉၀၁၃၆၃၄၉

---

## အများသိရှိစေရန်ကြေညာချက်

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ နယ်မြေ (၈) နေ ဒေါ်မူမူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်တော်၏မိတ်ဆွေ ဒေါ်မူမူ(ဘ)ဦးသောင်း ၉/တကန(နိုင်)၀၀၇၃၂၁ သည် နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ နယ်မြေ(၈)အရှေ့လားသော ဦးသိန်းဖေ၊ အနောက်လားသောလမ်း၊ တောင်လားသော ဒေါ်လှထွန်း၊ မြောက်လားသော ဦးကျော်လှိုင်တို့ အနားလေးရပ်အတွင်းရှိ အကွက်အမှတ်/အမည်(၀၆/မြဝတီရပ်)၊ ဦးပိုင်အမှတ် ၁၁၆၊ ဧရိယာ ၀.၁၁၁မ၀၇၃ ဧက အကျယ်အဝန်းမြေကွက်အတွင်းရှိ အရှေ့အနောက် (၃၀ပေ× ၆လက်မ)၊ တောင်မြောက် (၁၉) ပေ အကျယ်ရှိ မြေကွက်နှင့်နေအိမ်ကို ဒေါ်ညွန့်သီ၏သားသမီးများဖြစ်ကြသော ဒေါ်မီမီမြင့်နှင့်ဦးနေမျိုးဇလတို့ထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ စွန့်ကြဲပေးကမ်းထားခြင်း မရှိပါကြောင်းနှင့် ဒေါ်မူမူသာလက်ရှိတရားဝင်ပိုင်ဆိုင်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**(ဒေါ်မူမူ)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးတင့် အထက်တန်းရှေ့နေ(စဥ်-၁၀၇၃၃)**
**မ/၃၅၂၊ ငုရွှေဝါလမ်း၊ မြဝတီရပ်ကွက်**
**နေပြည်တော်၊ တပ်ကုန်းမြို့**

---

# ကြေညာချက်

၁။ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပြည်နယ်/တိုင်းဒေသကြီးများနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်လည်းကောင်း၊ ရန်ကုန်တံဆိပ်ခေါင်းအရောင်းကောင်တာနှင့် နေပြည်တော်တံဆိပ်ခေါင်းအရောင်းကောင်တာနေရာများတွင်လည်းကောင်း တံဆိပ်ခေါင်းများကို အများပြည်သူသို့ လွတ်လပ်စွာ အကန့်အသတ်မရှိ ရောင်းချပေးလျက်ရှိပါသည်။

၂။ ယခုအခါ လိုင်စင်ရ တံဆိပ်ခေါင်းရောင်းချခွင့်အား နိုင်ငံတစ်ဝန်းရှိ မြို့နယ်ပေါင်း ၉၃ မြို့နယ်တွင် လိုင်စင်ရရောင်းချခွင့်ပြုသူဦးရေ ၃၅၁ ဦးကို ၁-၆-၂၀၁၆ ရက်တွင် စတင်ခန့်အပ်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဇွန်လမှ စတင်ရောင်းချစေခဲ့ပြီးဖြစ်သဖြင့် အများပြည်သူတို့အနေဖြင့် အထက်ဖော်ပြပါနေရာများအပြင် လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများထံ၌လည်း ရောင်းချရန် ခွင့်ပြုသတ်မှတ်ပေးထားသော တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်းတွင်ဖော်ပြထားသည့် တန်ဖိုးအတိုင်း လွတ်လပ်စွာဝယ်ယူနိုင်ပါကြောင်းနှင့် တရားဝင်ရောင်းချခွင့်ပြုထားသည့် ရုံး၊ ဌာနများနှင့် လိုင်စင်ရတံဆိပ်ခေါင်း ရောင်းချသူများမှလွဲ၍ အခြားမည်သူမျှ ရောင်းချခွင့်မရှိကြောင်းသိရှိနိုင်ပါရန် အသိပေး ကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

**စားသောက်ဆိုင်၊ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းများနှင့်ပတ်သက်၍**

## အသိပေးနှိုးဆော်ခြင်း

- ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း ရောင်းရငွေကျပ်သိန်းနှစ်ရာထက်ကျော်လွန်သော စားသောက်ဖွယ်ရောင်းချခြင်း လုပ်ငန်းများ၊ ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း တည်းခိုခအပါအဝင်ဖြစ်သည့် ဝန်ဆောင်ခရငွေကျပ်သိန်း နှစ်ရာထက်ကျော်လွန်သော ဟိုတယ်၊ တည်းခိုခန်းလုပ်ငန်းများသည် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်ခရငွေနှင့်အတူ ကျသင့်သောကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကို တစ်ပါတည်းကောက်ခံပေးရန် တာဝန်ရှိသဖြင့် ကျသင့်ငွေအတွက် ထုတ်ပေးသည့်ပြေစာများတွင် ကျသင့် ကုန်သွယ်လုပ်ငန်းခွန်နှင့်ညီမျှသော အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ထုတ်ပေးရမည်ဖြစ်ပါသည်။
- အချို့သောလုပ်ငန်းရှင်များသည် ကျသင့်ငွေအတွက် ဆိုင်အမှတ်အသားပါသည့် ပြေစာထုတ်မပေးခြင်း၊ ပြေစာထုတ်ပေးသော်လည်း အခွန်အမှတ်တံဆိပ် ပြည့်စုံကျနစွာကပ်နှိပ်မထားခြင်း၊ စားသုံးသူမှ ပြေစာရယူလိုကြောင်းပြောလျှင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန်အတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်းကို ထပ်မံတောင်းခံခြင်းများကို တွေ့ရှိနေရပါသည်။
- နိုင်ငံတော်မှ ရသင့်ရထိုက်သောအခွန်ငွေများအားရရှိစေရန်နှင့် စားသုံးသူမိဘပြည်သူများမှ ပေးဆောင်ခဲ့သော ကျသင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို လုပ်ငန်းရှင်များမှ မှန်မှန်ကန်ကန်ပေးသွင်းစေရန်အတွက် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း လုပ်ငန်းစီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ပြီး မိဘပြည်သူများမှလည်း ပူးပေါင်းပါဝင်ရန် လိုအပ်ပါသည်။
- လုပ်ငန်းရှင်များသည် ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများနှင့်အညီ သတ်မှတ်ထားသော ပြေစာထုတ်ပေးရန် ပျက်ကွက်ခြင်း၊ သို့မဟုတ် ပြေစာထုတ်ပေးသော်လည်း ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ပြေစာတန်ဖိုးအပေါ် ကျသင့်အခွန်၏ တစ်ရာရာခိုင်နှုန်းကို ဒဏ်ငွေအဖြစ်ပေးဆောင်ရမည့်အပြင် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါငွေပမာဏကိုလည်း ပေးဆောင်ရမည်ဖြစ်ပါသည်-
  - ပထမအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ်နှစ်သိန်း၊
  - ဒုတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ်ငါးသိန်း၊
  - တတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ်ခုနစ်သိန်း၊
  - တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် တစ်ကြိမ်လျှင် ကျပ်တစ်ဆယ်သိန်း။
- ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုံလောက်သောအကြောင်းမရှိဘဲ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက တရားစွဲဆိုခြင်းခံရမည်ဖြစ်ပြီး ပြစ်မှုထင်ရှားစီရင်ခံရပါက ထောင်ဒဏ်သုံးနှစ်မှ ခုနစ်နှစ်အထိ ကျခံရမည်ဖြစ်ပါသည်။
- စားသောက်ဆိုင်များ၊ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းများအနေဖြင့် ပြေစာထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာထုတ်ပေးသော်လည်း ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းများကို အထောက်အထားများဖြင့် သက်ဆိုင်ရာအခွန်ရုံးသို့ သတင်းပေးတင်ပြသူအား ကျသင့်အခွန်၏ တစ်ရာရာခိုင်နှုန်းဖြစ်သောဒဏ်ငွေ၏ တစ်ဆယ်ရာခိုင်နှုန်းအပြင် အကြိမ်အလိုက် ပျက်ကွက်ခြင်းအတွက် ဒဏ်တပ်ရိုက်သည့်ဒဏ်ငွေ၏ တစ်ဆယ်ရာခိုင်နှုန်းကို ဆုကြေးအဖြစ် ချီးမြှင့်မည်ဖြစ်ပြီး သတင်းပေးတင်ပြသူမည်သူဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်း ပြုမည်မဟုတ်ပါ။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ သရက်တောကျေးရွာအုပ်စု၊ သရက်တောကျေးရွာနေ ဦးခင်စိုး ၈/စလန(နိုင်)၀၂၀၁၆၇ ၏သမီး အမည်မှန်မှာ မခင်ဆွေဦး ဖြစ်ပါကြောင်း။

**မခင်ဆွေဦး**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉B ၂၊ မြေကွက်အမှတ် ၃၉၊ မြေကွက်တည်နေရာအမှတ် ၁၀၊ ဇောတိကလမ်း၊ စမ်းချောင်းမြောက်ရပ်ကွက် ဦးဝင်းကျော် အေအီး- ၂၂၉၃၁၇ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက်ဖခင် ဦးဝင်းကျော်သည် ၁၇-၂-၂၀၁၁ရက်တွင်လည်းကောင်း၊ မိခင်ဒေါ်ခင်လေးနုသည် ၂-၄-၂၀၁၃ရက်တွင်လည်းကောင်း ကွယ်လွန်သဖြင့် (၁)ဒေါ်သူဇာဝင်း ၁၂/စခန(နိုင်) ၀၄၃၆၈၃၊ (၂)ဒေါ်စန္ဒာဝင်း ၁၂/စခန(နိုင်) ၀၄၂၀၉၉၊ (၃)ဒေါ်ခိုင်ဝါဝင်း ၉/သစန(နိုင်) ၀၀၄၁၄၀၊ (၄)ဒေါ်ကြိုင်နုဝင်း ၉/သစန(နို)၀၀၃၈၅၁၊(၅)ဦးသန့်ဇင်ဝင်း ၁၂/စခန(နိုင်)၀၄၃၆၈၂၊ (၆)ဦးအောင်အောင် ၁၂/ကမရ(နိုင်) ၀၁၄၄၉၆တို့မှ သားသမီးများတော်စပ်ကြောင်း ၆-၄-၂၀၁၆ ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းတို့နှင့်အတူ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅စီဂျီ)၊ မြေကွက်အမှတ် ၁၃၁၈၊ မြေကွက်တည်နေရာအမှတ် ၁၀၊ မေယုလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးမောင်မောင်ရွှေ ၁၂/ဗဟန(နိုင်)၀၅၈၂၉၅ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်မောင်ရွှေထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သန္တာမျိုး ၁၂/ဗဟန(နိုင်)၀၅၉၃၈၆ က ၄င်းမှ ဦးမောင်မောင်ရွှေအပေါ် "ပဋိညာဉ်အတိုင်း နှစ်ဦးသဘောတူမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အရောင်းအဝယ်ကတိစာချုပ်အား မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု"ဖြင့် စွဲဆိုခဲ့ရာ အနိုင်ရရှိခဲ့သည့် ဗဟန်းမြို့နယ်၊ တရားမကြီးမှုအမှတ်-၁၆/၂၀၁၄ ၏ ၁၅-၁-၂၀၁၄ ရက်စွဲပါစီရင်ချက်၊ ဒီကရီ၊ ယင်းအမှု၏တရားမဇာရီမှုအမှတ် -၁/၂၀၁၅၏ ၂၈-၄-၂၀၁၅ရက်စွဲပါ အမိန့်၊ ၄င်းတရားရုံးအမိန့်များအရ ချုပ်ဆိုခဲ့သည့်အရောင်းအဝယ်စာချုပ်အမှတ် ၂၄၈၇/၂၀၁၆၊ ဂရန်မူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ သက်ဆိုင်ရာရပ်ကွက်၊ မြို့နယ်၊ ရဲစခန်းထောက်ခံစာတို့တင် ပြ၍ အမည်ပြောင်းနှင့် ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ပါမောက္ခ ဒေါက်တာသံစစ်

**အသက်(၆၈)နှစ်**

ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ အသည်းရောဂါဆေးပညာဌာန၊ ရန်ကုန်သည် ၂-၈-၂၀၁၆ရက် နံနက် ၄း၃၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊**
**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့်**
**ဇနီး ဒေါက်တာနန်းခမ်းမိုင် မိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ပါမောက္ခ ဒေါက်တာသံစစ်

**အသက်(၆၈)နှစ်**

ပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ အသည်းရောဂါဆေးပညာဌာန၊ ရန်ကုန်သည် ၂-၈-၂၀၁၆ရက် နံနက် ၄း၃၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဝန်ထမ်းမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဦးသံစစ် (စစ်ကိုင်း)

## ပါမောက္ခ(ငြိမ်း)၊ အသည်းအထူးကုဆရာဝန်ကြီး

**အသက်(၆၈)နှစ်**

အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခ ဦးသံစစ်သည် ၂-၈-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၄း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ ဦးခင်မောင်ဝင်း(အသည်း)**
**ဒေါက်တာဒေါ်ခင်လေးရီ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ပါမောက္ခ ဒေါက်တာဦးသံစစ်

**(အသည်းအထူးကုသမားတော်ကြီး)**

**အသက်(၆၈)နှစ်**

ဆေးတက္ကသိုလ် မန္တလေး (11/95) Batch တပည့်များ၏ သင်ဆရာဖြစ်သော ဆရာကြီး ပါမောက္ခ ဒေါက်တာဦးသံစစ်သည် ၂-၈-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၄း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲ ဆုံးရှုံးရပါသည်။

**(11/95) Batch ဆေး/မန်း မှ တပည့်များ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ပါမောက္ခ ဦးသံစစ်

**ပါမောက္ခဌာနမှူး(ငြိမ်း)**
**အသည်းရောဂါဆေးပညာဌာန**
**ဂုဏ်ထူးဆောင်ပါမောက္ခ၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်**

**အသက်(၆၈)နှစ်**

အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခဌာနမှူး ဒေါက်တာဦးသံစစ်သည် ၂-၈-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၄း၃၅နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Pinlon Group of Hospitals**
**ရွှေဂုံတိုင်ဆေးရုံ၊ Women's Centre ဆေးရုံ၊ ပင်လုံဆေးရုံ**
**ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ**

---

## ကိုငွေးဝင်း (ရွှေလောင်း)

**အသက်(၅၀)**

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ရွှေလောင်းမြို့နေ [ဦးစိုးမြင့်(ခ) ဦးခင်တိတ် - ဒေါ်မြစိန်]တို့၏ သား၊ ကိုဝင်းသူမောင် (ခ) ချမ်းမြေ့အောင်- မနန်းငုဝါတို့၏ဖခင်၊ ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟ ၃၅လမ်း၊ အမှတ် ၁၂၇၃နေ ကိုမြင့်ကြည် - မစန်းစန်းနွယ်တို့၏မောင်၊ ကိုဝင်းနိုင်-မတင်မာဆွေဦး၊ ကိုဝင်းလှိုင်-မမြင့်မြင့်ရွှေ၊ ကိုအောင်မင်းမင်း-မနွယ်နီဝင်းတို့၏အစ်ကို၊ တူ/တူမ ရှစ်ယောက်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂-၈-၂၀၁၆ရက်(အင်္ဂါနေ့) ည ၁၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကျော်စွာလင်း

**အကောက်ခွန်မှူး**
**အကောက်ခွန်ဦးစီးဌာန**
**အသက်(၃၁)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်ဘာလေလမ်း၊ အမှတ် ၉ (ခြောက်လွှာ)နေ ဦးမြင့်လွင်-ဒေါ်စန်းစန်းမော်တို့၏သား၊ ကိုဇော်ဇေယျာထူး - မထက်ထက်ဝေ၊ မောင်ရဲထွဋ်၊ မောင်သက်ဇော်တို့၏အစ်ကိုသည် ၃-၈-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၅-၈-၂၀၁၆ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်လှ (ထားဝယ်)

**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အေဝမ်းခြံလမ်း၊ အမှတ် ၁၄၈ (F2)နေ (ဦးစိမ်းမောင်) ဆိပ်ကမ်းမှူး(ငြိမ်း)ထားဝယ်၏ဇနီး၊ ဦးချိန်ဌွမ်-ဒေါ်ခင်ခင်ရှိန်၊ ဦးနေဝင်း၊ ဦးဝင်းမောင်-ဒေါ်စန်းစန်း၊ ဦးအောင်သန်း-ဒေါ်နုနုရှိန်၊ ဒေါ်စုစုရှိန်၊ ဒုဗိုလ်မှူးကြီးသန်းဝင်း(ငြိမ်း)-ဒေါ်သန်းသန်းရှိန်၊ (ဒေါ်သီတာစိမ်း)တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၆ယောက်၊ မြစ် ၁၅ယောက်တို့၏အဘွားသည် ၂-၈-၂၀၁၆ရက်(အင်္ဂါနေ့) ည ၉း၃၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၆နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း၊ အုတ်တံတိုင်း ဒါယိကာမကြီး**

## ဒေါ်စိန်အိ (ကျုံမငေး)

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ကန်တော်ကလေး၊ ၉၄လမ်း၊ အမှတ် ၁၀၉ (ပထမလွှာ)နေ (ဦးစိုးခင်-ဒေါ်လှဒွေး)တို့၏သမီး၊ (ဦးအုန်းသန်း)၏ဇနီး၊ (ဦးဖိုးယုံ-ဒေါ်ငွေဇင်)တို့၏သမီးချွေးမ၊ မဝင်းဝင်းတင်၏မိခင်၊ (ဦးတင်-ဒေါ်ခင်သန်း)၊ (ဦးဘချော)-ဒေါ်မြဝင်း၊ (ဦးခင်မောင်)-ဒေါ်ကျင်နု၊ (ဦးမောင်ချိန်-ဒေါ်သိန်းသိန်း)၊ (ဦးစိန်-ဒေါ်ညို)တို့၏ညီမ၊ (ဦးသောင်းတင်)-ဒေါ်ကျင်ရွှေတို့၏အစ်မ၊ ဦးဖေတင်-(ဒေါ်တင်တင်ဆွေ)၊ (ဦးသန်းတင်)-ဒေါ်လှသန်းနွယ်၊ ကိုမြတ်ဇော်သန်း၊ မစန်းစန်းနွယ်သန်း၊ မဥမ္မာချော၊ မအေးစန္ဒာတို့၏အဒေါ်သည် ၃-၈-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၆ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်အေးသစ်

**အသက်(၇၉)နှစ်**

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်၊ စစစဝန်ထမ်းအိမ်ရာ၊ အမှတ် ၂နေ ဦးသိန်းရှင်-ဒေါ်သက်စုတို့၏သမီး၊ ဦးမျိုးအေးထွန်း(Myanmar KMK Co.,Ltd Myeik)-ဒေါ်အေးအေးသိန်း၊ ဦးကျော်အောင် [ဦးစီးအရာရှိ (စုံစမ်းရေး) စစစ၊ မွန်ပြည်နယ်ရုံး]-ဒေါ်ဆွေဆွေထွန်း၊ ဦးခင်မောင်ထွန်း(ကျူရှင်ဆရာ၊ ရန်ကုန်မြို့)-ဒေါ်စန်းစန်းမော်၊ ဦးဇော်မင်းထွန်း-ဒေါ်အေးအေးမာ၊ ဒေါ်မြတ်မြတ်ထွန်း(Office Secretary ရွှေနဂါးဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ၊ ရန်ကုန်မြို့)၊ ဦးအေးနိုင်(Director GE Engineering & Construction Co.,Ltd)-ဒေါ်စန်းစန်းထွန်း၊ ဦးအောင်နိုင်ထွန်းတို့၏မိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၂-၈-၂၀၁၆ရက် ညနေ ၆နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၁၆ရက် နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်စန်းရီ(ဗိုလ်တထောင်) အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ ၆လမ်း၊အမှတ် ၁၈/က နေ (ဦးဘစိုး-ဒေါ်စိန်ပု)တို့၏သမီး၊ (ဦးအောင်သက်ဦး၊ ဗိုလ်တထောင်)၊ ဦးမြင့်ဝေ-(ဒေါ်ရွှေဝါ)၊ ဦးအေးကျော်-ဒေါ်သန်းသန်းညွန့်၊ (ဦးခင်မောင်ဝင်း)-ဒေါ်ဝင်းဝင်းအေး၊ (ကိုသော်တာ)၊ ဦးဇော်မင်းသန်း-ဒေါ်ခင်သီတာ(စံနန်းတော်)၊ ဦးနေလင်းလင်း(ဘောလုံးအဖွဲ့ချုပ်၊YTC)-ဒေါ်ရင်ရင်ညွန့်၊ကိုကျော်မင်းထွန်း-မတင်ဇာဇာမော်၊မဝါဝါထွေး(ရတနာပုံတယ်လီပို့စ်)တို့၏မိခင်၊မြေး ၁၀ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား၊ (ဦးညွန့်မောင်၊ ဗိုလ်တထောင်)၏ချစ်လှစွာသော ဇနီးသည် ၂-၈-၂၀၁၆ရက်(အင်္ဂါနေ့)ည ၁၁း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၈-၂၀၁၆ရက်(ကြာသပတေးနေ့)ညနေ၄နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အမှတ် ၁၈/က၊ သဘော်ကျင်းရပ်ကွက်၊ ၆လမ်း နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်စိန်မေ (စစ်တွေ)

**အသက်(၇၄)နှစ်**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ[ဦးလှအောင်(မြို့နယ်မှူး၊ ငြိမ်း၊ ပြည်သူ့ရဲတပ်ဖွဲ့)-ဒေါ်အေးဖြူ]တို့၏သမီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ ၁၈လမ်းအရှေ့၊ အမှတ် ၁၅၈၆နေ ဦးအောင်သာထွန်း (အရာခံဗိုလ်၊ တပ်မတော်-ရေ၊ ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဒေါ်ကြည်ကြည်ထွန်း(အထက-၁၊ သာကေတ)၊ ဦးသောင်းဝင်း - ဒေါ်အေးမြတ်မာလာ (ဘုန်းမြင့်မိုရ်စာပေ)၊ ဗိုလ်မှူးကြီးဇော်ဝင်းထွန်း(ဧည့်ဝတီရေတပ်စခန်းဌာနချုပ်၊ ကျောက်ဖြူ)-ဒေါ်နီနီသန်းတို့၏မိခင်၊ ဦးသိန်းတင်(E.P.C ၊ ငြိမ်း)-ဒေါ်သန်းသန်းမြင့်တို့၏အစ်မ၊ မသက်နှင်းဇော်(ဂုဏ်ထူးတန်း၊ ပထမနှစ်၊ ရန်ကုန်တက္ကသိုလ်)၊ မောင်ကောင်းဇေယျာထွန်း(နဝမတန်း၊ အထက-၁၊ ဒဂုံ)တို့၏အဘွားသည် ၂-၈-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၆း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးစိန်ထွန်း

**အသက်(၇၁)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာနေ (ဦးဖိုးမောင်-ဒေါ်စော)တို့၏သား၊ (ဦးစိန်ဘန်း)-ဒေါ်ခင်ရွှေတို့၏မောင်၊ ဦးအောင်-ဒေါ်ဘေဘီ၊ ဒေါ်မှုံ၊ ဦးဝင်းလှိုင်-ဒေါ်အေးသန်း၊ ဦးတင်စိုး-ဒေါ်ဝင်းငွေးတို့၏အစ်ကို၊ ဦးကြည်ရွှေ-ဒေါ်စန်းယုမော်၊ ဦးအောင်ဇော်ဦး-ဒေါ်ချိုချိုဝင်း၊ ဒေါ်စီစီဝင်း၊ ဦးကြည်သန်း-ဒေါ်ကြူကြူဝင်း၊ ဦးဇော်မျိုးနိုင်-ဒေါ်စံပါယ်လှိုင်၊ ကိုသက်နိုင်ဝင်း၊ ကိုမျိုးကိုကိုတို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုး၊ ဒေါ်ပြုံး၏ချစ်လှစွာသောခင်ပွန်းသည် ၂-၈-၂၀၁၆ရက်(အင်္ဂါနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၆ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ခေမာကျောင်းလမ်း၊ အမှတ် ၅၉၁ နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၈-၈-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

**ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး**
**ကျိုက္ခမီ သံဖြူဇရပ်အသင်း**
**သက်ကြီးပူဇော်ကန်တော့ခံ**

## မယ်တော်ကြီးဒေါ်စောသစ်

**အသက်(၉၁)နှစ်**

ကျိုက္ခမီမြို့နေ (ဦးကြွ-ဒေါ်မတာ)(မုဒုံ)တို့၏သမီး၊ (ဦးလှထွန်း၊ ကျိုက္ခမီ)၏ဇနီး၊ ဦးနေမိန္ဒ(ဥူးပဍ္ဍချန်) တောင်ငူ သောင်ပင်ရွှေဂူ၏မယ်တော်ကြီး၊(ဦးကြည်ဆိုင်-ဒေါ်ခင်မြင့်ဆွေ)၊ ဦးတင်ဝင်းကျော်-ဒေါ်ခင်မြင့်ဝေ၊ ဦးလှထွန်းရွှေ-ဒေါ်ချိုချိုအေး၊ ဒေါ်တင်တင်အေး(ထွေ/အုပ်၊ နေပြည်တော်)၊ ဦးသန်းဝင်းမြင့်-ဒေါ်တင်တင်ဝင်း၊ ဦးလွင်ထွန်းအောင် (စက်မှုလယ်ယာ၊ ကျိုက္ခလို့)-ဒေါ်နွဲ့နွဲ့ရီ၊ ဦးမင်းလွင်-ဒေါ်ရင်ရင်မြင့်၊ ဦးတင့်လွင်တို့၏မိခင်ကြီး၊ မြေး ၁၁ ယောက်၊မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၂-၈-၂၀၁၆ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၈-၈-၂၀၁၆ရက် (တနင်္လာနေ့)နံနက်တွင် (၄၅)ရပ်ကွက်၊ အမှတ် ၈၀၁၊ ဓမ္မစေတီလမ်း၊ မြောက်ဒဂုံနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**

## ဦးဟင်ထိုင် (မြိတ်)

**အသင်းဝင်အမှတ်-၂၆**
**အသက်(၉၀)**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ထားဝယ်စုရပ်၊ ဘီလမ်း၊ အမှတ် ၆၉နေ (ဒေါ်ချိုင်းဟွန်)၏ခင်ပွန်းသည် ၃၁-၇-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင်ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၁၆ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်ရပ် ကျန်းတိတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့

---

## ဦးမောင်ငွေး(ခ)

## ဝမ်းယန်ကွမ်း

**ဗုကျုံးကျောင်းသားဟောင်း**
**အသက်(၇၆)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၅၁၊ ဗားကရာလမ်းနေ(ဦးမောင်ချို-ဒေါ်ပွန်နန်း)၊ (ဒေါ်ငွေသင်)တို့၏သား(ဦးကိုခွေး-ဒေါ်မြသန်း)၊[ဦးမောင်လေး(ခ)ဝမ်းယန်ကျန်း]တို့၏ညီ၊ ဒေါ်ဝင်းမြင့် (ကြည့်/ညဈေး)၊ ဦးယုရှိန်၊ ဒေါ်တင်ရီ(အထက-၂၊ အလုံ)၊ ဒေါ်ခင်ကြည်၊ ဒေါ်တင်ကြည်(ခ)မစုး(ကြည့်/ညဈေး)၊ ဒေါ်တင်မြင့်၊ မကြူကြူလှိုင်တို့၏ဦးလေးသည် ၂-၈-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၈-၈-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအောင်ကြည်ဝင်း(ခ)ရွှေဘာ

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်းဈေးတန်းလမ်း၊ အမှတ် ၁၁၈၊ ဒုတိယထပ်နေ (ဦးသန်းအောင်)-ဒေါ်ချစ်ရင်တို့၏သား၊ (ဦးရွှေ-ဒေါ်ထွေး)တို့၏သားသမက်၊ ဒေါ်သိမ့်သိမ့်ဖြိုး(ခ) မီးမီး၏ခင်ပွန်း၊ (ဦးအောင်ကြည်ထွန်း)၊ (ဦးမျိုးအောင်)၊ ဒေါ်သီတာမြင့်-ဦးစိုးသိန်းတို့၏အစ်ကို၊ မထက်အဍ္ဍလီ(VIII E, အလက-၁၊ ဒဂုံ)၊ မောင်မင်းသုခ(III F, အလက-၁၊ ဒဂုံ)တို့၏ ဖခင်သည် ၃-၈-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၅-၈-၂၀၁၆ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## မောင်တင့်ဇော် အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ ကျောက်မြောင်းနေ(ဦးစိုးကြည်-ဒေါ်သန်းအောင်)၊ ဦးမြင့်အုန်း-ဒေါ်တင်အုန်းတို့၏မြေး၊ကျောက်မြောင်း၊ အမှတ် ၂၃၊သတိပဌာန်လမ်းနေ(ဦးအောင်သန်းမြင့်)-ဒေါ်ခင်သက်လွင်တို့၏သား၊ ရဲမှူးနေလင်းထက်-မနှင်းဝေလွင်တို့၏ အစ်ကို၊ မခိုင်လွင်သူ၏ဘကြီးသည် ၂-၈-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**ကမာရွတ်မြို့နယ်သံဃနာယကအဖွဲ့အကျိုးတော်ဆောင်**
**သာသနာ့ဝေပုလ္လကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်**

## ဘဒ္ဒန္တပညာနန္ဒာဘိသီရိ

**သက်တော်(၆၃)နှစ်၊ သိက္ခာတော်(၄၃)ဝါ**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ပုလဲလမ်း၊ သာသနဝေပုလ္လကျောင်းကြီး၏ ဦးစီးပဓာနနာယကဆရာတော်၊ ခမည်းတော် (ဦးထွန်းရှိန်)-မယ်တော်ကြီး ဒေါ်သောင်းစိန်တို့၏သားတော် ဘဒ္ဒန္တပညာနန္ဒာဘိသီရိသည် ၂-၈-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၈-၈-၂၀၁၆ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ အန္တိမအဂ္ဂိစျာပန ကျင်းပမည်ဖြစ်ပါသဖြင့် လိုက်ပါပို့ဆောင်နိုင်ပါရန် ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တဇောတိက

**(သစ်ကြီးတော၊ ရေစကြို)**
**ဇောတိကာရာမကျောင်း**
**သက်တော်(၅၇)နှစ်၊ သိက္ခာတော်(၃၇)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာ၊ ဇောတိကာရာမကျောင်း၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇောတိကသည် (၁၃၇၈ခုနှစ် ဝါဆိုလပြည့်ကျော် ၁၄ရက်) ၂-၈-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၈ခုနှစ် ဝါခေါင်လဆန်း ၇ရက်) ၁၀-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင် ဇီးဖြူကုန်းရွာ၊ ဇောတိကာရာမကျောင်း၌ အန္တိမအဂ္ဂိစျာပနသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးမောင်ညွန့် (ကွနီး)

**ကျောက်တန်းမြို့**
**အသက်(၉၁)နှစ်**

ရန်ကုန်မြို့၊ ကျောက်တန်းမြို့၊ ရွှေကုန်းရပ်ကွက်၊ ကန်ဦးလမ်း၊ အမှတ် ၁၁၁နေ ဒေါ်လှကျင်၏ခင်ပွန်း၊ (ဦးအုန်းခင်)-ဒေါ်ခင်အေးသန်း၊ ရန်ကုန်မြို့နေ ဦးမောင်မောင်အေး(မန်နေဂျာ၊ ငြိမ်း၊ MPPE)-ဒေါ်ကြည်ကြည်အေး(ညွှန်ကြားရေးမှူး၊ စီမံရေး၊ MPPE)၊ ကျောက်တန်းမြို့နေ ဦးလှညွန့်- ဒေါ်သန်းသန်းဝင်း၊ [ဦးထွန်းထွန်း (ဦးတိလောက)]တို့၏ဖခင်၊ မြေးလေးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၃-၈-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၆ရက်(သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် ကျောက်တန်းမြို့အနောက်ပိုင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၈-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးမောင်သာနု (စစ်တွေ)

**အထက်တန်းပြ(ငြိမ်း)**
**အထက(၂)၊ အထက(၄)စစ်တွေ**
**အသက်(၇၉)နှစ်**

(ဦးရွှေဘော်ဇံ-ဒေါ်မအုံးစိန်)တို့၏သား၊ (ဦးအောင်သာဦး-ဒေါ်မကြီး)တို့၏သားသမက်၊ စစ်တွေမြို့၊ ပခ/၁၀၇၊ ပန်းခြံလမ်း၊ ရူပမြောက်နေ ဒေါ်မအုံးခင်၏ချစ်လှစွာသောခင်ပွန်း၊ (ဦးဇော်ဝင်း)-ဒေါ်ဥမ္မာထွန်း(အလပြ)၊ ဒေါ်စောမူ(ထ-၄၊ ငြိမ်း)၊ ဦးမောင်ထွန်းဝင်း(အင်ဂျင်နီယာ)တို့၏ချစ်လှစွာသောဖခင်၊ မယဉ်မိုးသူ၊ မခင်မိုးဖြူတို့၏အဘိုးသည် ၃-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉း၃၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၆ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာကျိုတ်တော်ကုန်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးစိန်လင်း အသက်(၆၁)နှစ်

**ဗမာသစ် စိန်ရွှေရတနာနှင့် သင်္ကန်းရောင်းဝယ်ရေး(အင်းစိန်ဈေး)**

ရန်ကုန်တိုင်းဒေသကြီး၊ထန်းတပင်မြို့နယ်၊ လှည်းဆိပ်ကျေးရွာနေ(ဦးကျော်လင်း-ဒေါ်တင့်စိန်)တို့၏သား၊ (ဦးစိုးမောင်-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ (ဦးတင်ဝင်း)-ဒေါ်ရှုတီ-(ဒေါ်ခင်ငြိမ်း)၊ ဦးကျော်ဇေယျ-ဒေါ်နုနုရီ၊ (ဒေါ်မြင့်မြင့်စိန်)တို့၏ညီ/မောင်၊ ဦးဖြိုးအောင်-ဒေါ်ယဉ်ယဉ်အေးတို့၏အစ်ကို၊ မြေး ၁၂ယောက်တို့၏အဘိုး၊ အင်းစိန်မြို့နယ်၊ ဘုရင့်နောင်လမ်းမ၊ အမှတ်(၇၈/B)နေ ဒေါ်မြင့်မြင့်ကြည်၏ခင်ပွန်းသည် ၁-၈-၂၀၁၆ရက် (တနင်္လာနေ့) နံနက် ၈း၄၀ နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ (PRARAM-9)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၈-၂၀၁၆ရက်(အင်္ဂါနေ့)တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် အမှတ်(၇၈/B) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကိုဗညားနောင်(ခ)ကိုသားကြီး (တောင်ငူ)

**အသက်(၃၆)နှစ်**

တောင်ငူမြို့၊ မင်းကြီးညိုရပ်ကွက်၊ အမှတ် ၄၅၆၊ သမိန်ဗရမ်းလမ်းနေ ဦးသင်းကြူ(ဒုတိယအထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်ခင်သန်းဝင်းတို့၏သား၊ မုံရွာမြို့နေ ဦးသန်းထွန်းအောင်-ဒေါ်ချိုချိုဇင်တို့၏သားသမက်၊ မမီမီဇင်(လက်ထောက်မန်နေဂျာ၊ MOB ဘဏ်၊ တောင်ငူ)၏ချစ်လှစွာသောခင်ပွန်း၊ ကိုတေဇာနောင်-မဖြူအိမွန်၊ ကိုအာကာနောင်-မဝင်းဝင်းထွေး၊ ကိုစိုင်းညီညီချစ်-မသင်းသီရိစုတို့၏အစ်ကို၊ ကိုဗညားနောင်(ခ)ကိုသားကြီးသည် ၃-၈-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၁၆ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ တောင်ငူမြို့အနောက်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

မြဝတီဘဏ်လီမိတက် (တာချီလိတ်)မှ အကြီးတန်းငွေကိုင် ကိုမျိုးညီညီလှိုင် အသက်(၂၈)နှစ်သည် ၂-၈-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းများ**
**မြဝတီဘဏ်လီမိတက်**



# ပုဂံဒေသအား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် ဆောင်ရွက် ဒေသခံပြည်သူများအနေဖြင့် မည်သည့်ပြောင်းရွှေ့မှုမှလုပ်ဆောင်ရန်မလို

**ညောင်ဦး သြဂုတ် ၃**

ပုဂံဒေသအားကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် ဝင်ရောက်နိုင်ရေး ဆောင်ရွက်ရာတွင် ဒေသတွင်းသတ်မှတ်ထား သည့်ဇုန်အသီးသီးတွင်နေထိုင်ကြသည့်ပြည်သူများအနေဖြင့် မည်သည့်ပြောင်းရွှေ့မှုမျှ လုပ်ဆောင်ရမည်မဟုတ်သဖြင့် စိုးရိမ်စရာမလိုကြောင်း သိရသည်။

ယဉ်ကျေးမှုဇုန်၊ ကာကွယ်ထိန်းသိမ်းရေးဇုန်များအဖြစ် သတ်မှတ်ထားသည့်နေရာများတွင် ညောင်ဦးမြို့ကြီးနှင့် ရွာပေါင်း ၂၀ ပါဝင်နေပြီး အဆိုပါနေရာများတွင် နေထိုင်ကြသည့် ပြည်သူများမည်သည့်နေရာမျှ ပြောင်းရွှေ့ရန်မလိုအပ်သည့်အပြင် သတ်မှတ်ဇုန်များအတွင်း ဆောက်လုပ်နေသည့် ဟိုတယ် ၄၂ လုံးတွင် လုံးဝဆောက်လုပ်ခြင်းမရှိသေးသည့် ဟိုတယ်များသာ ဆက်လက်လုပ်ကိုင်ခွင့် တားမြစ်သွားမည်ဖြစ်ကြောင်း

*စာမျက်နှာ ၅ ကော်လံ ၄* ✻

## ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ခွင့်ပြုချက်မဲ့ ကျူးကျော်ဆောက်လုပ်ထားသော ဘာသာရေးအဆောက်အအုံများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

စာ - ၅

## လူ ၆၀၀ ကျော် Black List စာရင်းမှ ပယ်ဖျက်

**နေပြည်တော် သြဂုတ် ၃**

"အရင်အစိုးရလက်ထက်ကရှိခဲ့တဲ့ အမည်မည်းစာရင်း (Black List) တွင် ထည့်သွင်းခံထားရသည့် မြန်မာနိုင်ငံသား ၂၄၈ ဦး၊ နိုင်ငံခြားသား ၃၇၁ ဦးစုစုပေါင်း ၆၁၉ ဦးကို အမည်မည်းစာရင်း (Black List) မှ ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း" အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။

နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၌ ယနေ့ညနေပိုင်းတွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❒

## မြစ်ရေမြင့်တက်မှုကြောင့် ဆင်ပေါင်ဝဲ၌ ကျောင်း ၁၇ ကျောင်း ယာယီပိတ်ထား



**ဆင်ပေါင်ဝဲ သြဂုတ် ၃**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် မြစ်ကမ်းတစ်လျှောက် မြေနိမ့်ပိုင်းကျေးရွာများနှင့် မြို့ပေါ် ရပ်ကွက်များရှိ အနိမ့်ပိုင်းနေရာများတွင် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့သည်။

ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်မဖြစ်စေရန် သြဂုတ် ၂ ရက်အထိ မြို့နယ်တွင်းရှိ အခြေခံပညာကျောင်း ခြောက်ကျောင်း ယာယီပိတ်ခဲ့ရပြီး သြဂုတ် ၃ ရက်တွင် အခြေခံပညာကျောင်း ၁၁ ကျောင်းကိုထပ်မံ၍ ယာယီပိတ်ထားရသဖြင့် ယနေ့ထိ အခြေခံပညာ ကျောင်း ၁၇ ကျောင်း ယာယီပိတ်ထားရပြီး ပိတ်ထားသည့် ကျောင်းများအနက် ကျောင်းရှစ်ကျောင်းမှာ ကျောင်းဝင်းအတွင်း ရေဝင်ရောက်၍ ပိတ်ထားခြင်းဖြစ်ပြီး ကျောင်းကိုးကျောင်းမှာ ရွာရေဝင်သည့်အတွက် ပိတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက်တည်ရှိ

**နေပြည်တော် သြဂုတ် ၃**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် သုံးပေခန့်နှင့် ညောင်ဦးမြို့တွင် ငါးပေခွဲခန့် ယင်းမြို့များ၏စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ပေဝက်ခန့်စီကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင် တစ်ပေခွဲခန့်၊ မင်းဘူးမြို့တွင် သုံးပေခွဲခန့်၊ မကွေးမြို့တွင် သုံးပေခန့်၊ အောင်လံမြို့နှင့် ဇလွန်မြို့တို့တွင် နှစ်ပေခန့်စီ၊ ပြည်မြို့တွင် တစ်ပေခွဲခန့်၊ ဆိပ်သာမြို့တွင် တစ်ပေခန့်နှင့် ဟင်္သာတမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် နှစ်ပေခန့်စီ၊ ပြည်မြို့နှင့် ဆိပ်သာမြို့တို့တွင် တစ်ပေခွဲခန့်စီ၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခန့်စီ ဆက်လက်တက်လာနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနထုတ်ပြန်ချက်အရ သိရသည်။

**(မြန်မာ့အလင်း)**

